# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၇ ခုနှစ်၊ ကဆုန်လကွယ်၊ တနင်္လာနေ့။ Monday, 26 May 2025 ၁၁၈၂၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) လွိုင်မွေဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

## ကျိုင်းတုံ - လွိုင်မွေလမ်း အဆင့်မြှင့်တင်ရာ၌ လမ်းကြောင်းရေရှည်တည်တံ့ကောင်းမွန်မှုရှိစေရေး စနစ်တကျတွက်ချက်ဆောင်ရွက်

နေပြည်တော် မေ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) လွိုင်မွေဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကျိုင်းတုံ-လွိုင်မွေလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

## ယနေ့ ဖတ်စရာ


**အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် တိပိဋကပါဠိ-မြန်မာ အဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်း တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ** — စာမျက်နှာ » ၈

**သူတော်ကောင်းယောင်ဆောင်ကြသူများ** — ဆောင်းပါး စာမျက်နှာ » ၁၁

**အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်** — စာမျက်နှာ » ၁၃

**အမေရိကန်၏ အချမ်းသာဆုံး မြို့ကြီးများ ၂၅ နှစ်အတွင်း ပင်လယ်ရေအောက် ရောက်နိုင်** — နည်းပညာနှင့် သုတကဏ္ဍ စာမျက်နှာ » ၂၃

ကြေးမုံ

# ဒေသတစ်ခုချင်းစီဖွံ့ဖြိုးတိုးတက်မှ နိုင်ငံတော်တစ်ခုလုံးဖွံ့ဖြိုးတိုးတက်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့်ကဏ္ဍမှာ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဖြစ်သည်။ ပညာတတ်များ ပေါများကြွယ်ဝပြီး ကျန်းမာကြံ့ခိုင်သည့် အလုပ်လုပ်နိုင်သော လူသားအရင်းအမြစ်များပြည့်စုံမှသာ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံတော်တစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများ တိုးတက်မှုရှိစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၂၄ ရက်နေ့က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံစဉ် “ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနိုင်မည့် ပညာတတ်လူသားအရင်းအမြစ်များ ပေါများကြွယ်ဝရန်လိုပြီး ဒေသတွင်းမှ ပေါ်ထွက်လာသည့် ပညာတတ်လူသားအရင်းအမြစ်များအနေဖြင့် ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာများတွင် ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဖော်ဆောင်ပေးရမည်၊ လုပ်ဆောင်နိုင်ရမည်ဖြစ်ကြောင်း” မှာကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ချိန်တွင် တိုင်းရင်းသားဒီဂရီကောလိပ်၌ တက်ရောက်ပညာသင်ကြား အောင်မြင်ခဲ့ကြသူများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြန်လည်နေရာချထား တာဝန်ပေးနိုင်ရေးမူဝါဒကို ချမှတ်ဆောင်ရွက်ပေးခဲ့သည်။ အထူးသဖြင့် ပြည်နယ်များ၌ ပညာရေးဝန်ထမ်းများ အားနည်းချက်ရှိသဖြင့် ပညာသင်ယူခဲ့ကြသူများအား ၎င်းတို့နှင့်နီးစပ်သည့် နေရာဒေသများအလိုက် နေရာချထားဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် သင်တန်းဆင်း ဆရာ ဆရာမများအတွက် ရရှိသည့်ဘွဲ့လွန်နှင့် ဒီဂရီတို့အပေါ်မူတည်၍ ချီးမြှင့်ခြင်းများကို ဆောင်ရွက်ပေးထားသည်။

နယ်စပ်ဒေသပြည်နယ်များတွင် ကျောင်းနေရာခိုင်နှုန်းနည်းပါးပြီး တန်းစဉ်ကူးပြောင်းမှုတွင်လည်း နည်းပါးသည်ကိုတွေ့ရသည်။ ပညာသင်ယူမှု၊ တန်းစဉ်ကူးပြောင်းမှု နည်းပါးရခြင်းမှာ ဘာသာစကားအခက်အခဲ၊ မိဘများ၏ စီးပွားရေးအခက်အခဲနှင့် လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားသောဒေသများ၌ ဘေးဒုက္ခအခက်အခဲများကြောင့် အားနည်းမှုဖြစ်ရသည်ကို တွေ့ရသည်။ လက်နက်ကိုင်ပဋိပက္ခကင်းဝေးရေးအတွက်အားလုံးတွင် တာဝန်ရှိပြီး ဘာသာစကားနှင့် စီးပွားရေးအခက်အခဲများအတွက် ဒေသဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းပြီးဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်နယ်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ပေါ်စေရန်အတွက် ပညာတတ်များ ပေါများအောင် ဆောင်ရွက်ပေးရမည်ဖြစ်သလို ပညာသင်ကြားပေးသည့် ဆရာ ဆရာမများ အရည်အချင်းပြည့်ဝအောင် ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့်တိုင်ပင်၍ သက်ဆိုင်ရာပညာရပ်အလိုက် လုပ်ငန်းခွင်ဝင်နိုင်သည့် ပိုလီတက်ကနစ်နည်းပညာများ သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့သည်။ ကွန်ပျူတာနှင့် နည်းပညာများပေါင်းစပ်ထားသည့် ပိုလီတက်ကနစ်တက္ကသိုလ်များ ဖွင့်လှစ်ရေးဆောင်ရွက်ခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။ ထို့အပြင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီး အောင်မြင်မှုမရှိသူများ တက်ရောက်နိုင်မည့် ပိုလီတက်ကနစ်သိပ္ပံများ ဖွင့်လှစ်နိုင်ရန်အတွက်လည်း ဆောင်ရွက်လျက်ရှိသည်။ အဆိုပါကျောင်းတွင် ပထမနှစ်တက်ရောက်အောင်မြင်ပြီးပါက အသိအမှတ်ပြုလက်မှတ်ရရှိကာ နောက်ထပ် နှစ်နှစ်တက်ရောက်အောင်မြင်ပြီးပါက ဒီပလိုမာလက်မှတ်ရရှိပြီး ထိုမှတစ်ဆင့် ပိုလီတက်ကနစ်တက္ကသိုလ်သို့ ဆက်လက်တက်ရောက် ပညာသင်ကြားနိုင်မည်ဖြစ်သည်။

ထို့ပြင် အခြေခံပညာအလယ်တန်းအဆင့်ပြီးမြောက်သူများ တက်ရောက်နိုင်သည့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ပိုလီတက်ကနစ်နည်းပညာများကို သင်ကြားခြင်းဖြင့် ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများ မွေးထုတ်နိုင်မည်ဖြစ်သကဲ့သို့ စိုက်ပျိုးမွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တွင် ကျွမ်းကျင်သူများ ပေါ်ထွက်လာမည်ဖြစ်သည်။ ထိုသို့ ပညာတတ်များပေါများအောင် ဒေသအလိုက်ဆောင်ရွက်ပေးပြီး ပညာတတ်များစွမ်းပကားဖြင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးပြီး ဒေသတွင်း၌ အရည်အသွေးပြည့်ဝသော ထုတ်ကုန်များပေါများအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ တိုးတက်ထွက်ရှိအောင်ဆောင်ရွက်၍ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နိုင်မည်ဆိုပါက ဒေသဝင်ငွေတိုးတက်ပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် GDP သည် အရေးကြီးပြီး နိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများထက် လျော့နည်းလျက်ရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် ယခုအခြေအနေထက် ပိုမိုတိုးတက်အောင် ပေါ်ထွက်လာသည့် ပညာတတ်လူသားအရင်းအမြစ်များဖြင့် ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းဖော်ဆောင်ပေးရမည်ဖြစ်ပါကြောင်း။ ။

## အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်အဖွဲ့ (၁၃)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် မေ ၂၅**

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ ဆာဂေးရှွိုင်းဂူ၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံ မော်စကိုမြို့၌ မေ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် (၁၃) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့တက်ရောက်ရန် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီးသည် ဆက်စပ်အစည်းအဝေးဖြစ်သည့် အာဆီယံ-ရုရှား လုံခြုံရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်များ အစည်းအဝေးတွင်လည်း ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

သတင်းစဉ်

## လှူဒါန်းနိုင်ရန်နှိုးဆော်ချက်

၂၈.၃.၂၀၂၅ ရက်နေ့တွင်လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရားနှင့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံ ၁၇၈၁ ဆူနှင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ ၄၉၉၈ ခု စုစုပေါင်း ၆၇၇၉ ဆူ ထိခိုက်ပျက်စီးခဲ့ပါသည်။ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ဘုရား၊ စေတီတစ်ဆူလုံးကိုဖြစ်စေ သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် စေတီ၊ ဘုရားများပြုပြင်ရန် လှူဒါန်းလိုပါက နေပြည်တော်တွင် ဦးထွန်းမြင့်အောင် ညွှန်ကြားရေးမှူး နေပြည်တော်သာသနာရေးမှူးရုံး ဖုန်း-၀၆၇ ၃၅၅၀၁၈၃၊ ၀၉၄၂၀၇၀၁၄၆၉ နှင့် ဒေါ်နီလာအေး ဒုတိယညွှန်ကြားရေးမှူး ဖုန်း - ၀၉၄၂၀၇၁၄၇၆၀ တို့သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဦးဖြိုးဇော်ဇော် ညွှန်ကြားရေးမှူး မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး ဖုန်း- ၀၉၄၂၁၂၂၂၂၅၁ နှင့် ဒေါ်မျိုးပပကျော် လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း- ၀၉၄၂၀၇၀၀၇၉၀ တို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဦးဇော်ဦး ညွှန်ကြားရေးမှူး ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၉၂၀၃၈၅၆၃ နှင့် ဒေါက်တာဝတ်ရည်ဝင်းသန့် ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၉၅၁၉၄၀၈၂ တို့သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဦးလှမင်းနိုင် လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း- ၀၉၄၀၂၆၁၀၀၃၄၊ ၀၉၆၆၄၆၉၀၆၇၅ နှင့် ဦးဖြိုးနောင် လက်ထောက်ညွှန်ကြားရေးမှူး စစ်ကိုင်းတိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၉၄၂၀၇၂၆၄၉၀၊ ၀၉၇၈၈၉၁၁၂၁၁ တို့သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဦးစိုးမိုးကျော် ညွှန်ကြားရေးမှူး ပဲခူးတိုင်းဒေသကြီး သာသနာရေးမှူးရုံး ဖုန်း-၀၉ ၂၅၉၂၀၉၄၄၈ နှင့် ဦးထွန်းထွန်းလွင် ဒုတိယညွှန်ကြားရေးမှူး ဖုန်း- ၀၉၄၃၀၁၉၁၆၈ တို့သို့လည်းကောင်း၊ ရှမ်းပြည်နယ်တွင် ဦးသိန်းဌေး ညွှန်ကြားရေးမှူး ရှမ်းပြည်နယ်သာသနာရေးမှူးရုံး ဖုန်း- ၀၉၄၂၀၇၃၀၈၃၉ နှင့် ဒေါ်ခက်ခက်လှ ဒုတိယညွှန်ကြားရေးမှူး ဖုန်း - ၀၉၄၃၀၄၁၃၀၇ တို့သို့လည်းကောင်း ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၂၅**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့၌ မေ ၂၇ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။

မိုး/ဇလ

## ၂၅ - ၅ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၇၆၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆောက်လုပ်ရေး ဝန်ကြီးဌာန လမ်းဦးစီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျိုင်းတုံ-လွိုင်မွေလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းသို့ ရောက်ရှိကြသည်။ ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း လွိုင်မွေဒေသသို့ရောက်ရှိစဉ် ခရီးစဉ်လမ်းညွှန်ချက်များအား လိုက်နာ ဆောင်ရွက်ပြီးစီးမှု၊ ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းလုပ်ငန်း လျာထားမှုတို့နှင့် ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျိုင်းတုံဒေသနှင့် လွိုင်မွေဒေသတို့တွင် ရေလုံလောက်စွာရရှိရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ ရေဝေရေလဲ ဇရိယာများအတွင်းရှိ သစ်တောသစ်ပင်များအား ခုတ်ထွင်ခြင်းမပြုဘဲ စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ တောင်ယာခုတ်ထွင်ခြင်းသည်လည်း သစ်တောသစ်ပင်များကို ဆုံးရှုံးစေနိုင်သည့်အတွက် ကုန်းမြင့်လယ်ယာ စနစ်ကို ဖော်ဆောင်ပေးရန် လိုကြောင်း၊ စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ပညာရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် **စာမျက်နှာ ၄ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ လွိုင်မွေတောင်စခန်းမြို့ရှိ စတုရဋ္ဌသုမင်္ဂလစေတီတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ တောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တဝေပုလ္လအား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လွိုင်မွေကန်၌ လွိုင်မွေဒေသရေရရှိရေးအတွက် ဆိုလာရေတင်စနစ်ဖြင့် ဆောင်ရွက်ထားရှိမှုနှင့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျိုင်းတုံ – လွိုင်မွေလမ်း အဆင့်မြှင့်တင်ရာ၌ လမ်းကြောင်း ရေရှည်တည်တံ့ကောင်းမွန်မှုရှိစေရေး စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွိုင်မွေကန်သို့ရောက်ရှိကြပြီး လွိုင်မွေဒေသရေရရှိရေးအတွက် ဆိုလာရေတင်စနစ်ဖြင့် ဆောင်ရွက်ထားရှိမှုနှင့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လွိုင်မွေမြို့ (၁၀၇)နှစ် သက်တမ်းရှိ တိုက်နယ်ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အအုံများအား ပြန်လည်ပြုပြင်ရေး လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များလမ်းညွှန်မှာကြား

နေပြည်တော် မေ ၂၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံများတွင် မန္တလေးငလျင်ကြီးဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှုများကို ပြန်လည်ပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အမှတ်(၁)ဂိတ်အဝင်ကြိုးတံတားနှင့် မုခ်ဦး၊ ပြည်ထောင်စုလွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်အဆောက်အအုံ၊ ဇမ္ဗူသီရိခန်းမဆောင်နှင့် အမျိုးသားလွှတ်တော်အဆောက်အအုံတို့ ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးတီခွန်မြတ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အအုံများအား ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အအုံများအား စနစ်တကျဖြင့် ဖြစ်နိုင်သမျှအမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်သွားရန်နှင့် ပြင်ဆင်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေရှည်ခိုင်ခံ့တည်တံ့စေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေးအတွက် နည်းပညာကျွမ်းကျင်သူများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အအုံများကို စနစ်တကျဖြင့် ဖြစ်နိုင်သမျှအမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်သွားရန်နှင့် ပြင်ဆင်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်သွားရန် လိုကြောင်း၊ ရေရှည်ခိုင်ခံ့တည်တံ့စေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေးအတွက် နည်းပညာကျွမ်းကျင်သူများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်နှင့် အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား အသုံးပြုသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ စာမျက်နှာ ၃ မှ

လှိုင်မြေမြို့ ၁၀၇ နှစ် သက်တမ်းရှိ တိုက်နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ ဆေးရုံအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သမိုင်းဝင် နှစ် ၁၀၀ စံအိမ်သို့ရောက်ရှိကြပြီး စံအိမ်အတွင်း ခင်းကျင်းပြသထားသည့် လှိုင်မြေမြို့သမိုင်းနှင့်အထင်ကရနေရာများ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။ ထို့နောက် စံအိမ်ကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စံအိမ်အတွင်းရှိ အသုံးအဆောင်ပစ္စည်းများအား ပြုပြင်ထိန်းသိမ်းရာတွင် မူလလက်ရာမပျက်ပြန်လည်ပြင်ဆင်သွားရန် လိုကြောင်း၊ လိုအပ်သည့် အိမ်အသုံးအဆောင် ပရိဘောဂများကိုလည်း မူလလက်ရာများအတိုင်း ပြုလုပ်၍ ထည့်သွင်းခင်းကျင်းထားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**ဖူးမြော်ကြည်ညို**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် လှိုင်မြေတောင်စခန်းမြို့ရှိ စတုရဋ္ဌ သုမင်္ဂလစေတီတော်သို့ ရောက်ရှိကြပြီး စေတီတော်မြတ်အား ဖူးမြော်ကြည်ညိုကာပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် စေတီတော်ဓမ္မာရုံတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် တောင်တန်းသာသနာပြု ဆရာတော် ဘဒ္ဒန္တဝေပုလ္လ အားဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အဖွဲ့ဝင်များနှင့်အတူ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကာ စေတီတော်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည်များနှင့်ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## ပြည်ထောင်စုနိုင်ငံတော်ဖြစ်သဖြင့် နိုင်ငံတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီရင်းအစ်ကို မောင်နှမများအားလုံးအနေဖြင့် စည်းစည်းလုံးလုံးဖြင့် နိုင်ငံ့အကျိုးကို ဖော်ဆောင်သွားနိုင်ရန် လိုအပ်

**နေပြည်တော် မေ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ဗြိုဟ်ဒေသတိုင်းစစ်ဌာနချုပ် ရွှေဗြိုဟ်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးဆန်လူ၊ ဦးကြည်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက်တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိတ်ဆွေဟောင်းများနှင့် ပြန်လည်တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံတော်တစ်ခုဖြစ်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုစနစ်ကို လျှောက်လှမ်းနေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီရင်းအစ်ကို မောင်နှမများအားလုံးအနေဖြင့် စည်းစည်းလုံးလုံးဖြင့် နိုင်ငံ့အကျိုးကို ဖော်ဆောင်သွားနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၆ သို့ ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် ဦးဆန်လူတို့အား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

- ဦးစားပေးအနေဖြင့် အရေးကြီးသည့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ဆက်လက်ဆောင်ရွက်သွားရမည်
- ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များ ပေါကြွယ်ဝရေးသည် မဖြစ်မနေလုပ်ဆောင်ရမည့် အချက်တစ်ချက်ဖြစ်

★ စာမျက်နှာ ၅ မှ

မိမိတို့အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ဖြစ်ပေါ်စေရေးအတွက် ကောင်းမွန်စေလိုသည့်စိတ်ဖြင့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **ဦးစားပေးအနေဖြင့် အရေးကြီးသည့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ **ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာတတ် လူသားအရင်းအမြစ်များ ပေါကြွယ်ဝရေးသည် မဖြစ်မနေ လုပ်ဆောင်ရမည့် အချက်တစ်ချက်ဖြစ်**ကြောင်း၊ ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်စေရေး အခြေခံပညာသင်ကျောင်းများကို ဖွင့်လှစ်ပေးသွားရန်လိုကြောင်း၊ မိမိတို့သည် ပြည်ထောင်စု နိုင်ငံတော်ဖြစ်သဖြင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ရုံးသုံးဘာသာစကားနှင့် စာပေကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တတ်မြောက်ထားရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးကဏ္ဍတွင်လည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည်ထောင်စုစနစ် ပညာရေးကို သင်ကြားရမည်ဖြစ်ကြောင်း၊ အခြေခံပညာအဆင့် တက်ရောက်အောင်မြင်ပြီးချိန်တွင် ပြည်တွင်းရှိ တက္ကသိုလ်များသို့ တက်ရောက်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

ဒေသတွင်းစိုက်ပျိုးဖြစ်ထွန်းသည့် ရော်ဘာကိုအခြေခံသော စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုပြီး အဆင့်မြင့်ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အလားတူ ဒေသတွင်း အသားငါးများ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ကြစေလိုပြီး နိုင်ငံတော်ကလည်း လိုအပ်သည်များကို ထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍လည်း နိုင်ငံတော်က ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အလားတူ ကျန်းမာရေးနှင့် ပတ်သက်၍လည်း ကျေးလက်ဒေသများအဆင့်အထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ က တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆွေးနွေးတင်ပြရာတွင် ယခုကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အကြီးအကဲများအား တွေ့ဆုံခွင့်ရသည့်အတွက် မိမိတို့အနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ဥက္ကဋ္ဌဟောင်းကြီး ကွယ်လွန်ဆုံးပါးခဲ့ချိန်တွင်လည်း နိုင်ငံတော်နှင့် ပြည်သူများက ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့သည့်အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မကြာသေးမီကဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ချိန်တွင် နိုင်ငံတော်နှင့် ပြည်သူလူထုတို့၏ ထိခိုက်ဆုံးရှုံးခဲ့ရမှုများအတွက်လည်း မိမိတို့အနေဖြင့် ထပ်တူဝမ်းနည်းမိပါကြောင်း၊ မိမိတို့အနေဖြင့် အထူးဒေသ(၄)အတွင်းရှိ လုပ်ငန်းရှင်များနှင့် ပြည်သူများပူးပေါင်း၍ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ကူညီဆောင်ရွက်ပေးနိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ **မိမိတို့ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)၏ သဘောထားခံယူချက်အနေဖြင့် နှစ် ၃၀ ကျော် ကျင့်သုံးလာခဲ့သည့်အတိုင်း နိုင်ငံတော်က ချမှတ်ထားသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး စသည့်တို့တာဝန်အရေးသုံးပါးအတွက် အဓိကထားဆောင်ရွက်လျက်ရှိ**ကြောင်း၊ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ပိုမိုမြန်ဆန်ချောမွေ့စေရေးအတွက်လည်း ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ မိမိတို့ဒေသအတွင်း ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတော်အနေဖြင့် ဆက်လက်ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့ဒေသအတွင်း မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းနှင့် မည်သည့်နိုင်ငံရေးအဖွဲ့အစည်းကိုမျှ လက်ခံထားခြင်းမရှိကြောင်း၊ **မိမိတို့အနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းရေး လုပ်ငန်းရပ်များအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်**ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် မိမိတို့ဒေသအတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားဆောင်ရွက်ပေးစေလိုပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် ဦးဆန်လူတို့ကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ NDAA(မိုင်းလား)အဖွဲ့မှ ဒေသထွက် လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် တက်ရောက်လာကြသူများက အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီအဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ် အဖွဲ့ NDAA(မိုင်းလား)မှ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေး ကော်မတီအဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြပြီး နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ သမ္မတဟောင်းနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ဟောင်းဖြစ်သူ H.E. Mr. Tran Duc Luong ကွယ်လွန်သွားခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး

ရန်ကုန် မေ ၂၅

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ သမ္မတဟောင်းနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ဟောင်းဖြစ်သူ H.E. Mr. Tran Duc Luong သည် ၂၀၂၅ ခုနှစ် မေ ၂၀ ရက်တွင် ကွယ်လွန်သွားခဲ့ခြင်းအတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သီရိမင်္ဂလာလမ်း လမ်းသွယ်(၁) အမှတ်၄၀(အေ)ရှိ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အစိုးရကိုယ်စား ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဗီယက်နမ်နိုင်ငံသံရုံးသို့ သွားရောက်လက်မှတ်ရေးထိုးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်သည် ဗီယက်နမ်နိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမတွင် ခင်မင်ရင်းနှီးစွာ တွေ့ဆုံ၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတဟောင်းနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ဟောင်း ကွယ်လွန်ခဲ့ခြင်းအပေါ် ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

H.E. Mr. Tran Duc Luong သည် ဗီယက်နမ်နိုင်ငံ၏ သမ္မတအဖြစ် ၁၉၉၇ ခုနှစ် စက်တင်ဘာလမှ ၂၀၀၆ ခုနှစ် ဇွန်လအထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက်(၈၈)နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



❊ ကျောဖုံးမှ

ထိုသို့ BRIGHTER ENERGY ဆီလှောင်ဆိပ်ကမ်းသို့ ရောက်ရှိလာသည့် အောက်တိန်း(92) ၂၉၄၀ ဒသမ ၀၅၅ တန်၊ ဒီဇယ် ၁၁၉၃၀ ဒသမ ၅၀၅ တန်တို့ကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Ouyang Daobing က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများထံ ၎င်းဆိပ်ကမ်း၌ လွှဲပြောင်းပေးပြီး အဆိုပါ ရောက်ရှိလာသည့် အောက်တိန်းနှင့် ဒီဇယ်များကို ငလျင်ဘေးသင့်ဒေသများသို့ စွမ်းအင်ဝန်ကြီးဌာနမှ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်သည်။

ဆက်လက်၍ သီလဝါ(MITT)ဆိပ်ကမ်းသို့ ရောက်ရှိလာသည့် Modular (prefabricated) house အလုံး ၁၁၂၀၊ Offices အလုံး ၁၆၀ တို့ကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Ouyang Daobing က ရန်ကုန်တိုင်းဒေသကြီး ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများထံ ၎င်းဆိပ်ကမ်း၌ လွှဲပြောင်းပေးပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာ့မီးရထားဖြင့် သယ်ယူပို့ဆောင်နိုင်ရေး ကုန်တင်ကားပေါ်မှ ရထားတွဲပေါ်သို့ ကရိန်းဖြင့် တင်ဆောင်နေသည့် အခြေအနေများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲပြန်လည်ဖြေဆိုမည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများကို သွားရောက်တွေ့ဆုံအားပေးစကားပြောကြား

**နေပြည်တော် မေ ၂၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည်နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာဇော်မြင့် နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိ မြို့နယ်ရှိ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၊ ဇေယျာသီရိ မြို့နယ်ရှိ ကျောက်ချက်အထက် တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ် (၁၄) အခြေခံပညာအထက် တန်းကျောင်းများသို့ သွားရောက် ၍ အဆိုပါကျောင်းများတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ ပြန်လည်ဖြေဆိုရန် စခန်းသွင်း လေ့ကျင့်သင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေးစကား ပြောကြား သည်။

ထိုသို့ တွေ့ဆုံရာတွင် ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် တာဝန်ရှိသူ များသည် ကျောင်းသား ကျောင်းသူ များ၏ သင်ခန်းစာများ ပြန်လည် လေ့ကျင့် ကျက်မှတ်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ က ကျောင်းသား ကျောင်းသူများ အတွက် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ကျောင်းသား ကျောင်းသူများ အနေဖြင့် စာမေးပွဲ အောင်မြင်စွာ



ဖြေဆိုနိုင်ရေး ကြိုးစားကျက်မှတ် ကြရန်နှင့် ကျောင်းသား ကျောင်းသူ များ စိတ်အေးချမ်းသာစွာ စာသင် ကြားနိုင်ရေးအတွက် နေထိုင် စားသောက်ရေးကိစ္စရပ်များ အဆင် ပြေစေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း ဒေသကြီး စစ်ကိုင်းမြို့ ရွာသစ်ကြီး ကျေးရွာရှိ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။



**ဖြည့်ဆည်းပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီး သည် တက္ကသိုလ် အစည်းအဝေး ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများနှင့် တွေ့ဆုံရာ ပါမောက္ခချုပ်က တက္ကသိုလ်၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ စိုက်ပျိုးမွေးမြူရေး၊ ရေ၊ မီးရရှိမှု အခြေအနေများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ခွင့်ပြု ငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြု ငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက် ပျက်စီးမှုများနှင့် ပြင်ဆင် ဆောင်ရွက်မည့်အခြေအနေဆိုင်ရာ တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ကျောင်းဝင်းအတွင်း ရှိ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ စားရိပ်သာများ၊ သက်သာချောင်ချိရေး အရောင်း ဆိုင်၊ မွေးမြူရေး အစာစပ်စက်ရုံ၊ ခေတ်မီ အားကစားကွင်းနှင့် အားကစားရုံ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများ၊ ဝန်ထမ်း မိသားစုများနှင့် ကျောင်းသား ကျောင်းသူများ သက်သာချောင်ချိရေးအတွက် ဥစားကြက်၊ အသားစားကြက်၊ ငါးခူမွေးမြူရေး ဆောင်ရွက် ထားရှိမှု အခြေအနေများနှင့် ရာသီ သီးနှံ စိုက်ပျိုးရေး ဆောင်ရွက် ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ

**ကျိုင်းတုံ မေ ၂၅**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင် သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် ရန်အတွက် ယနေ့ညနေ ၃ နာရီက ကျိုင်းတုံမြို့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ ခေမရဋ္ဌရိပ်သာ၌ ဌာနဆိုင်ရာ များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီး ချုပ်က နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်တွင် ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရမည်ဖြစ် ကြောင်း၊ ရှမ်းပြည်နယ်တွင် အခွင့်အရေးကောင်းများရှိပြီး ထိရောက်စွာ အသုံးချတတ်ရန်လို ကြောင်း၊ ကျန်းမာရေး၊ ပညာရေး နှင့် လမ်းကိစ္စရပ်များတွင်လည်း ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက် ပေးစေလိုကြောင်း၊ မွေးမြူရေးဇုန် ကဏ္ဍကိုလည်း ကျိုင်းတုံဒေသနှင့် တာချီလိတ်မြို့များတွင် အကောင် အထည်ဖော် ဆောင်ရွက်စေလိုပါ ကြောင်း၊ ပညာရေးကဏ္ဍတွင် အားနည်းချက်များ ရှိနေသေးပါ ကြောင်း၊ ယခုကာလသည် ကျောင်းအပ်နှံရေးကာလဖြစ်၍ ကျောင်းနေအရွယ် ကလေးငယ် များ ကျောင်းနေနိုင်ရေးအတွက် ဆောင်ရွက်ပေးကြရန် လိုအပ်ပါ ကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပေးရ မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း များဖြင့် ဝင်ငွေတိုးပွားရရှိအောင်



ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာ ကြသည့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးနှင့် သက်ဆိုင်ရာဌာန များက ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြ ပြီး အထွေထွေဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က အစိုးရ အဖွဲ့က ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော် မှ ဆောင်ရွက်ပေးရမည့် ကိစ္စရပ် များဆိုပါက တင်ပြပေးသွားမည် ဖြစ်ကြောင်း၊ လုပ်ငန်းများကိုလည်း ဦးစားပေးအလိုက် ဆောင်ရွက် ပေးကြရန် ဖြည့်စွက် ဆွေးနွေးပြီး နိဂုံးချုပ်စကား ပြောကြားခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် မေ ၂၅**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း နှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက် တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ် ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီး ကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရရှိတော်မူသော မြစ်ကြီးနားမြို့ ခေမာသီဝံပရိယတ္တိကျောင်းတိုက် နာယကဆရာတော်၏ ဂုဏာဝိသိဋ္ဌပူဇာမဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ တက်ရောက်

မြစ်ကြီးနား မေ ၂၅

နိုင်ငံတော်က ဆက်ကပ်ချီးမြှင့်ခဲ့သည့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခေမာသီဝံပရိယတ္တိကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တ စန္ဒာဝရာဘိဝံသ၏ ဂုဏာဝိသိဋ္ဌပူဇာ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ ခေမာသီဝံကျောင်းတိုက် နာယက ဆရာတော် ဘဒ္ဒန္တ စန္ဒာဝရာဘိဝံသ မဟာထေရ်မြတ်နှင့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဒါယကာ၊ ဒါယိကာမများ၊ ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဆရာတော်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်အေးအေးမော်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဒါယကာ၊ ဒါယိကာမများ၊ ဧည့်ပရိသတ်များက ငါးပါးသီလခံယူကြပြီး ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်ကာ လူမှုရေးရာဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့လက်မှတ်၊ ဘွဲ့တံဆိပ်အဆောင်အယောင်များနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကြွရောက်လာသော ဆရာတော်၊ သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်နှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီး ဂုဏာပူဇာ မဟာမင်္ဂလာအခမ်းအနားဖြစ်မြောက်ရေး အလှူတော်ငွေများကိုပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က အလှူငွေကျပ် သိန်း ၃၀၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး မိသားစုက အလှူငွေကျပ် ၁၀ သိန်းနှင့် အလှူရှင်များက အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။




ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့နယ် နန်ကျင်ကျေးရွာအုပ်စုအတွင်းရှိ ကရုဏာလက် လူငယ်ပြုစုပျိုးထောင်ရေး အသင်းအဖွဲ့ရုံးသို့ သွားရောက်၍ စခန်းတာဝန်ခံများနှင့် လူငယ်များကို အားပေးအမှာ စကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အသင်းရုံးရှိ တာဝန်ခံများနှင့် လူငယ်များအတွက် ရိုးရာပလိုင်းလက်ဆောင်နှင့် ငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ရိုးရာပလိုင်းလက်ဆောင်နှင့် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်ကြရာ တာဝန်ခံ ဦးတန်ရော်က ကျေးဇူးတင်စကားပြောကြားပြီး လူငယ်များက ခွန်အားပြု ဓမ္မတေးသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် တိပိဋကပါဠိ-မြန်မာ အဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်း တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၂၅

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်က ဆောင်ရွက်လျက်ရှိသည့် တိပိဋကပါဠိ-မြန်မာ အဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်း တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် Seminar Hall ၌ ကျင်းပသည်။



**ရှင်းလင်းတင်ပြ**

အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒက အဖွင့်ဩဝါဒကထာ မိန့်ကြားတော်မူပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ် (စီမံ) ဦးဇော်ဇော်ဦးက တိပိဋကပါဠိ-မြန်မာ အဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း လုပ်ငန်းတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြ လျှောက်ထားပြီး အစည်းအဝေး တက်ရောက်လာကြသည့် ဒုတိယ ပါမောက္ခချုပ် (သင်ကြား)ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ နေဘိဉာဏနှင့် ဌာနကြီးမှူး၊ ပါမောက္ခဆရာတော်များက ညှိနှိုင်းဆွေးနွေးကြသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ ဖြည့်စွက်ဆွေးနွေး လျှောက်ထား၍ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဆေကိန္ဒက နိဂုံးချုပ်ဩဝါဒကထာ မိန့်ကြားတော်မူပြီး အစည်းအဝေး အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီမှ သင်ကြားဆရာတော်၊ သီလရှင်များအား နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် AYAR HINTHAR CONSTRUCTION CO., LTD က ဆောက်လုပ် လှူဒါန်းသည့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင် (၂၀၄ ပေ x ၁၅၄ ပေ) (BASEMENT + 4 STORIES RCC BUILDING) တည်ဆောက်လျက် ရှိသည့် လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံများ ဆောက်လုပ်ရာတွင် ငလျင်ရစ်(ချ်)တာစကေး (၈.၀) အထိ ခံနိုင်ရည်ရှိအောင် ဆောက်လုပ်သွားရန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော SOP (Standard Operating Procedure) စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ဆောက်လုပ်ကြရန် မှာကြားကာ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်လျက်ရှိသည့် အခြေအနေများနှင့် Mother Construction Co., Ltd. က တာဝန်ယူဆောက်လုပ်ပြီးစီးခဲ့သည့် သင်တန်းသားအိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်ကအာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကထက်အပြင်းဖျားရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များအား လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေး နှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့လုံးဝ(လုံးဝ) ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်းပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊ (ဈ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိ ဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ကဆုန်လ စာအလင်္ကာများ

မောင်လူမွေး (မြန်မာမှု)

မြန်မာ့ ၁၂ လရာသီဘွဲ့ စာအလင်္ကာများကို ရေးစပ်ကြသည့် စာဆိုတော်များ ခေတ်အဆက်ဆက်တွင် ပေါ်ပေါက်ခဲ့ကြပါသည်။ အထူးသဖြင့် ကုန်းဘောင်ခေတ်တစ်လျှောက် ရေးစပ်ခဲ့ကြသည်ကိုတွေ့ရပါသည်။ ဖိုးသူတော်ဦးမင်း၊ လှူဦးမင်း၊ မဟာအတုလမင်းကြီး၊ ဆီသည်ရွာစား ဦးအောင်ကြီး၊ မယ်ခွေ၊ ဦးကြင်ဥ၊ ဦးကြော့၊ ဦးယာ၊ ဦးပုည၊ ကင်းဝန်မင်းကြီး စသည်ဖြင့် စာဆိုအသီးသီးတို့သည် သူ့နည်းသူ့ဟန်နှင့် ဥတုသုံးလီ လရာသီ ၁၂ ခုကို ရှုထောင့်တွေးထောင့်များနှင့် အသီးသီးရှုမြင်ခဲ့ကြသည်မျိုးရှိပါသည်။

တချို့ရာသီဖွဲ့စာပေများသည် ပြောင်မြောက်ကောင်းမွန်သော်လည်း စာဆိုသူမထင်ရှားဘဲ ခေတ်အဆက်ဆက် တည်တံ့လာသည်ကိုလည်း တွေ့ရပါသည်။ ဤ၌ ပထမဆုံးတင်ပြမည့် ပေါ့ပေါ့ပါးပါး ကဆုန်လစာအလင်္ကာကို ဦးစွာတင်ပြပါမည်။

"ခွန်းထောက်သဖြန်" –

ကဆုန်လ ကြုံရပါတဲ့မြတ်ပွဲတော်၊
သွန်းညောင်ရေ စုကာပေါင်းတယ် လောင်းကြပျော်ပျော်။
မြတ်ဗုဒ္ဓေါ် ရည်မြော်လို့ အေးစေကြောင်း၊
ဗောဓိပင် ပလ္လင်နန်းကို ဖျန်းလို့ ဆုတောင်း.....။
အပူဝေးလို့ အေးကြပါစေကြောင်း ..... ။

ဖော်ပြပါ ခွန်းထောက်မှာ ဇာတ်ပွဲတွင် မင်းသားမင်းသမီးမထွက်မီ လူရွှင်တော်များက ဤနေ့ညကပြအသုံးတော်ခံကြမည့် မင်းသမီး၊ မင်းသား၊ ဇာတ်စီး၊ ဇာတ်နင်း၊ ရှေ့ပိုင်း၊ နောက်ပိုင်းများကို နိဒါန်းအနေဖြင့် ပြည်ဖုံးကတ္တီပါကားကြီးရှေ့သို့ ပြောရန်ထွက်လာကြသောအခါ လူရွှင်တော်တစ်ဦးစီက တစ်ပိုဒ်စီဆိုကြရသော ခွန်းထောက် လေးဆက်သဖြန် အမျိုးအစားဖြစ်ပေသည်။

ခွန်းထောက်သဖြန် ဆိုသောအခါ အသံကိုဖြန့်၍ ဆိုရလေသည်။ ဒွေးချိုးလေးဆက် ကဗျာအမျိုးအစားဖြစ်သည်။ သီချင်းကြီးကဏ္ဍနှင့် ဆက်စပ်ပါက ပတ်ပျိုးဆုံးသည့်အခါတွင် ဆက်ဆိုရသော စာကဗျာများဖြစ်သည်။ ဇာတ်ထွက်ရာတွင်မူ ပဏာမဆိုရသော အကြောင်းအရာဖြစ်သည်။ အချို့ကလည်း တောခရီးလမ်းတွင် စခန်းခွန်းထောက်ရပ်နားရာတွင် ဆိုရန်ဖွဲ့ဆိုထားသောကြောင့် ခွန်းထောက်ကဗျာဟုလည်း မှတ်ယူကြပေသည်။

ဤခွန်းထောက်မှာ အလွန်အသိခက်သော ဝေါဟာရအသုံးအနှုန်းမပါဘဲ အများသူငှာသိနိုင်သော အကြောင်းခြင်းရာဖြစ်သည်။ ပေါ့ပေါ့ပါးပါးဆိုနိုင်သည့် ကဆုန်လဘွဲ့ စာအလင်္ကာဖြစ်ပေသည်။

အပိုင်းလေးပိုင်း လေးချိုးရှိသဖြင့် လေးဆပ်သဖြန်၊ လေးဆပ်ခွန်းထောက်သဖြန်ဟု ခေါ်ရပေမည်။ လေးချိုးကြီး မဟာလေးချိုးကြီး စသည်ကဲ့သို့ အတွန့်အတက်မရှိ သာမန်ရေးစပ်သုံးထားသည့် ကဆုန်လဘွဲ့ ဖြစ်သည်။ စာဆိုအမည်မှာ မထင်ရှားပေ။ ကဗျာရေးချင် စာစပ်သင်ဆိုသောသူများ ရေးဖွဲ့နိုင်သော စာပေဖြစ်ပေသည်။ အောက်ပါ လေးချိုးသဖြန်မှာ စာဆိုတော် ဖိုးသူတော်ဦးမင်း၏ လေးချိုးသဖြန်ဖြစ်ပါသည်။

စံကားဝါ ငုံသင်းလို့ ကြယ်မင်းတည့်(တဲ့) ဝိသာခါ၊
တိမ်ဖွေ့မှာ ရောင်ခြည်ရွှန်း ထွန်းတဲ့ချိန်ခါ၊
စုံကန္တာ ဟေမာမြိုင်ထဲ၊
ရွှေကျေးပျံသင်လို့ စံပျော်ရှင် သည်ဟိုကူးလို့ငယ်...
မြူးကြစမြဲ....။

ဤစာအလင်္ကာမှာ ဖိုးသူတော်ဦးမင်း၏ စာကဗျာဖြစ်သည်။ ဖိုးသူတော်ဦးမင်း (၁၁၆၀ခန့်–၁၂၁၀ခန့်) မှာ ကုန်းဘောင်ခေတ် ဘကြီးတော်ဘုရားလက်ထက် ဦးလမ်း၊ ဦးဇ၊ ဦးနု၊ ဦးမင်း စသည့် စာဆိုများကဲ့သို့ ထင်ရှားခဲ့သော စာဆိုဖြစ်သည်။ ဦးမင်းစာဆို နှစ်ဦးရှိခဲ့သည်။ ကွဲပြားရန် ဖိုးသူတော်ဦးမင်း၊ လှူဦးမင်းဟု ခေါ်ဝေါ်ခဲ့ကြသည်။ ဖိုးသူတော်ဦးမင်းဟု ခေါ်ခြင်းမှာလည်း ငယ်စဉ်က အိန္ဒြေဘာသဒဇေဘွဲ့နှင့် ကိုရင်ကြီးအနေနဲ့ နေခဲ့ဖူးသည်။ နောင်လူထွက်၍ နန်းမတော်မိဖုရားကြီးဖြစ်သူ မယ်နုထံတွင် ခစားစာဆိုရကြောင်း သိရပေသည်။ သဖြန်လေးဆပ် ၁၂ ပုဒ်၊ ၁၂ ရာသီ လွမ်းချင်း၊ နွေဘွဲ့၊ မိုးဘွဲ့၊ ဆောင်းနွေမိုး လေးချိုးကြီးများကိုစပ်၍ ရတု ဒုံးချင်းများလည်း ရေးသားခဲ့သည်။ ဤလေးဆပ်သဖြန်သည်လည်းပဲ အထက်ဖော်ပြပါ စာအလင်္ကာကဲ့သို့ လွယ်လွယ်ကူကူ ပေါ့ပေါ့ပါးပါး ပင်အရွှတ်ဆိုအသိလွယ်ပေသည့် စာဖြစ်ပါသည်။

> စာဆိုမယ်ခွေ၏ အဲချင်းထူးခြားချက်မှာ ဝေဒပညာနှင့်ကြည့်ပါက ရာသီစက်၊ တိတ်စွဲဒေသ၊ ဂြိုဟ်နက္ခတ်တာရာ၊ ရာသီပန်း၊ ပတ်ဝန်းကျင်မြင်ကွင်း၊ ရာသီပွဲ စသည်တို့ကို ချိတ်ဆက်မှုကောင်းကောင်းဖြင့် ပေါ်လွင်အောင်ရေးသားထားလေသည်။ နက္ခတ်ဗေဒင် ကျွမ်းကျင်သူများအနေနှင့် ကြည့်ပါက အလွန်ပညာရပ်ဆန်သော ကောင်းမွန်တန်ဖိုးရှိသော စာပေအမျိုးအစားဖြစ်ပေသည်။ ဝေဒပညာရပ်နှင့် တိုင်းနိုင်ငံ တိတ်စွဲများကို မူကွဲတွေ့ပါက မယ်ခွေ၏ အဲချင်းပါ တိတ်စွဲနှင့် ညီရပါသည်။ ထိုအနေထားမျိုးကို ရေးသားထားသော အဆင့်မြင့် ရာသီဘွဲ့အမျိုးအစားဖြစ်

"တေးထပ်" –

ပရမေ ဘဂဝါအမြတ် ဇလာကပ်သွန်းလှူ နံ့သာ
ခတ်မွှန်ကြူ ကျွန်းဇမ္ဗူခြိမ့်သဲ...
ပုညာဘိညွှန်းပြောင်ဝေသည် သွန်းညောင်ရေ
ပြုသည့်ခါပွဲ...
မြန်မာတို့စဉ်အလာနွယ် မင်္ဂလာခြယ်တင့်ဆဲ
သဘင်မဟာ အယဉ်နွဲ့ပါလို့ ရွှင်စမြဲကြည်ပေရာ...
ရပ်ပေါင်းစုံ တစ်အိမ်မလပ် အချိန်မြတ်ကောင်းမှု
ပူဇော် ဝတ်ံနတ် အဇတာကျော်အောင်..
ဇလာအဖျော်အမွှေးရေ ကရမက်ကယ်နှင့် ပရမေ
ဓမ္မစက် စေတီယင် သွန်းပြုရေစင်...
ဥဒ္ဒိဿနှင့် မာတုဓမ္မအရှင်ကို သာဓုနရသဘင်
အောင်ပွဲတော်မို့လေး.....။ ။

ဤကဗျာမှာ တေးထပ်အမျိုးအစားဖြစ်သည်။ ထပ်တွန့်တေးထပ်ဖြစ်သည်။ တေးထပ်များမှာ သာမညတေးထပ်၊ တေးထပ်ဆန်း၊ တေးထပ် ပိုဒ်စုံ၊ ၈၀–ပေါ်တေးထပ် စသည်ဖြင့် ကွဲပြားမှုအမျိုးမျိုး ရှိပေသည်။

တကယ့်ပွဲကြီးလမ်းကြီးများဖြင့် သဘင်ခံရသောအခါ ၈၀–ပေါ်တေးထပ် ထပ်တွန့်ကြီးတေးထပ်များဖြင့် သီဆိုတီးမှုတ်ကြသည်က များပါသည်။ ၈၀–ပေါ်တေးထပ်ဆိုသည်မှာ ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၈၀ ပြည့်နှစ်ကစ၍ ပေါ်ပေါက်လာသောကြောင့် ၈၀–ပေါ်တေးထပ်ဟု ခေါ်ကြောင်း ရှေးကဗျာဆရာများက ဆိုမိန့်ကြလေသည်။ ၈၀ပေါ် အရေးကောင်းသူများ၏ စာအလင်္ကာများကို ဂီတနှင့်တွဲဖက်၍ သီဆိုပါက အလွန်သာယာနာပျော်ဖွယ် ရသပေါ်လွင် ခံစားရပေသည်။

"၈လုံးဘွဲ့ကဗျာ" –

❖ အလောင်းတော်ကြီး ပျော်မှီနတ်ပြေ၊ ဖြဟ္မနတ်ပေါင်း ပန်တောင်ထွေထွေ၊ သန္ဓေမီးလို့ ရိပ်ထီးလူ့ပြေ၊ ဖွားမြင်မူ ရတုကဆုန်နွေ။
❖ ဖွားတော်မူက လူမျှော့ညွတ်ရုံ၊ ကပ္ပိလနန်း စံမြန်းသုံးဘုံ၊ တောထွက်စခန်း မြိုင်နန်းရဂုံ၊ ဘုရားဖြစ် အားသစ် လ, ကဆုန်။
❖ ၄၅–မြောက် သက်ရောက်ရှစ်ဆယ်၊ မလ္လာအင်ကြင်း ပင်မင်းအလယ်၊ ဝမ်းတော်လားလို့ ရွှေအားတော်ငယ်၊ နိဗ္ဗာန်နန်း စံမြန်းကဆုန် ဝယ်။
❖ ရှင်တော်ရုပ်ကလာပ် တုပ်ဝပ်လုံးစုံ၊ နံ့သာရိုန်မီး ထိန်ညီးဖုံဖုံ၊ ဓာတ်တော်ကြွင်းကြ မင်းမျှော့ဝေပုံ၊ စေတီများတည်ထား လ, ကဆုန်။
❖ ဖွားမြင်မြောက်တော့ နွေပေါက်ကဆုန်၊ ဗောဓိပလ္လင်နန်း စံမြန်းကဆုန်၊ နိဗ္ဗူခြွေကြ နွေလကဆုန်၊ ကိလန ညီမျှ လ, ကဆုန်။
❖ ကဆုန်မာသ ကာလကိုမျှော်၊ ထိပ်တင်ဥက္ကဋ္ဌ တုပ်ဝပ်ကော်ရော်၊ ရှင်တော်ငြိမ်းဇာတ် ထိမ်းမှတ်အလျော်၊ ညီအမျှ ဤလ ရေပူဇော်။

ဤကဗျာမှာ ၈လုံးဘွဲ့ကဗျာဖြစ်သည်။ ၈ လုံးဘွဲ့ကဗျာများကို ဘာသာရေးဆိုင်ရာ ပူဇော်ပွဲများတွင် အသုံးပြုကြပါသည်။ ပူဇော်မည့် အကြောင်းအရာကို လိုက်၍ (ဝါ) ဒုရေး၊ သုရေး (သုမင်္ဂလ)တွင် သုံးကြပေသည်။ ဒုရေးတွင် သံဝေဂသဘောပါသော အဓိပ္ပာယ်များကို ရေးစပ်ကြသည်။ သုရေးတွင်မူ ဘွဲ့တံဆိပ်တော် ဂုဏ်ပြုကြည်ညိုဖွယ် သဒ္ဓါစိတ်ဖြစ်စေမည့် အကြောင်းခြင်းရာများကို ရေးစပ်ကြရသည်။ အများနားလည်နိုင်သော ဝေါဟာရအသုံးအနှုန်းများကို သုံးတတ်ကြပါသည်။ ကာရန်အနေနှင့် ၂မတြာ ဒီဃ၊ ၃မတြာ၊ ၃–မတြာ အထက် ပလုတအသုံးများကို များသောအားဖြင့်သုံးရပေသည်။

ကိုလိုနီခေတ်နှောင်းနှင့် လွတ်လပ်ရေးရပြီးခါစ ဝန်းကျင်တွင် ယပ်လှဲတရားဟောပုဂ္ဂိုလ်များ ဟောစာများ အလွန်ပေါ်ပေါက်လာသည်။ ထိုတရားပွဲကြီးများ မဟောကြားမီ ရွတ်ဆိုကြသည့် ဒုရေး၊ သုရေး နှစ်ခုလုံးပင် ၈ လုံးဘွဲ့ကဗျာကို သုံးကြသည်။ အကြောင်းအရာကိုလိုက်၍ တိုတိုလည်းရသလို ရှည်၍လည်း ရနိုင်ပါသည်။

"လူးတား" –

သာစွလေ–ခါနွေသဘင်၊ နှစ်သစ်ဝင်၍၊
ကောင်းကင်သော်တာ၊ ဝိသာခါနှင့်၊ ပြည့်လာအညီ၊
ရာသီပြိဿ၊ အလှကြိုင်မြူး၊ ကွန့်ဖူးစံကား၊ လှိုင်ပျံ့
ရှားသည်၊ မိုးသားကျူးစ၊ ကဆုန်လဝယ်၊ လောက
ထွတ်ထား၊ ဘုရားသခင်၊ ရွှေပလ္လင်ထက်၊ ရွှေပင်
ရောင်တောက်၊ ညောင်တော်အောက်၌၊ ပေါက်သည်
ကိုမူ၊ အကြောင်းယူ၍၊ မဋ္ဌုလှရာ၊ ပန်းတကာကို၊
မြူ့တာ့တကောင်း၊ မတင့်တောင်းဝယ်၊ သွန်းလောင်း
ရေပြည့်၊ ဖြိုးမျှထည့်လျက်၊ ပတ်လှည့်ညာကြေ၊
ရှင်တော်မွေကို၊ ရိုသေသဘင်၊ ပွဲကြီးရင်၍၊
ကြည်လင်သဒ္ဓါ၊ ငြိမ်းကြောင်းရှာသည်..
အခါညောင်ရေ သွန်းတည့်လေ..... ပွင့်လင်း
စည်သည်၊ ရွှေပြည်ရွှေဝ နန်းတည့်လေး......။ ။

ဖော်ပြပါစာအလင်္ကာမှာ ကဆုန်လဘွဲ့ လူးတားဖြစ်သည်။ ကဗျာသဘောတရား၌ ၃ မတြာ ၃ မတြာထက် အထက်အသံကို ရှည်ရှည်ရွတ်ဖတ်ရလျှင် ပလုတဖြစ်ပေသည်။ ကဗျာသာရတ္ထ သင်္ဂြိုဟ်နှင့် ဆရာကြီး ဓမ္မာစရိယ ဦးထွန်းရွှေ၏ကဗျာ့စွယ်စုံကျမ်းကြီးတွင် ပလုတမှ ရွေ့လျားလာကာ လူးတားဖြစ်သည်ဟု ဖွင့်ဆိုလေသည်။

အချို့ပညာရှင်များကလည်း ရေစီးသန်သော ချောင်းမြစ်ကြောင်းတို့တွင် လှေဆန်တက်သောအခါ ကြိုးဖြင့် ဟိုဘက်ဒီဘက်ဆိုင်း၍ ဆွဲ၍ လှော်တက်သွားသည်ကို "လူးတားပေါက်" သည်ဟုခေါ်သည်။ ထိုအခေါ်ကို အကြောင်းပြု၍ "လူးတား" ဟုခေါ်ဆိုခြင်းကိုလည်း ဖွင့်ဆိုပေသည်။

လေးလုံးစပ်လင်္ကာဖြင့် ၂ ပိုဒ်ဖြစ်စေ၊ ၃ ပိုဒ်ဖြစ်စေ၊ ၄ ပိုဒ်ဖြစ်စေခံပြီး ၃ လုံးတစ်ပိုဒ်ကို "လေ" ဟူသော အက္ခရာထား၏။ ရတုလင်္ကာများကဲ့သို့ပင် လေးလုံးစပ်အလင်္ကာပင်ဖြစ်သည်။ အချပိုဒ်နှင့် အက္ခရာ ၇ လုံးဖြင့် ဆင့်၍ချရသည်။ ဤလူးတားမှာ အချသည် "အခါ ညောင်ရေ သွန်းတည့်လေး၊ ရွှေပြည်ရွှေဝ နန်းတည့်လေး" ဟု ချထား၍ လူးတားအနေနှင့် ရေးထားသော ကဆုန်လစာအလင်္ကာဖြစ်သည်။

"အဲချင်း"

ဖန်နန်းမှ မျက်အုံလေ... နေနှင့်ယှဉ်မှီ၊
ရောဟဏီလည်း၊ မှန်စီဆောင်က၊ ရွှေထီးရိပ်ပြပါလို့၊
လွမ်းစယှက်သွယ်၊ မင်းမူဟန်ကျယ်လှ၊ မိုးလယ်ဘုံ
မှာတည့်လေး...
ကဆုန်ငယ်မှရတု၊ မြနီလာစစ်၊ အပြာရစ်သို့၊
ရှစ်မျက်နှာစို၊ တောတခိုမှာ၊ ပျိုနုနုနှင့်၊ ကျီးဥမှလဲ့ပြာ။
စံကားထုံသင်း၊ ဂေါစာချင်းတွင်၊ တုကင်းလွတ်ကွာ၊
ငှက်ပေါင်းသာလို့၊ ညာခြွေငယ်စံသည် (ညာကြေ
ငယ်ပျံသည်)၊ ယုဂန်မှာ တိမ်တစ်ပုံက၊ ဂဠုန်လိုဝဲ။
အသည်းမှာဆွတ်ကျင်၊ သောင်သင်ဖြူးခင်း၊ မြစ်ကြီး
တွင်းမှာ၊ ငါးကြင်းဆန်ကူး၊ ငါးတန်မြူးသည်၊ ပိုက်ဦး
ငင်လို့၊ သဘင်မှဖြိုးဝေ။ စင်ရော်,သောင်တင်း၊
ရွှေပိန်ညင်းတို့၊ ချစ်တင်းပိုင်ပိုင်၊ အာလုတ်ကယ်လှိုင်
လို့၊ သံပြိုင်ငယ် ခြွေသည်။ ဂြိုဟ်စနေ ဇီလာပိုင်းဆီက၊
မုန်တိုင်းချီ ပြင်း။ ပြည်ကမ္ဘောဇ၊ တိုင်းညိုမြမှာ၊
တံငါတာရာ၊ ကြယ်ဥက္ကာနှင့်၊ အခါညောင်ရေ၊
ပွဲစုံငယ်ထွေလို့၊ လွမ်းပွေဆိုင်ညီ၊ သေမင်းပင်
မှီရော့ထင့်။ စက်ရာသီ ပြိဿရေးတဲ့၊ ငိုကြွေးခင်း
လေး.....။

စာဆိုမယ်ခွေ၏ ကဆုန်လဘွဲ့ အဲချင်းဖြစ်သည်။ စာဆိုတော်မယ်ခွေမှာ ကုန်းဘောင်ခေတ် ထင်ရှားခဲ့သော စာဆိုတစ်ဦးဖြစ်သည်။ ဘိုးတော်ဘုရားလက်ထက် နန်းတွင်း၌ခစားရသော စာဆိုအမျိုးသမီးတစ်ဦးဖြစ်သည်။

အဲချင်းအမျိုးအစားမှာ အစပိုဒ်၌ "နေနတ်ကယ်မှ ရာဇာလေ... ခမောက်ကယ်မှ စိန်တောင်လေ... မင်္ဂလာရယ်မှ မဏ္ဍိုင်လေး..." စသည်ဖြင့် ခြောက်လုံးဖြစ်စေ ခုနစ်လုံးဖြစ်စေ စ၍ သုံးချိုး လေးချိုးဖြင့် စပ်ဆိုရေးသားထားသော စာပေအမျိုးအစားဖြစ်သည်။ အဲချင်းမှာ အရှင်သခင်အကြီးအကဲကို ပသတမ်းတပြီးဆိုသော သဘောလည်းဖြစ်ပေသည်။ ထို့ကြောင့် နတ်ပွဲအစ အဲချင်းကဟု ဆိုရိုးရှိပေသည်။

စာဆိုမယ်ခွေ၏ အဲချင်းထူးခြားချက်မှာ ဝေဒပညာနှင့် ကြည့်ပါက ရာသီစက်၊ တိတ်စွဲဒေသ၊ ဂြိုဟ်နက္ခတ်တာရာ၊ ရာသီပန်း၊ ပတ်ဝန်းကျင်မြင်ကွင်း၊ ရာသီပွဲ စသည်တို့ကို ချိတ်ဆက်မှုကောင်းကောင်းဖြင့် ပေါ်လွင်အောင်ရေးသားထားလေသည်။ နက္ခတ်ဗေဒင် ကျွမ်းကျင်သူများအနေနှင့်ကြည့်ပါက အလွန်ပညာရပ်ဆန်သော ကောင်းမွန်တန်ဖိုးရှိသော စာပေအမျိုးအစားဖြစ်ပေသည်။ ဝေဒပညာရပ်နှင့် တိုင်းနိုင်ငံတိတ်စွဲများကို မူကွဲတွေ့ပါက မယ်ခွေ၏ အဲချင်းပါ တိတ်စွဲနှင့် ညီရပါသည်။ ထိုအနေအထားမျိုးကို ရေးသားထားသော အဆင့်မြင့်ရာသီဘွဲ့ အမျိုးအစားဖြစ်ပါသည်။

"ကြိုး သီချင်း"

အောက်တွင်ဖော်ပြမည့်"တေတလေတေတေလေ ထံဒျန့်ဒျန့်တေ..." စသော တေးသွားမှာ ဗောဓိညောင်ရွှတ်သံ ကြိုးသီချင်းဖြစ်သည်။ အလောင်းဘုရားလက်ထက် မြင်းရည်တပ် ၆ ကြိတ် ၈ ယောက် (၆၈) တွင်ပါဝင်သော

စာမျက်နှာ ၁၀ သို့ ☆

# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် သစ်စိမ်းမြေဩဇာထည့်သွင်းစိုက်ပျိုးပွဲနှင့် ကျောင်းအပ်နှံမှုအခြေအနေများ ကြည့်ရှုအားပေး

ပုသိမ် မေ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီမြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းစိုက်ပျိုးပွဲ အခမ်းအနားနှင့် အခြေခံပညာကျောင်းများတွင် ကျောင်းအပ်လက်ခံနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

## ကြည့်ရှုအားပေး

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် သဘော့ငူကျေးရွာအုပ်စု သဘော့ချောင်းကျေးရွာတွင် တောင်သူ ဦးသက်ပိုင်စိုး၏ မိုးစပါးစိုက်ကေလေးကွင်း ပြုလုပ်သည့် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းစိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်သည်။ ဝန်ကြီးချုပ်က တောင်သူများနှင့်တွေ့ဆုံ၍ မြေဆီလွှာများ ပြန်လည်ကောင်းမွန်ရေး၊ ပိုက်ဆံလျှော် ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာတိုးတက်ကောင်းမွန်လာမှု၊ ဓာတ်မြေဩဇာများလျှော့ချသုံးစွဲနိုင်မှု၊ အထွက်နှုန်းတိုးတက်လာမှုများကို နှစ်အလိုက် မှတ်တမ်းများထားရှိရန်နှင့် သစ်စိမ်းမြေဩဇာ ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ပြောကြားပြီး သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ထည့်သွင်းစိုက်ပျိုးမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် တာဝန်ရှိသူများနှင့်အတူ ကန်ကြီးထောင့်မြို့နယ်ဒါးကအခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအပ် လက်ခံနေမှုများကို ကြည့်ရှုအားပေးကာ ဆရာ ဆရာမများအား စာသင်ဆောင်များကောင်းမွန်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ မိုးတွင်းကာလ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားရေးအတွက် ချုံနွယ်များ၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းရေး၊ ကျောင်းနေအရွယ်ကလေးများအားလုံး ရာနှုန်းပြည့်ကျောင်းတက်ရောက်ရေး၊ စဉ်ဆက်မပြတ်တန်းစဉ်ကူးပြောင်းရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားကာ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်ခဲ့သည်။

အလားတူ မြောင်းမြခရိုင် အိမ်မဲမြို့နယ် တကောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ရွာသစ်ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှု အခြေအနေများကို ကြည့်ရှုအားပေးကာ ကျောင်းနေအရွယ် ကလေးများအားလုံး ရာနှုန်းပြည့် ကျောင်း တက်ရောက်စေရေး၊ စဉ်ဆက်မပြတ် တန်းစဉ်ကူးပြောင်းရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားကာ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၂၅


ယနေ့ ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း၊ မုတ်သုံလေအားကောင်းနေခြင်းကြောင့် လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့် လည်းကောင်း ယနေ့ညနေမှ ဇွန် ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

### အကြံပြုချက်


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၅-၅-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၆-၅-၂၀၂၅ ရက်နေ့မှ ၂၉-၅-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၅-၅-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၃၀-၅-၂၀၂၅ ရက်နေ့မှ ၂-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




★ စာမျက်နှာ ၉ မှ

လက်ဝဲနော်ရထာ ဦးနေဆိုသည့် ပုဂ္ဂိုလ်ဖွဲ့ခဲ့သော (သို့) ရေးကရှိခဲ့ပြီးသော ဗောဓိညောင် စာအလင်္ကာကို ဂီတသင်္ကေတပြုခဲ့သော တေးသွားဖြစ်ပေသည်။

ထိုကဲ့သို့ ဂီတတေးသွားသင်္ကေတများကို ဒူပေါင်ထန်ပေါင်ဟုခေါ်သည်။ ဆရာပန်းမှု ဆရာရိပ်မှုမည်သည့် ဆရာမှု စသည်သဖြင့် ဂီတမျိုးဆက်တွင် ရှိပါ၏။ မြဝတီမင်းကြီးဦးစ၏ သီချင်းစာသားအချို့တွင် ဖောင်လားကြိုး၊ ဖောင်ငင်ကြိုး၊ ဖောင်ဆိုက်ကြိုး စသည်ဖြင့် မည်သည့် စာသား ဝေါဟာရမျှမပါဘဲ တေတလေ၊ ဒူတေလေ၊ ဒျန့်ဒျန့်ဒူ စသည်ဖြင့် ရေးဖွဲ့ထားမှု အများပင်တွေ့ရပါသည်။

ဤသည်ကို တေးတွဲ့ဟုလည်းခေါ်ကြောင်း သိရပါသည်။ ဂီတပညာရှင်များဖြစ်ကြသည့် ပုသိမ်ဒေါ်တင်တင်၊ ဣန္ဒဝဇီရ(ခေါ်) သခင်အောင်ရှိန် (ဘိသိက်မင်္ဂလာကျမ်းပြု) ဤကဲ့သို့ သဘောသက်ဝင်သော တံတျာတေရှင် ပုဇဉ်းတောင်သံကြိုးကို ပဋ္ဌသခ်နတ်စောင်းသဘောဖြင့် အနက်အဓိပ္ပာယ်ကြံဆဖွင့်ဆိုခဲ့ဖူးသည်ကို အမျိုးသားစာပေဆုများရှင် (ခတ်ပြား) ဦးမောင်မောင် သူ၏မဟာဂီတပေါင်းချုပ်စွယ်စုံကျမ်း၌ ထိုခေတ်ပညာရှင်များ၏ သဘောမှတ်ချက်ကို လေ့လာဖော်ပြထားလေသည်။

ဥပမာအနေနှင့် ပြောရပါက မှုန်ရွှေရည် သီချင်းအလိုက်ကို စာသားမရ၍ဖြစ်စေ၊ ရ၍ဖြစ်စေ လေချွန်သောအခါ (သို့) ပါးစပ်က ညည်းသောအခါ.. ဒီဒီဒီ .... ဒီဒီဒီဒီဒီ.... စသဖြင့် ထွက်လာသည်။ နိဂ္ဂဟိတ် အသံကိုရေးထားသော စာသားမပါ (Word Lose) စာလုံးပျောက် သင်္ကေတဖြစ်သည်။ Melody သဘောဖြစ်ပေသည်။ စာရှုသူ ဒူပေါင် ထန်ပေါင်ကို စာလုံးသွင်း၍ ရေးခေတ်ကရေးခဲ့သော ကဆုန်ဗောဓိညောင်ရေသွန်း .... စာကြောင်းစာသားအကြောင်းအရာကို ဖြည့်စွက်၍ စာအလင်္ကာ မြုးကြည့်ပါဘိ။

ကမ္ဘာကျော်စစ်တုရင် ကစားကွက်ဖြစ်သည့် ဗော်လကာတောင်တန်းကို ဖြတ်ကျော်ခြင်းဆိုသော စစ်တုရင်ကွက်ကို တစ်ကွက်ချန်၍ (ဝါ) မြှုပ်၍ ကစားကြရာ ယနေ့တိုင် ထို့အတိုင်း ကစားပွဲမသိမ်းနိုင်သေးဆိုသော အဆိုတစ်ခုရှိပေသည်။

ဤဗောဓိညောင်ရွက်သံကြိုး သီချင်းသည်လည်း ကဆုန်ညောင်ရေသွန်း အကြောင်းပင်လော၊ သို့မဟုတ် ဤနေမျိုးမဟာကျော်ထင်ပင် ရေးဖွဲ့သော (၁၁၃၂ တန်ဆောင်းမုန်းလ) ဗောဓိရွက်သံကြိုးကဲ့သို့ ဆောင်းဘွဲ့လော၊ (နိုင်ငံတော်မှ မဟာဂီတ) စာရှုသူများ ဉာဏ်ကစားရမည့် ဗောဓိရကွေ့ ကဆုန်လ ဗောဓိညောင်ကြိုး သီချင်းကြီးဖြစ်ပါတော့သည်။

(တေတလေ)၂ ထံတို့တို့ (တေ)၂ လေ (တေလေ) ထံတို့တို့တေ (တေလေ) တလေထူ (ထံ)/တျာ (တာလျာ) တို့တို့တေ တေတလေ တေတေတျာထူတို့ တေ ထူတျော တေတျော (ထံ) တေတျော (ထူတျော)ပ ထူထပ်တာ တေထံတျာ ထပ်တျာ တေတျော (ထံတျာ)၂ တျော တေထူထံတွံ့ တျော ထပ်တျာ

# သူတော်ကောင်းယောင်ဆောင်ကြသူများ

## နိုင်ငံတကာရေးရာ သုတေသီတစ်ဦး

အခုတစ်လော နိုင်ငံတကာသတင်းတွေမှာ လူပြောများနေတဲ့ သတင်းတစ်ပုဒ်က အပြည်ပြည်ဆိုင်ရာတရားရုံး(International Criminal Court – ICC) က ရှေ့နေချုပ် (Chief Prosecutor) တစ်ဦးဖြစ်တဲ့ Karim Khan ရဲ့ သူ့ရုံးဝန်ထမ်းအမျိုးသမီးတစ်ဦးအပေါ် လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုကျင့်တယ်ဆိုတဲ့ စွပ်စွဲခံရမှုအရှုပ်တော်ပုံပဲ ဖြစ်ပါတယ်။

### သတင်းတွေက ဖုံးမနိုင်ဖိမရ ဖြစ်လာခဲ့ပုံရ

ဖြစ်စဉ်ကတော့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှာဖြစ်ခဲ့တာဖြစ်ပြီး ၂၀၂၄ ခုနှစ် မေလမှာ ဌာနတွင်း စုံစမ်းစစ်ဆေးမှုတွေ စတင်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ် အောက်တိုဘာလမှာ အဲဒီအမှုအခင်းသတင်းဟာ ပြင်ပကို ပေါက်ကြားလာခဲ့ပါတယ်။ အဲဒီမှာ နောက်ထပ် ဝန်ထမ်း လေး၊ ငါးဦး ဆီကနေ သူတို့လည်းပဲ ရှေ့နေချုပ်ရဲ့ လိင်ပိုင်းဆိုင်ရာစော်ကားခြင်း ခံရတယ်။ Karim Khan ဟာ သူ့လုပ်ပိုင်ခွင့်ကိုအသုံးပြုပြီး အနည်းဆုံး ဝန်ထမ်းလေးဦးခန့်ကို ရာထူးလျှော့ချခဲ့တယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်လာပါတယ်။ ခံရသူဝန်ထမ်းတွေက ICC ရဲ့ ဌာနတွင်းစုံစမ်းစစ်ဆေးရေးတွေအပေါ် အယုံအကြည်မရှိလို့ တရားဝင်မတိုင်ကြားခဲ့ကြပေမယ့် သူတို့နဲ့နီးစပ်တဲ့ အသိုင်းအဝိုင်းကနေ သတင်းတွေက ဖုံးမနိုင်ဖိမရ ဖြစ်လာခဲ့ပုံရပါတယ်။ ၂၀၂၅ ခုနှစ်မှာတော့ ဌာနတွင်းစုံစမ်းစစ်ဆေးမှုတွေနဲ့တင်မရတော့ဘဲ အပြင်က စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ရလာတဲ့အထိ အမှုက ကြီးကျယ်ခဲ့ပါပြီ။

ICC ဟာ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းမဟုတ်ပေမယ့် UN နဲ့ အထူးဆက်ဆံရေး အထူးသဖြင့် UN ရဲ့ လုံခြုံရေးကောင်စီနဲ့ နီးစပ်တဲ့ဆက်ဆံမှုရှိပါတယ်။ ICC မှာ ရှေ့နေချုပ်အဖြစ် တာဝန်မထမ်းဆောင်မီ Karim Khan ဟာ အီရတ်နဲ့ဆိုင်တဲ့ UN စုံစမ်းစစ်ဆေးရေးအဖွဲ့ (UNITAD) တစ်ခုမှ အထူးအကြံပေးနဲ့ အကြီးအကဲတာဝန်တွေ ထမ်းဆောင်ခဲ့ပါတယ်။ သူဟာ ဗြိတိသျှနိုင်ငံသားတစ်ဦးလည်းဖြစ်ပြီး သူ့ဇနီး မလေးရှားသူ Dato Shyamala Alagendra ဟာလည်း လူသိများတဲ့ နိုင်ငံတကာလူ့အခွင့်အရေး ရှေ့နေတစ်ဦးဖြစ်ပါတယ်။ ဇနီးဖြစ်သူဟာ အရင်က UN ရဲ့ လက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ UN အတွင်းရေးကိစ္စများ စုံစမ်းစစ်ဆေးတဲ့အဖွဲ့အစည်း OIOS မှာ စုံစမ်းစစ်ဆေးသူအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။

အခု Karim Khan ရဲ့ လိင်မှုကိစ္စအရှုပ်တော်ပုံမှာ OIOS ဟာ အဓိက စုံစမ်းစစ်ဆေးတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်လာတာကြောင့် တရားမျှတမှုရှိပါ့မလားဆိုပြီး စိုးရိမ်မှုတွေ ထွက်ပေါ်နေပါတယ်။ Alagendra ဟာ သူ့အမျိုးသားအပေါ် စွပ်စွဲသူအမျိုးသမီးကို အပြင်မှာ ဆက်သွယ်ကျေအေးဖို့ လုပ်ဆောင်ခဲ့တယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ်လာခဲ့တာကြောင့် မသင့်တော်တဲ့လုပ်ရပ်အဖြစ် ထောက်ပြကြပါတယ်။ အခုဆို Karim Khan ဟာ အမှုမပြီးမချင်း သူ့ရာထူးတာဝန်တွေကနေ ယာယီရပ်ဆိုင်းခံထားရပြီဖြစ်ပါတယ်။

> ❝ ဒီနေရာမှာပြောချင်တာ ကင်းလွတ်ခွင့်၊ ဒဏ်ခတ်မခံရခြင်း (Impunity) ဆိုတာကိုပါ။ အနောက်နိုင်ငံအစိုးရတွေဟာ သူတို့ မလိုလားတဲ့ အစိုးရတွေကို ပြစ်တင်ဝေဖန်တဲ့အခါ Impunity ဆိုတဲ့စကားကို မကြာခဏအသုံးပြုပါတယ်။ အမှန်ကတော့ နိုင်ငံတကာအဖွဲ့အစည်း အသိုင်းအဝိုင်းမှာလည်း အဲဒီ Impunity သဘောဆန်ဆန်က တည်ရှိနေပါတယ်။ ပုံစံချင်း၊ သဘောသဘာဝချင်းတော့ မတူဘူးပေါ့။ သို့သော် Impunity ကတော့ Impunity ပါပဲ။ သူတို့ လူဆိုးစာရင်းသွင်းထားတဲ့ နိုင်ငံတွေ အများအယွင်းဖြစ်ရင် သံပြိုင်ညီညာဖြဖြ အော်လေ့ရှိတဲ့ နိုင်ငံတကာအသိုင်းအဝိုင်းဟာ သူတို့ အများအယွင်းဖြစ်ရင်တော့ နှာစေးနေတတ်ပါတယ်။ သတင်းတွေတက်လာလည်း ခဏပါပဲ ❞

> ❝ နောက်သတင်းတစ်ပုဒ်ကလည်း UN နဲ့ပဲ ပတ်သက်ပါတယ်။ ၂၀၂၄ ခုနှစ် UN အစီရင်ခံစာအရ ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်တွေနဲ့သက်ဆိုင်တဲ့ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှု စွပ်စွဲချက်တွေဟာ အကြိမ် ၁၀၀ အထိ ရှိခဲ့ပါတယ်။ အဲဒီထဲက ၆၅ မှုမှာ ကျူးလွန်ခြင်းခံရသူဆိုသူ အမျိုးသမီးတွေက သူတို့ဟာ UN တပ်သား၊ အမှုထမ်းတွေရဲ့ အဓမ္မပြုကျင့်ခြင်းကိုခံခဲ့ကြရပြီး ကိုယ်ဝန်ရခဲ့တယ်၊ ကလေးစရိတ်ရလိုတယ်ဆိုပြီး စွပ်စွဲတိုင်တန်းကြပါတယ်။ UN မှာ ဝန်ထမ်းတွေကို လိင်ပိုင်းဆိုင်ရာ မတရားပြုကျင့်မှုတွေနဲ့ပတ်သက်ပြီး မတက်မနေရ သင်တန်းတွေပေးပေမယ့် ၂၀၂၄ မှာ UN ဝန်ထမ်းပေါင်း ၆၄၅၈၅ ဦးကိုပြုလုပ်တဲ့ စစ်တမ်းတွေအရ ၃ ဒသမ ၆၅ ရာခိုင်နှုန်းသော ဝန်ထမ်းပေါင်း ၂၃၆၀ က လိင်ပိုင်းဆိုင်ရာနဲ့ပတ်သက်ရင် ပိုက်ဆံပေးရင် လက်သင့်ခံနိုင်တယ်လို့ ဖြေကြားခဲ့ကြပြီး တစ်ရာခိုင်နှုန်းနီးပါးသော ဝန်ထမ်း ၅၅၅ ဦးက ကလေးသူငယ်တွေနဲ့ လိင်ဆက်ဆံတာ လက်သင့်ခံတယ်လို့ ဖြေကြားခဲ့ကြ ❞

### လိင်ပိုင်းဆိုင်ရာမတော်မတရားပြုကျင့်မှု စွပ်စွဲချက်

နောက်သတင်းတစ်ပုဒ်ကလည်း UN နဲ့ပဲ ပတ်သက်ပါတယ်။ ၂၀၂၄ ခုနှစ် UN အစီရင်ခံစာအရ ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်တွေနဲ့သက်ဆိုင်တဲ့ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှု စွပ်စွဲချက်တွေဟာ အကြိမ် ၁၀၀ အထိ ရှိခဲ့ပါတယ်။ အဲဒီထဲက ၆၅ မှုမှာ ကျူးလွန်ခြင်းခံရသူဆိုသူ အမျိုးသမီးတွေက သူတို့ဟာ UN တပ်သား၊ အမှုထမ်းတွေရဲ့ အဓမ္မပြုကျင့်ခြင်းကို ခံခဲ့ကြရပြီး ကိုယ်ဝန်ရခဲ့တယ်၊ ကလေးစရိတ်ရလိုတယ်ဆိုပြီး စွပ်စွဲတိုင်တန်းကြပါတယ်။ UN မှာ ဝန်ထမ်းတွေကို လိင်ပိုင်းဆိုင်ရာ မတရားပြုကျင့်မှုတွေနဲ့ ပတ်သက်ပြီး မတက်မနေရ သင်တန်းတွေပေးပေမယ့် ၂၀၂၄ မှာ UN ဝန်ထမ်းပေါင်း ၆၄၅၈၅ ဦးကို ပြုလုပ်တဲ့ စစ်တမ်းတွေအရ ၃ ဒသမ ၆၅ ရာခိုင်နှုန်းသော ဝန်ထမ်းပေါင်း ၂၃၆၀ က လိင်ပိုင်းဆိုင်ရာနဲ့ ပတ်သက်ရင် ပိုက်ဆံပေးရင် လက်သင့်ခံနိုင်တယ်လို့ ဖြေကြားခဲ့ကြပြီး တစ်ရာခိုင်နှုန်းနီးပါးသော ဝန်ထမ်း ၅၅၅ ဦးက ကလေးသူငယ်တွေနဲ့ လိင်ဆက်ဆံတာ လက်သင့်ခံတယ်လို့ ဖြေကြားခဲ့ကြပါတယ်။

သဘောက ဝန်ထမ်းတွေက သင်တန်းတွေသာ တက်နေတာဖြစ်ပြီး မလိုက်နာချင်တဲ့ဝန်ထမ်းက မလိုက်နာဘူးလို့ ကောက်ယူလို့ရပါတယ်။ ဒါ့အပြင် ၂၀၂၄ ခုနှစ် UN စစ်တမ်းတစ်ခုမှာ UN ဝန်ထမ်းတွေအတွင်း UN လူကြီးတွေအပေါ် (ခေါင်းဆောင်မှုအပိုင်း) မယုံကြည်မှုက သိသိသာသာ မြင့်တက်နေပြီး ခြောက်ရာခိုင်နှုန်းသော ဖြေဆိုသူ UN ဝန်ထမ်း ၃၇၀၀ ခန့်က လိင်ပိုင်းဆိုင်ရာ အလွဲသုံးမှုတွေ၊ မတရားပြုကျင့်မှုတွေအပေါ် UN အကြီးအကဲတွေရဲ့ ကိုင်တွယ်ဆောင်ရွက်ပုံကို ယုံကြည်မှုမရှိကြောင်း ထုတ်ဖော်ခဲ့ကြပါတယ်။ ဒါဟာ ၂၀၂၃ ခုနှစ်နဲ့စာရင် UN ဝန်ထမ်းတွေရဲ့ UN အကြီးအကဲတွေအပေါ် မယုံကြည်မှုက နှစ်ဆတိုးလာတာဖြစ်ပါတယ်။

ဥရောပတိုက်ရဲ့ အချမ်းသာဆုံးနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အိုက်စလန်နိုင်ငံမှာလည်း ပညာရေးနဲ့ ကလေးသူငယ်ရေးရာဝန်ကြီး (Minister of Education and Children's Affairs) ဖြစ်သူ အသက် ၅၈ နှစ်အရွယ် Ásthildur Lóa Þórsdóttir ဟာ သူ့အသက် ၂၂ နှစ်အရွယ်မှာ ဘာသာရေးအဖွဲ့တစ်ခုမှာ အတိုင်ပင်ခံဆရာမ (Mentor) အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ် အသက် ၁၅ နှစ်အရွယ် အမျိုးသားလေးနဲ့ လွန်ကျူးခဲ့ပြီး ကလေးတစ်ယောက်ရခဲ့တယ်ဆိုတဲ့ အမှုအခင်း ပေါ်ပေါက်ပါတယ်။

နောက်ဆုံး ၂၀၂၅ ခုနှစ် မတ်လထဲမှာ ဝန်ကြီးရာထူးက နုတ်ထွက်ပေးလိုက်ရပါတယ်။ အိုက်စလန်မှာ ကိုယ့်ဆီအပ်နှံထားတဲ့၊ ကိုယ်က အုပ်ထိန်းရတဲ့၊ ကိုယ်က သင်ပြပေးရတဲ့ အသက် ၁၈ နှစ်အောက်လူငယ်တွေနဲ့လိင်ဆက်ဆံရင် ကြီးမားတဲ့ပြစ်မှုမြောက်ပါတယ်။ ထောင်ဒဏ် ၁၂ နှစ်အထိ ပြစ်ဒဏ်ကျခံရနိုင်ပါတယ်။ ဘာပဲပြောပြော ဥရောပရဲ့ထိပ်တန်းလူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးထွန်းကားတဲ့ အိုက်စလန်နိုင်ငံမှာ ကိုယ်တာဝန်ယူရတဲ့ ကလေးသူငယ်နဲ့ လိင်မှုကျူးလွန်သူက နိုင်ငံရဲ့အမြင့်ဆုံး ကလေးသူငယ်ရေးရာဝန်ကြီးအထိ ဖြစ်လာခဲ့တာ လူအများအမြင်မှာ ပြောစရာဖြစ်ရပါတယ်။

ပြင်သစ်နိုင်ငံက ဖြစ်ရပ်တစ်ခုမှာလည်း လက်ရှိ ပြင်သစ်ဝန်ကြီးချုပ် François Bayrou ဟာ သူတစ်ချိန်က ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးအဖြစ် တာဝန်ယူခဲ့စဉ် သူတာဝန်ရှိတဲ့ ပြင်သစ်အနောက်တောင်ပိုင်းဒေသက ကက်သလစ်ဘာသာရေးကျောင်းတစ်ကျောင်းမှာ ဆယ်စုနှစ်နဲ့ချီပြီးဖြစ်ပွားခဲ့တဲ့ လိင်ပိုင်းဆိုင်ရာ မဖွယ်မရာမှုတွေကို လျစ်လျူရှုခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ပြင်သစ်ပါလီမန်ကော်မတီတစ်ခုရဲ့ စစ်ဆေးမှုကို ရင်ဆိုင်နေရပါတယ်။ François Bayrou ရဲ့ဇနီးဟာ အဲဒီကျောင်းမှာ ဆရာမအဖြစ် အမှုထမ်းခဲ့ပြီး သမီးအကြီးဖြစ်သူဟာလည်း အဲဒီကျောင်းက ဘုန်းတော်ကြီးတစ်ပါးရဲ့ ဆံပင်ဆွဲဆောင့်၊ တရွတ်တိုက်ဆွဲတာခံခဲ့ရတယ်ဆိုပြီး ထုတ်ဖော်ပြောခဲ့တာကြောင့် အမှုက လူတွေအာရုံစိုက်စရာဖြစ်ခဲ့ရပါတယ်။

François Bayrou ဟာ ပြင်သစ်သမ္မတရွေးကောက်ပွဲကို အရင်က သုံးကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူဖြစ်လို့ ကလေးသူငယ်ကိစ္စက သူကိုယ်တိုင်ကျူးလွန်ခဲ့တာ မဟုတ်ပါဘူးဆိုသည့်တိုင် သူတာဝန်ယူခဲ့တဲ့နယ်မြေက ဘာသာရေးကျောင်းရဲ့ ကလေးသူငယ်တွေအပေါ် အကြမ်းဖက်မှုဖြစ်စဉ်တွေမှာ သွယ်ဝိုက်တာဝန်ရှိတယ်လို့ အတိုက်အခံတွေက စွဲချက်တင်နေကြပါတယ်။

### နိုင်ငံတကာအဖွဲ့အစည်းလောကကို အတော်ဂယက်ရိုက်စေခဲ့

၂၀၁၁ ခုနှစ် ဟေတီနိုင်ငံ (Haiti) မှာ ဖြစ်ခဲ့တဲ့ ကမ္ဘာကျော် ဗြိတိသျှ နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Oxfam ရဲ့ လိင်ကိစ္စ အမြတ်ထုတ်အလွဲသုံးစားမှု အရှုပ်တော်ပုံဟာ နိုင်ငံတကာအဖွဲ့အစည်းလောကကို အတော်ဂယက်ရိုက်စေခဲ့ပါတယ်။ လူသားချင်းစာနာမှုအကူအညီတွေကို အကြောင်းပြပြီး Oxfam မှ အကြီးတန်းဝန်ထမ်း Roland van Hauwermeiren ဟာ ဟေတီဒေသခံဝန်ထမ်းအချို့နဲ့ပေါင်းပြီး ပြည့်တန်ဆာတွေ၊ အသက်မပြည့်တဲ့သူတွေနဲ့ လိင်ကိစ္စပျော်ပါးတဲ့သတင်းတွေ ပေါ်ထွက်လာပါတယ်။ ဒါကလည်း ဗြိတိသျှသတင်းစာကြီး (The Times Newspaper) က ၂၀၁၈ ခုနှစ်မှာ ဖော်ထုတ်လိုက်မှ လူသိရှင်ကြားဖြစ်လာခဲ့တာပါ။ သတင်းနောက်ဆက်တွဲထပ်လိုက်တော့ Roland van Hauwermeiren ဟာ Oxfam ရဲ့ အကြီးတန်းဝန်ထမ်းအနေနဲ့ အာဖရိကတိုက်က ချက်ဒ် (Chad) နိုင်ငံမှာ တာဝန်ကျခဲ့စဉ်ကလည်း အဲဒီလို လူသားချင်းစာနာမှုအကူအညီတွေနဲ့ လိင်ကိစ္စမဖွယ်မရာပြုကျင့်မှုတွေ ရောထွေးဖြစ်ပွားခဲ့တယ်ဆိုတာ ပေါ်ပေါက်ပါတယ်။

နောက်ထပ်စုံစမ်းမှုတွေအရ သူဟာ ၂၀၀၄ ခုနှစ်မှာ Oxfam မှာ မလုပ်ခင် လိုက်ဘေးရီးယားနိုင်ငံ (Liberia) မှာ အခြား ဗြိတိသျှအကူအညီပေးရေးအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Merlin မှာ တာဝန်ထမ်းဆောင်ခဲ့စဉ် အဲဒီလိုပဲ လိင်မှုကိစ္စတွေကြောင့် ရာထူးတာဝန်က နုတ်ထွက်ခဲ့ရဖူးပါတယ်။ The Guardian သတင်းစာကြီးအဆိုအရ Roland van Hauwermeiren ဟာ Oxfam က နုတ်ထွက်ပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာရှိတဲ့ ပြင်သစ်အကူအညီပေးရေး အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Action Against Hunger မှာ အကြီးအကဲ (Country Director) အဖြစ် တာဝန်ထမ်းဆောင်တယ်လို့ ဆိုပါတယ်။

စာမျက်နှာ ၁၂ သို့ ❄

# ပြည်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



**နေပြည်တော် မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❋ **စာမျက်နှာ ၁၁ မှ**

အဲဒီလို Oxfam ရဲ့ လိင်မှုကိစ္စ အရှုပ်တော်ပုံဟာ အခြားသော နိုင်ငံတကာအဖွဲ့အစည်းကြီးတွေကိုလည်း ရိုက်ခတ်ခဲ့ပါတယ်။ Save the Children ကလည်း ၂၀၁၆ ခုနှစ်ထဲမှာ စွပ်စွဲမှုပေါင်း ၅၃ မှုကို စုံစမ်းခဲ့ပြီး သူ့ရဲ့ဝန်ထမ်းအချို့ လိင်မှုကိစ္စအရှုပ်တော်ပုံတွေမှာ ပါဝင်ပတ်သက်ခဲ့တယ်ဆိုတာ ထုတ်ဖော်ဝန်ခံခဲ့ပါတယ်။

ဒီနေရာမှာပြောချင်တာ ကင်းလွတ်ခွင့်၊ ဒဏ်ခတ်မခံရခြင်း (Impunity) ဆိုတာကိုပါ။ အနောက်နိုင်ငံအစိုးရတွေဟာ သူတို့မလိုလားတဲ့ အစိုးရတွေကို ပြစ်တင်ဝေဖန်တဲ့အခါ Impunity ဆိုတဲ့ စကားကို မကြာခဏအသုံးပြုပါတယ်။ အမှန်ကတော့ နိုင်ငံတကာအဖွဲ့အစည်းအသိုင်းအဝိုင်းမှာလည်း အဲဒီ Impunity သဘောဆန်ဆန်က တည်ရှိနေပါတယ်။ ပုံစံချင်း၊ သဘောသဘာဝချင်းတော့ မတူဘူးပေါ့။ သို့သော် Impunity ကတော့ Impunity ပါပဲ။ နိုင်ငံတကာအဖွဲ့အစည်းတွေဆိုတာ အစိုးရတွေမဟုတ်တဲ့အတွက် သူတို့ရောက်ရာနိုင်ငံတွေမှာ ပရောဂျက်အမျိုးမျိုး ဖော်ဆောင်ပြီးရင် သူတို့နိုင်ငံခြားသားဝန်ထမ်းတွေက နှစ်နှစ်တန်သည်၊ သုံးနှစ်တန်သည် လုပ်ကိုင်ဆောင်ရွက်ပြီးရင် နောက်တစ်နိုင်ငံကို ရွှေ့ပြောင်းသွားတာပါပဲ။ ဆိုလိုတာ သူတို့အချင်းချင်း အမုန်းမခံပါဘူး။ သိပ်ကိုထင်ရှားသိသာလွန်းမှသာ၊ မီဒီယာတွေပေါ်ရောက်မှသာ သတင်းဖြစ်လာတာပါ။

မီဒီယာတွေပေါ်မရောက်ဘဲ အတွင်းမှာတင် ဝိုင်းဖိပြီး မြှိမ်းလိုက်ကြတဲ့ မတော်မတရားကိစ္စတွေအများကြီး ရှိနေနိုင်ပါတယ်။ ရှိနေမှာပါပဲ။ ဒါကလည်း နိုင်ငံတကာအဖွဲ့အစည်းတွေဆိုတာက တစ်ကမ္ဘာလုံးဖြန့်ကြက်တည်ရှိနေတာဖြစ်လို့ အခုလို အမှုအခင်းပမာဏလောက်က မပြောပလောက်ပါဘူး။ လူတွေဖြစ်လို့ အမှားအယွင်းကတော့ရှိမှာပါပဲလို့ ပြောနိုင်ပေမယ့် တကယ်က နိုင်ငံတကာအဖွဲ့အစည်းကြီးတွေ အတွင်းမှာ စည်းကမ်းထိန်းသိမ်းရေးလို၊ ကျင့်ဝတ်ထိန်းသိမ်းရေးလို ဌာနတွေ သေချာဖွဲ့စည်းထားရှိပေမယ့် အဲဒီဌာနတွေကလည်း မလုပ်၊ မရှုပ်၊ မပြုတ်တွေပါပဲ။ ချောင်းဟန့်သံလောက်ပေးပြီး အချင်းချင်းညီညွတ်ရေးကိုပဲ ဦးတည်တာပါပဲ။ မီးစင်ကြည့်ကနေကြတာပါပဲ။ ဘယ်သူမှအမုန်းခံပြီး ထိထိရောက်ရောက် အရေးယူမနေပါဘူး။

Oxfam လို ကိစ္စမျိုးဆိုရင် ကျူးလွန်တဲ့ဝန်ထမ်းဟာ ကမ္ဘာလှည့်ပြီး ရောက်တဲ့နေရာ ကျူးလွန်နေတာပါပဲ။ တစ်နေရာမှာ အရေးယူရင် နောက်တစ်နေရာ ပြောင်းတာပါပဲ။ ဒီလိုပဲ အိုက်စလန်က ကလေးသူငယ်ဝန်ကြီးကိစ္စဆိုရင်လည်း နှစ်တွေအများကြီးကြာမှ အမှုအခင်းက ပေါ်ပေါက်တာဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ တစ်နည်းတစ်ဖုံ Impunity သဘောပါပဲ။ သူတို့ လူဆိုးစာရင်းသွင်းထားတဲ့နိုင်ငံတွေ အမှားအယွင်းဖြစ်ရင် သံပြိုင်ညီညာဖြဖြအော်လေ့ရှိတဲ့ နိုင်ငံတကာအသိုင်းအဝိုင်းဟာ သူတို့အမှားအယွင်းဖြစ်ရင်တော့ နှာစေးနေတတ်ပါတယ်။ သတင်းတွေတက်လာလည်း ခဏပါပဲ။

အခု နောက်ဆုံးထုတ်ပြန်တဲ့ UN အစီရင်ခံစာတစ်ခုမှာ ဖော်ပြသလို အတွင်းက ဝန်ထမ်းတွေကိုယ်တိုင်က UN ခေါင်းဆောင်မှုအပိုင်းကို အယုံအကြည်နည်းလာတယ်ဆိုတာ သာဓကတစ်ခုပါပဲ။ အတွင်းမှာ လုပ်ခဲ့လေ အကြောင်းပိုသိလေပါပဲ။ နှစ်စဉ် အစီရင်ခံစာတွေ၊ စစ်တမ်းတွေဆိုတာလည်း ဒီလိုပဲ ထွက်လာလိုက်၊ ပျောက်သွားလိုက်၊ ပြန်ပေါ်လာလိုက်နဲ့ အားလုံးက အဆင်ပြေသလို သွားနေကြတာပါပဲ။ ကမ္ဘာ့ပြည်သူတွေသာ သနားဖို့ကောင်းပါတယ်။ သူတို့အဖို့မှာ သက်ဆိုင်ရာအစိုးရတွေကို အယုံအကြည်နည်းတယ်ဆိုရင်တောင် နိုင်ငံတကာအဖွဲ့အစည်းတွေအပေါ် ယုံကြည်လို့မရတာကလည်း အသေအချာပါပဲ။ ။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဆိုင်ရာ ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲကို "အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ လူငယ်လူရွယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်များသည် ၁၀ နှစ်မှ ၁၅ နှစ်၊ ၁၆ နှစ်မှ ၂၀ နှစ်၊ ၂၁ နှစ်မှ ၂၅ နှစ်ဟူ၍ အသက်အရွယ် အပိုင်းအခြား (၃) ခု ခွဲခြား၍(တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်)လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ပိုစတာနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ Hard Copy၊ Soft Copy (၂)စုံ ပြုစု၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀)နာရီ မတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ myatthujack@gmail.com သို့ e-mail ဖြင့်ဖြစ်စေပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဦးမြတ်သူ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၀၉-၅၁၆၁၁၂၇ နှင့် ဦးလင်းဝေအောင်၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၃၁၈၅၁၂၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | Format | JPG A3 (297 x 420 mm) with the correct aspect ratio၊ |
| (၂) | Resolution | 300 dpi၊ |
| (၃) | File Size | 15 Mb ထက်မပိုစေရ၊ ၁၀ file ထက် မပိုရပါ၊ |

(၄) ပိုစတာရေးဆွဲရာတွင် tablet များ၊ stylus များ၊ ကွန်ပျူတာပရိုဂရမ်များအသုံးပြု၍ ဂရပ်ဖစ်နည်းပညာဖြင့် ဖန်တီးရမည်။

(ဂ) ပန်းချီနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ ပန်းချီ(မူရင်း)နှင့်အတူ Hard Copy (၂)စုံနှင့် Soft Copy CD(၁)ချပ် ပြုစု၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့(၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါက်တာလှဲ့လှဲ့အောင်၊ ညွှန်ကြားရေးမှူး၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၀၉-၅၁၀၉၄၁၁၂ နှင့် ဒေါ်နန်းရတနာထွန်း၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၅၁၂၃၅၂၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | File Submission Format | JPG၊ A3 (297 x 420 mm) with correct aspect ratio၊ |
| (၂) | Resolution | 300 dpi၊ |
| (၃) | File Size | 15 Mb ထက်မပိုစေရ၊ ၁၀ file ထက် မပိုရပါ။ |

(၄) ပန်းချီရေးဆွဲရာတွင် Pencil၊ Felt-tip Pen၊ Crayons၊ Paints၊ Sketch Markers၊ Sepia၊ Sanguine၊ Charcoal၊ Ink၊ Capillary Pen စသည့် ကိရိယာများအသုံးပြု၍ ရေးဆွဲနိုင်သည်။ အီလက်ထရွန်နစ်ပစ္စည်းများအသုံးပြု၍ ရေးဆွဲခြင်းမပြုရ။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ Soft Copy (CD) ၂ ချပ်ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့(၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ ms.khinmoeou@gmail.com သို့ e-mail ဖြင့်ဖြစ်စေပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန၏ www.mrtv.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါ်ခင်မိုးဥ၊ ညွှန်ကြားရေးမှူး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၀၉-၅၁၉၆၈၅၀ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၀၀၄၀၅၆၇၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | Format | mp 4၊ |
| (၂) | Resolution | 3840 x 2160 p ထက်မပိုစေရ၊ |
| (၃) | File Size | 300 Mb ထက်မပိုစေရ၊ |
| (၄) | Duration | 120 Seconds ထက်မပိုစေရ၊ |
| (၅) | Sound | 16-bit, stereo၊ ၁၀ ဖိုင်ထက် မပိုရပါ။ |

၃။ ပြိုင်ပွဲဝင်လက်ရာများတွင် ပြိုင်ပွဲဝင်လက်ရာ၏ ခေါင်းစဉ်၊ ရှင်းလင်းချက်စာသား(ပိုစတာများနှင့် ပန်းချီများအတွက်) သို့မဟုတ် တည်းဖြတ်ထားသော စာတန်းထိုးများ(ဗီဒီယိုများအတွက်)ကို ရုရှားဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြရန်နှင့် ပြိုင်ပွဲဝင်လက်ရာဖန်တီးသူ၏ Last name၊ First Name၊ အသက်(ဖန်တီးမှုအဖွဲ့လိုက်ဖြစ်ပါက တစ်ဦးချင်း၏ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်အလက်များ)နှင့် နိုင်ငံစသည့် အချက်အလက်များပါဝင်ရမည်။

၄။ ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့အနက်မှ ပထမဆုရရှိသည့် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံးသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပေးပို့ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပထမဆုအပါအဝင် အကောင်းဆုံး ပိုစတာ၊ ပန်းချီနှင့် ဗီဒီယို (၁၀)ခုစီကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုဆောင်ရွက်ချက်များအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံး၏ Website သို့ ပေးပို့သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲဝင်များသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့် ဆန့်ကျင်သောစာသားများ၊ ဓာတ်ပွက်များ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်သွင်းခြင်းမပြုရ၊

(ခ) မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်၊

(ဂ) ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်၊

(ဃ) ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်များကို မှန်ကန်စွာဖြည့်စွက်ပေးပို့ရမည်၊

(င) ပြိုင်ပွဲဝင်ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့ကို Artificial Intelligence(AI) နည်းပညာအသုံးပြု၍ ယှဉ်ပြိုင်ခြင်းမပြုရ။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်းပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

- ❖ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-
  - (က) လူထူထပ်သောနေရာများသို့ သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) အား စနစ်တကျဝတ်ဆင်ခြင်း၊
  - (ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊
  - (ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။
- ❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်(Hand sanitizer)ဖြင့် မကြာခဏ စနစ်တကျဆေးကြောခြင်း၊
- ❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**
(၂၅-၅-၂၀၂၅)

## သဘာဝဘေးအန္တရာယ်နဲ့ လူအများ ထိခိုက်ဒဏ်ရာရရှိမှုများအတွက် ကုသမှုဆောင်ရွက်ပေးနိုင်ရေး Mass Causality Management Plan (၂၀၂၅) ကို ရေးဆွဲထားပြီး အရေးပေါ်အခြေအနေမှာ ကျန်းမာရေးစောင့်ရှောက်မှုများကို စနစ်တကျ ဆောင်ရွက်နိုင်အောင် စီစဉ်ထားပါတယ်

**ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်လင်းအေး**

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ သဘာဝဘေးအန္တရာယ်နှင့် လူအများ ထိခိုက်ဒဏ်ရာရရှိမှုများအတွက် ကုသမှုဆောင်ရွက်ပေးနိုင်ရေး Mass Causality Management Plan (၂၀၂၅) အတိုင်း ဆေးရုံရှိ အဆောက်အအုံများ ပျက်စီးမှုများရှိနိုင်ခြင်းအပါအဝင် case scenario များဖြင့် ဓာတ်တိုက်လေ့ကျင့်ခြင်းကို မေ ၂၃ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးအရေးပေါ်ဌာနတွင် ပြုလုပ်ခဲ့သည်။**



အဆိုပါ သဘာဝဘေးအန္တရာယ်နှင့် လူအများ ထိခိုက်ဒဏ်ရာရရှိမှုများအတွက် ကုသမှုဆောင်ရွက်ပေးနိုင်ရေးနှင့်ပတ်သက်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်လင်းအေးနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြအပ်ပါသည်။

**မေး။ ။** အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်မှာ ဘယ်လိုအကြောင်းအရာတွေ ပါဝင်ပါသလဲ။ ဘယ်လိုနေရာတွေအထိ လွှမ်းခြုံနိုင်ပါသလဲ။

**ဖြေ။ ။** ကျွန်တော်တို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဟာ ခုတင် ၂၀၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးဖြစ်ပြီး မြန်မာပြည်မှာ အကြီးဆုံးဆေးရုံကြီးဖြစ်ပါတယ်။ လက်ရှိအနေအထားအရ တစ်ရက်ကိုပျမ်းမျှ အတွင်းလူနာ ၁၃၀၀ ခန့်၊ ပြင်ပလူနာ ၂၀၀၀ ခန့်နဲ့ အကြီးစားခွဲစိတ်မှု ၅၀ ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အရေးပေါ်ဆေးကုသမှုဌာနအနေနဲ့ နေ့စဉ်ပျမ်းမျှလူနာ ၂၅၀ ကို အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။

ကျွန်တော်တို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်မှု၊ ကုသရေးဦးစီးဌာနရဲ့ ညွှန်ကြားမှုနဲ့ သဘာဝဘေးအန္တရာယ်နဲ့ လူအများ ထိခိုက်ဒဏ်ရာရရှိမှုများအတွက် ကုသမှုဆောင်ရွက်ပေးနိုင်ရေး Mass Causality Management Plan (၂၀၂၅) ကို ရေးဆွဲထားပြီး အရေးပေါ်အခြေအနေမှာ ကျန်းမာရေးစောင့်ရှောက်မှုများကို စနစ်တကျ ဆောင်ရွက်နိုင်အောင်စီစဉ်ထားပါတယ်။

ရည်ရွယ်ချက်အနေနဲ့ သဘာဝဘေးအန္တရာယ်များနဲ့ အခြားသော လူအများ ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေကျရောက်ချိန်မှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ လူအများရဲ့ အသက်အန္တရာယ်ကို လျင်မြန်ထိရောက်စွာ ကယ်တင်ကုသဖို့နဲ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ရောက်ရှိလာတဲ့ လူနာတွေကို ပုံမှန်လုပ်ငန်းတွေ မပျက်စေဘဲ စနစ်တကျ စီမံခန့်ခွဲပြုစုကုသပေးနိုင်ဖို့ပဲဖြစ်ပါတယ်။

ကျွန်တော်တို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ လူအများ အစုလိုက် ထိခိုက်ဒဏ်ရာရရှိသူ လူဦးရေ ၁၀ ဦး တစ်ပြိုင်တည်းရောက်ရှိလာရင် ယင်းအခြေအနေကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လူအများ ထိခိုက်ဒဏ်ရာရရှိသူ ပထမ လူနာ ၃၀ ကို အရေးပေါ်ဌာနကတာဝန်ယူပြီး လူနာ ၃၀ မှ ၁၀၀ အတွင်းဖြစ်ရင် တစ်ဆေးရုံလုံး ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လူနာ ၁၀၀ ကျော်ရင်တော့ တခြားဆေးရုံတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။** ကြိုတင်သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်သွားမယ့်အစီအစဉ်နဲ့ ပူးပေါင်းဆောင်ရွက်မယ့်အဖွဲ့အစည်းများကို သိချင်ပါတယ်။ ဘယ်လိုအဖွဲ့အစည်းတွေ ပူးပေါင်းပါဝင်လို့ ရပါသလဲ။

**ဖြေ။ ။** ဓာတ်တိုက်လေ့ကျင့်ခန်းကတော့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရဲ့ ဆေးကုဆောင်တစ်ခုမှာ သဘာဝဘေးကြောင့် ပျက်စီးတဲ့ဖြစ်စဉ်ဖန်တီးပြီး လူနာ ၄၀ ခန့် တစ်ပြိုင်တည်း ရောက်ရှိတဲ့ scenario ပြုလုပ်တာဖြစ်ပါတယ်။ လူနာ ၄၀ နဲ့ လူနာစောင့် ၄၀ အဖြစ် ရန်ကုန်သူနာပြုသင်တန်းကျောင်းက သင်တန်းသား သင်တန်းသူတွေ ပါဝင်သရုပ်ဆောင်မှာဖြစ်ပြီး ဆေးရုံရှိ ဌာနအသီးသီးက ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီး/ငယ်များ၊ သူနာပြုကြီး/ငယ်များ၊ ဓာတ်ခွဲ/ဓာတ်မှန် စတဲ့ ကျွမ်းကျင်ဝန်ထမ်းများ၊ ဆေးရုံအုပ်ချုပ်မှုအဖွဲ့ဝင်တွေနဲ့ အငယ်တန်းဝန်ထမ်းများ၊ လသာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ လသာမြို့နယ်ရဲတပ်ဖွဲ့နဲ့ လသာမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်တွေက ပူးပေါင်းပါဝင်သရုပ်ဆောင်ကြမှာ ဖြစ်ပါတယ်။

**မေး။ ။** အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကြိုတင်ပြင်ဆင်ထားတဲ့ အခြေအနေ(ဆေးဝါး၊ သွေး၊ စက်ပစ္စည်းကိရိယာ၊ ဝန်ထမ်းအင်အား)သိချင်ပါတယ်။

**ဖြေ။ ။** ပထမဦးစွာအရေးပေါ်အခြေအနေဖြစ်လာရင် common and control center (အရေးပေါ်အခြေအနေကွပ်ကဲရေးအဖွဲ့)ကို ချက်ချင်းစုဖွဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အရေးပေါ်အခြေအနေကွပ်ကဲရေးအဖွဲ့အောက်မှာ လုပ်ငန်းအဖွဲ့ခွဲခြောက်ဖွဲ့နဲ့ အထောက်အကူအဖွဲ့ ခြောက်ဖွဲ့တို့ကို စနစ်တကျဖွဲ့စည်းပြီး အရေးပေါ်အခြေအနေကို စနစ်တကျ စီမံကွပ်ကဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လုပ်ငန်းအဖွဲ့ ခြောက်ဖွဲ့ကတော့

(၁) ဆေးရုံတွင်ရောက်ရှိလာသော လူနာများနှင့် ဆေးရုံဝန်ထမ်းများ လုံခြုံရေးအဖွဲ့
(၂) ဆေးကုသရေးအဖွဲ့နှင့်အထောက်အကူပြုအဖွဲ့
(၃) အရေးပေါ်လူနာများအတွက် ပစ္စည်းဖြည့်တင်းရေးအဖွဲ့
(၄) ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့
(၅) သတင်းဆက်သွယ်ပြန်ကြားရေးအဖွဲ့
(၆) လူမှုဆက်သွယ်ဆောင်ရွက်ရေးအဖွဲ့တို့ဖြစ်ပါတယ်။

**အထောက်အကူအဖွဲ့ ခြောက်ဖွဲ့ကတော့**

(က) ဓာတ်မှန်ဌာနအဖွဲ့
( ခ ) ရောဂါဗေဒဌာနအဖွဲ့
( ဂ ) ဥပဒေရေးရာဆေးပညာအဖွဲ့
(ဃ) သွေးလှူဘဏ်အဖွဲ့
( င ) သွေးဖြန့်ချိရေးအဖွဲ့
( စ ) Medical Store ဌာနအဖွဲ့တို့ဖြစ်ပါတယ်။

ဒီလုပ်ငန်းအဖွဲ့တွေနဲ့ အထောက်အကူပြုအဖွဲ့တွေမှာ အဖွဲ့ခေါင်းဆောင်အဖြစ် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူတွေ (ပါမောက္ခ/ဌာနမှူး၊ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးတွေနဲ့ ညွှန်ကြားရေးမှူး/ဒုတိယညွှန်ကြားရေးမှူး(ဆေးရုံအုပ်တွေ)က တာဝန်ယူဆောင်ရွက်ပြီး သက်ဆိုင်ရာအဖွဲ့ဝင်တွေနဲ့ အဖွဲ့အချင်းချင်း ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်ဖို့ ကြိုတင်ဓာတ်တိုက်လေ့ကျင့်တာဖြစ်ပါတယ်။

**မေး။ ။** အခြားဖြည့်စွက်ပြောလိုသည်များ ရှိပါက ပြောကြားပေးပါ။

**ဖြေ။ ။** ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ လူနာတွေအတွက် အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို အချိန်နှင့် တစ်ပြေးညီ ကုသမှုရရှိရေး ဆောင်ရွက်လျက်ရှိပါတယ်။ ယနေ့ခေတ်အခါမှာ သဘာဝဘေးအန္တရာယ်ကြောင့် လူအများစု ထိခိုက်ဒဏ်ရာရရှိတာတွေ ရှိပါတယ်။ ဥပမာအားဖြင့် မတ် ၂၈ ရက်နေ့မှာ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုတွေကို ပြည်သူအားလုံး သိရှိပြီးဖြစ်ပါတယ်။ သဘာဝဘေးဆိုတာ ကြိုတင်မသိနိုင်ပေမယ့် ထိခိုက်ဆုံးရှုံးမှုနည်းပါးအောင် ဆောင်ရွက်လို့ရပါတယ်။ “Practice make perfect” ဆိုတဲ့ စကားအတိုင်း အန္တရာယ်တစ်ခုခုကြောင့် လူအများစု ဒဏ်ရာရရှိနိုင်တဲ့ အရေးပေါ်အခြေအနေမှာ ကျွန်တော်တို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ ပုံမှန်ဆေးကုသမှုလုပ်ငန်းတွေကိုလည်း ဆက်လက်ဆောင်ရွက်ရင်း တစ်ပြိုင်တည်း ရောက်ရှိလာမယ့် လူနာတွေအတွက် အသက်ကယ်ဆယ်ရေး၊ ကုသရေးလုပ်ငန်းတွေကို စနစ်တကျ (အဖွဲ့ဝင်များဖြင့်) (Team work) ဖြင့် ဆောင်ရွက်သွားရင် အခက်အခဲကို ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ကုသရေးဦးစီးဌာနတွေရဲ့ လမ်းညွှန်ချက်တွေနဲ့ ညွှန်ကြားမှုအောက်မှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကျန်းမာရေးမိသားစုက ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေအတွက် အစဉ်အလေးထားပြီး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ယခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း - သီဟမင်းသစ်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# ၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားနှင့် ဒုတိယအကြိမ် သက်တမ်းအလိုက် လူသစ်တန်းနှင့် အသက် (၂၀) အောက် ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



**ရန်ကုန် မေ ၂၅**

၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၂၃ ရက်နှင့် ဒုတိယအကြိမ် သက်တမ်းအလိုက် လူသစ်တန်းနှင့် အသက် (၂၀)အောက် ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၂၄ ရက် ညနေပိုင်းက သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ (သုဝဏ္ဏ) ၌ ကျင်းပသည်။

**ဂုဏ်ပြုချီးမြှင့်**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တိုက်ကွမ်ဒိုပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲ၌ ရွှေပြည်သာမြို့နယ်မှ အမျိုးသမီးအကောင်းဆုံးဆုရရှိသူနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်မှ အမျိုးသားအကောင်းဆုံးဆုရရှိသူတို့ကို ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က ဆုတံဆိပ်နှင့်ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ကကွက်တံခွန်စိုက်ဆုရရှိသော မင်္ဂလာတောင်ညွန့်မြို့နယ်အသင်းနှင့် အတိုက်တံခွန်စိုက်ဆုရရှိသော မင်္ဂလာတောင်ညွန့်မြို့နယ်အသင်းတို့ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တံခွန်စိုက်ဆုနှင့်ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဂျူဒိုပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ဆုချီးမြှင့်ပွဲအခမ်းအနား၌ လူသစ်တန်းအမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ညွန့်ပေါင်းအသင်းမှ အကောင်းဆုံးဆုရရှိသော အားကစားသမား၊ လူသစ်တန်းအမျိုးသားပြိုင်ပွဲတွင် မြောင်းမြအသင်းမှ အကောင်းဆုံးဆုရရှိသော အားကစားသမား၊ သက်ငယ်တန်းအမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ညွန့်ပေါင်းအသင်းမှ အကောင်းဆုံးဆုရရှိသော အားကစားသမားနှင့် သက်ငယ်တန်းအမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ညွန့်ပေါင်းအသင်းမှအကောင်းဆုံးဆုရရှိသော အားကစားသမားများကိုလည်းကောင်း၊ သက်ငယ်တန်းပြိုင်ပွဲတွင် အမျိုးသမီးတံခွန်စိုက်ဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး ညွန့်ပေါင်းအသင်း၊ သက်ငယ်တန်းပြိုင်ပွဲတွင် အမျိုးသားတံခွန်စိုက်ဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးညွန့်ပေါင်းအသင်း၊ လူသစ်တန်းပြိုင်ပွဲ အမျိုးသမီးတံခွန်စိုက်ဆုရရှိသော ကမာရွတ်မြို့နယ်အသင်းတို့ကိုလည်းကောင်း တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဂျူဒိုဆပ်ကော်မတီသို့ ဂျူဒိုပစ္စည်းများနှင့် လှူဒါန်းငွေများကို မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌက ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဂျူဒိုဆပ်ကော်မတီမှ တာဝန်ရှိသူများက လက်ခံရယူသည်။

ဆက်လက်၍ လူသစ်တန်းပြိုင်ပွဲ အမျိုးသားတံခွန်စိုက်ဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး ညွန့်ပေါင်းအသင်းကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ငြေးကလည်းကောင်း၊ သက်ငယ်တန်းပြိုင်ပွဲတွင် စုပေါင်းတံခွန်စိုက်ဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး ညွန့်ပေါင်းအသင်းနှင့် လူသစ်တန်းပြိုင်ပွဲတွင် စုပေါင်းတံခွန်စိုက်ဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး ညွန့်ပေါင်းအသင်းကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးထိန်လင်း အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)ရှိ အားကစားကွင်း / ရုံများနှင့် အားကစားလေ့ကျင့်နေမှုကြည့်ရှုစစ်ဆေး

**တောင်ကြီး မေ ၂၅**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကျောင်းအုပ်ချုပ်မှုရုံးရှိ ရုံးခန်း၊ ဆေးခန်းများကို ကြည့်ရှုစစ်ဆေးကာ ရုံးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်၊ ကျောင်းဆေးခန်းအား သင်တန်းသား သင်တန်းသူများအတွက် အမှန်တကယ်ထိရောက်သည့် ကုသမှုရှိအောင်ဆောင်ရွက်ရန်နှင့် သင်တန်းသား သင်တန်းသူအိပ်ဆောင်များ အမြဲသန့်ရှင်းသပ်ရပ်စွာ ထားရှိရေး ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက နေ့စဉ်စစ်ဆေး၍ စစ်ဆေးချက်မှတ်တမ်း ထားရှိဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောင်းအုပ်ချုပ်မှုရုံး အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ တာဝန်ခံဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများသည် လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ပြဋ္ဌာန်းထားရှိသော ဥပဒေ၊ နည်းဥပဒေများအား နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ စနစ်တကျမှန်ကန်စွာ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အထူးသဖြင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိများဖြင့် အလေးအနက်ထားဂရုပြု၍ မိမိတို့ လုပ်ငန်းဆောင်တာများကို အစဉ်အမြဲဂရုပြုမှု လှုပ်ရှားဆောင်ရွက်ကြရန် အထူးမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုက်ကွမ်ဒိုအားကစားရုံ၌ တိုက်ကွမ်ဒိုအားကစားနည်း လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးကာ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများအလိုက် ပြိုင်ပွဲများ ကျင်းပရန်ရှိသဖြင့် အားကစားနည်းအလိုက် စံချိန်ကောင်းများ ရရှိအောင်လေ့ကျင့်ရန်နှင့် ကျောင်းအုပ်ကြီးအပါအဝင် တာဝန်ရှိသူများအားလုံး အားကစားနည်းများအလိုက် အခြေခံသဘောတရား၊ ဥပဒေသများကို ကိုယ်တိုင်သိရှိနားလည်၍ စံပြနေထိုင်လုပ်ကိုင်ကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ အားကစားကွင်းတို့ လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





# ပဲခူးတိုင်းဒေသကြီး၌ နွေရာသီအဆင့်မြင့် အားကစားသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**ပဲခူး မေ ၂၅**

ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၅ ခုနှစ် နွေရာသီအဆင့်မြင့်အားကစားသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီးအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီးတို့ တက်ရောက်ချီးမြှင့်သည်။

**အမှာစကားပြောကြား**

ဦးစွာပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အားကစားနည်းအလိုက် ဗီဇပါရမီရင့်သန်၍ အောင်မြင်မှုအလားအလာရှိသည့် ရွက်ပုန်းသီးမျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် နွေရာသီအဆင့်မြင့်အားကစားသင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးမည့် နွေ၊ မိုး၊ ဆောင်း နှစ်လုံးပေါက် အားကစားသင်တန်းများကို တက်ရောက်သင်ကြားနိုင်ရေး အားပေးပံ့ပိုးသွားကြရန်နှင့် သင်တန်းမှ သင်ကြားပေးလိုက်သည့် အားကစားနည်းအလိုက် နည်းစနစ်နှင့် ကျွမ်းကျင်မှုများကို အခြေခံပြီး ဆက်လက်လေ့လာလေ့ကျင့်ခြင်းများ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဟော်ကီ၊ ဘောလုံး၊ အေရိုးဗစ်နှင့် Fitness Dance အားကစားနည်းလေးနည်းမှ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။ ယင်းနောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ကရာတေး၊ ဘတ်စကက်ဘောနှင့် မြန်မာ့သိုင်းအားကစားနည်းသုံးနည်းမှ သင်တန်းသား သင်တန်းသူများကိုလည်းကောင်း၊ လူမှုရေးရာဝန်ကြီးက ဖူဆယ်၊ တင်းနစ်နှင့် ကြက်တောင်အားကစားနည်းသုံးနည်းမှ သင်တန်းသား သင်တန်းသူများကိုလည်းကောင်း သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ပဲခူးတိုင်းဒေသကြီး နွေရာသီအဆင့်မြင့်အားကစားသင်တန်းကို မေ ၉ ရက်မှ ၂၅ ရက်အထိ အားကစားနည်း ကိုးမျိုးအား ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး အားကစားနည်းအလိုက် စုစုပေါင်းသင်တန်းသား သင်တန်းသူ ၇၅၀ တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လျှော်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် မေ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့က ကြီးမှူး၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) က စီစဉ်ကျင်းပသော **“ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း”** (Forum on Rebuilding Myanmar: Post–Earthquake Economic Recovery) သုံးသပ်ဆွေးနွေးပွဲကို မေ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

သုံးသပ်ဆွေးနွေးပွဲတွင် “မန္တလေးငလျင်ကြီး၏ စီးပွားရေးအပေါ် ရိုက်ခတ်မှုများ”၊ “စီးပွားရေး ပြန်လည်ထူထောင်ရာတွင် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ”၊ “စီးပွားရေး ပြန်လည်ကုစားခြင်းအတွက် စုပေါင်းအဖြေရှာခြင်း” စသည့် ခေါင်းစဉ်သုံးခုကို ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ UMFCCI ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်တွင်းရှိ MSME လုပ်ငန်းရှင်များနှင့် စီးပွားရေးနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်ဆွေးနွေးသွားမည်ဖြစ်ပြီး နိုင်ငံတကာမှ စီးပွားရေးကျွမ်းကျင်ပညာရှင်များနှင့် လေ့လာသုံးသပ်သူများ (Observer) လည်း ပါဝင်တက်ရောက်သွားမည်ဖြစ်သည်။

သုံးသပ်ဆွေးနွေးပွဲကို မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသော စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်အားကောင်းလာစေရန်၊ ငလျင်ဘေးအလွန်ကာလတွင် ဖြစ်ပေါ်လာမည့် ပြည်တွင်း/ပြည်ပ ဈေးကွက်စီးပွားရေးအသစ်များ၊ နိုင်ငံ့စီးပွားရေး ပိုမိုကောင်းမွန်စေမည့် အခွင့်အလမ်းများနှင့် ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများကို သိရှိနိုင်စေရန်နှင့် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအခင်းအကျင်းနှင့် ပထဝီစီးပွားရေးအခွင့်အလမ်းများကို သိရှိအသုံးချပြီး ပြည်တွင်းမှ ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း ပေါင်းစည်းမြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**“ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း”** သုံးသပ်ဆွေးနွေးပွဲကျင်းပနေမှုကို MOI Website အပါအဝင် Myanmar Narrative Facebook Page၊ MRTV Facebook Page တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။




သုံးသပ်ဆွေးနွေးပွဲတက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် https:// myanmarnaarrative.org/၏ Registration Form မှတစ်ဆင့် အမည်စာရင်းပေးသွင်းနိုင်ပြီး အစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ ဖုန်း– ၀၆၇ ၃၄၁၂၂၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၅**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီး အဓွန့်ရှည်စွာ တည်တံ့နိုင်ရေးနှင့် မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် မဟာမုနိဘုရားကြီးရှေ့တော်၌ ကျင်းပသော မဟာမုနိဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ “နဝမ”အကြိမ် ဩဝါဒခံယူပွဲ အခမ်းအနားသို့ တက်ရောက်၍ နိုင်ငံတော်ဩဝါဒါစရိယ မဟာဓမ္မကာရာမကျောင်းတိုက် မိတ္ထီလာကျောင်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနပီယထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်လာကြသော ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မဟာမုနိဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးမှုများ ပြုပြင်ဆောင်ရွက်နေမှုတို့ကို တင်ပြလျှောက်ထားပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒများ ခံယူကြသည်။ ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရထံမှ အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့သွားရောက်၍ မဟာမုနိဘုရားကြီး ပြန်လည်ပြုပြင်ရန် ဩဝါဒါစရိယဆရာတော်ကြီးများနှင့်အတူ ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် ဩဝါဒါစရိယဆရာတော်ကြီးများနှင့်အတူ မဟာမုနိဘုရားကြီး၏ ဂန္ဓကုဋိတိုက်အတွင်းပိုင်းနှင့် အပြင်ပိုင်း ကြွံခိုင်မှုအခြေအနေများ၊ ကျောင်းတော်ကြီး၏ ဘုံခုနစ်ဆင့်နေရာတွင် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ရှေးမူမပျက်ဆောင်ရွက်နေသည့်အခြေအနေများနှင့် ဘုရားကြီး၏ ဘဏ္ဍာတော်တိုက် ကြံ့ခိုင်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့်အဖွဲ့သည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းနှင့် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ၂၀၂၅–၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပနိုင်ရေးအတွက် ကျောင်းသား ကျောင်းသူများအား စခန်းသွင်းလေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့ပြင် ၂၀၂၅–၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေမှု အခြေအနေများကို ကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်နှင့် ရန်မျိုးလုံရပ်ကွက်တို့ရှိ အန္တရာယ်ရှိ လူနေအဆောက်အအုံများအား စက်ယန္တရားများဖြင့် ဖြိုချရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ဟန်မြင့်မိုရ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ဒေသခံပြည်သူများအား ငလျင်ဒဏ်ခံနိုင်သည့်အဆောက်အအုံများ ဆောက်လုပ်နိုင်ရေး အသိပညာပေးဟောပြောပွဲသို့ တက်ရောက်၍ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရမည့်နည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့် အသုံးပြုရမည့်ပစ္စည်းများကို ကျွမ်းကျင်သူများနှင့်တိုင်ပင်၍ ပြုလုပ်ဆောင်ရွက်ရေး အသေးစိတ်ဆွေးနွေးပြီး ဒေသခံပြည်သူများ၏ သိရှိလိုသည့်အချက်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ် ကသဲစုကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ယာယီကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ကျောက်ဆည်မြို့ရှိ မြန်မာသံတော်မြတ်ကုမ္ပဏီလီမိတက် ကြွံနှစ်ကောင်ဘိလပ်မြေစက်ရုံရှိ လိုင်းအမှတ်(၁)မှ ဘိလပ်မြေထုတ်လုပ်နေမှုအခြေအနေနှင့် လိုင်းအမှတ်(၂)အား ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများ၊ ဆင်မင်းဘိလပ်မြေစက်ရုံနှင့် ALPHA ဘိလပ်မြေစက်ရုံတို့၌ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း မြိုင်သာယာ (အမြဲတမ်း) ပျိုးဥယျာဉ်၌ လူထုဖြန့်ပျိုးပင်များစိုက်ပျိုးထားရှိမှု ကြည့်ရှုအားပေး



မော်လမြိုင် မေ ၂၅

မွန်ပြည်နယ်တွင် သဘာဝသစ်တောသစ်ပင်များ ပြုန်းတီးမှုမရှိစေရေးနှင့် သစ်တောပြုန်းတီးမှုများ လျှော့ချနိုင်ရေးတို့ကို အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများသည် မေ ၂၄ ရက် နံနက်ပိုင်းက သစ်တောဦးစီးဌာန မော်လမြိုင်မြို့ မြိုင်သာယာ (အမြဲတမ်း) ပျိုးဥယျာဉ်၌ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက ပြည်နယ် ပျိုးခင်းအတွင်း အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်မြန်သစ်မျိုးများ၊ အမြဲစိမ်းသစ်မျိုးများ၊ အရိပ်ရသစ်မျိုးများနှင့် ဒီရေတောပျိုးပင် စိုက်ပျိုးဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိသည့် မြို့နယ်များသို့ လာမည့်မိုးရာသီကာလတွင် လူထုဖြန့်ပျိုးပင်များ ဖြန့်ဖြူးစိုက်ပျိုးနိုင်ရေး ပျိုးပင်များကို စနစ်တကျ စိုက်ပျိုးထားကြရန်၊ စိုက်ပျိုးပြီးအပင်များကိုလည်း တစ်ပင်စိုက်တစ်ပင်ရှင်စနစ်ဖြင့် အောင်မြင်အောင် ဆောင်ရွက်ရန်၊ ပျိုးသက် ၂ နှစ်အထက်အပင်များ စိုက်ပျိုးရန်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက အလေးထားဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မိုးရာသီတွင်စိုက်ပျိုးမည့် သစ်မာအမျိုးအစားများဖြစ်သော ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မန်ကျည်းရှား၊ ပျဉ်းမ စသည့် လူထုဖြန့်ပျိုးပင်များ ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# ရေဖြူမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



ရေဖြူ မေ ၂၅

တနင်္သာရီတိုင်း ဒေသကြီး ရေဖြူမြို့နယ်၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီတွင် ရေဖြူမြို့ (ခ) ရပ်ကွက် ခုတင်(၅၀)ပြည်သူ့ဆေးရုံဝင်းအတွင်း မြို့နယ်သစ်တောဦးစီးဌာနမှ စီစဉ်ကျင်းပသည်။

**စုပေါင်းစိုက်ပျိုး**

စုပေါင်း သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇင်လင်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းအောင်တို့က စိုက်ပျိုးမည့် အပင်များကို ပေးအပ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပြည်သူများ ၇၅ ဦးတို့က လက်ခံရယူပြီး သတ်မှတ်နေရာများ၌ ပျဉ်းကတိုးပင် ၁၀၀၊ မန်ကျည်းရှားပင် ၁၀၀၊ မဟော်ဂနီပင် ၄၀၊ မဲဇလီပင် ၃၀၊ စိန်ပန်းပင် ၃၀ ပျိုးပင်ပေါင်း ၃၀၀ တို့ကို စနစ်တကျ စုပေါင်းစိုက်ပျိုးပေးကြသည်။ ခတ္တာ



# ကျိုက်လတ်မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကျိုက်လတ် မေ ၂၅

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ၂၀၂၅ ခုနှစ် မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ ယနေ့နံနက် ၈ နာရီတွင် ကျိုက်လတ်မြို့နယ် ဆူးကဏန်းကျေးရွာအနီး ကျိုက်လတ်-မအူပင် ကားလမ်းဘေး၌ ကျင်းပသည်။

အဆိုပါ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဖျာပုံမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဇံရွှေ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ခံ တောအုပ်ကြီး ဦးအောင်မျိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်၊ ရာသီဥတုအပူဒဏ် ကာကွယ်နိုင်ရန်နှင့် ရာသီဥတု ကောင်းမွန်မျှတစေရန် ပျိုးပင်ပေါင်း ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျောက်တံခါးမြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပွဲတော်အခမ်းအနား ကျင်းပ

ကျောက်တံခါး မေ ၂၅

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာနက မိုးရာသီ (အကြို)သစ်ပင်စိုက်ပွဲတော်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မြို့ချောင်းကျေးရွာအုပ်စု ကာလူးကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်ဆွေက အခြေခံပညာမူလတန်းကျောင်း(ခွဲ)မှ ဆရာမ ဒေါ်ဆောင်းဦးမွန်သို့လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့သို့လည်းကောင်း၊ မြို့နယ်သစ်တောဦးစီး ဌာနမှ ဦးစီးအရာရှိဦးစိုးမင်းပိုင်က ကာလူးကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမောင်တုတ်သို့လည်းကောင်း ပျိုးပင်များ ပေးအပ်ကြသည်။



အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ၊ ကာလူးကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၉၅ ဦးတို့က နှစ်ပေအထက်ရှိသော ပျိုးပင်ပေါင်း ၃၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရေတာရှည်မြို့နယ်၌ အောင်နိုင်တိုးစပါးစံကွက်ရိတ်သိမ်း

ရေတာရှည် မေ ၂၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်တွင် အောင်နိုင်တိုး စပါးမျိုးစံကွက် ရိတ်သိမ်းခြင်းနှင့် တောင်သူ ပညာပေး ကွင်းသရုပ်ပြပွဲကို ယနေ့ နံနက် ၈ နာရီက သပြေတန်းကျေးရွာအုပ်စု ထန်းကုန်းကျေးရွာ ကွင်းအမှတ်(၆၂၇) တောင်သူ ဦးတင်ပိုင်၏ လယ်မြေဧက ၃၀ နွေစပါးစံပြကွက်၌ ပြုလုပ်ရာ စိုက်ပျိုးရေးဦးစီးဌာန စပါးသီးနှံဌာနခွဲညွှန်ကြားရေးမှူး ဦးတိုးမင်း၊ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုင်းသန်းအောင်၊ ရေတာရှည်မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် ကော်မတီဝင်များ တက်ရောက်ကြရာ အထွက်ကောင်း၊ စားသုံးမှုအရည်အသွေးကောင်း အောင်နိုင်တိုးစပါး မျိုးသန့်ပွားတိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး နည်းပညာများ ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ အောင်နိုင်တိုးစပါးအား စံကွက်ရိတ်သိမ်းရာ တစ်ဧကအစို ၁၅၃ ဒသမ ၇၅ တင်း၊ အခြောက် ၁၃၈ ဒသမ ၃၈ တင်းနှုန်း ထွက်ရှိပြီး ရိတ်သိမ်းထွက်ရှိသည့် အောင်နိုင်တိုးစပါးများကို မျိုးအဖြစ်ဝယ်ယူ ဖြန့်ဖြူးပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# သာပေါင်းမြို့နယ်၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုး

သာပေါင်း မေ ၂၅

ဧရာဝတီတိုင်း ဒေသကြီး သာပေါင်းမြို့နယ်တွင် မိုးရာသီအကြို စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီက ရွှေဇံအိုးကျေးရွာစု၌ ကျင်းပသည်။

မိုးရာသီအကြို စုပေါင်းသစ်ပင် စိုက်ပျိုးပွဲတော်ကို သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတု ကောင်းမွန်မျှတရေး၊ သစ်တောသစ်ပင်များ ထိန်းသိမ်းရန်ရည်ရွယ်၍ သစ်တောသစ်ပင်များ၏ တန်ဖိုးကို သိရှိနားလည်နိုင်စေရန်၊ ရာသီဥတု ကောင်းမွန်မျှတစေရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒအကျိုးများရရှိစေရေး၊ အပူချိန်လျှော့ချနိုင်စေရန် အပူဒဏ်ကာကွယ်နိုင်စေရေး စသည့် ရည်ရွယ်ချက်များဖြင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိရာမှ ၂၀၂၅ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းဇေယျာထိုက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဝင်းဇော်နှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုလှိုင်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ပျိုးပင်ပေါင်း ၄၀၀ တို့ကို ရွှေဇံအိုးကျေးရွာအုပ်စု သာပေါင်း-ပုသိမ် ကားလမ်းဘေး မိုင်တိုင်အမှတ်(၆/၅)တွင် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **သာပေါင်း(ပြန်/ဆက်)**



## ရွှေပြည်သာမြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၅

ရန်ကုန် တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ရွှေပြည်ရတနာခန်းမ၌ ကျင်းပသည်။



ဦးစွာ အခမ်းအနားကို အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပညာ့ဗိမာန် သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေ ဖွင့်လှစ်သည်။

ထို့နောက် မင်္ဂလာဒုံခရိုင် ပညာရေးမှူး ဒေါ်မာလာရီက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးက ဂုဏ်ပြုအမှာစကားနှင့် ပညာရေးနှင့်ပတ်သက်၍ ယမန်နှစ်က ဆောင်ရွက်ခဲ့မှုများအပေါ် အားနည်းချက်၊ အားသာချက်များ၊ ယခုနှစ် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူး ဖော်နိုင်ဦးက ကလေးသူငယ်များ မှုခင်းအသိပညာပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်မှ အခြေခံပညာ ကျောင်းများသို့ အခမဲ့ဖြန့်ဝေပေးသော ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို မင်္ဂလာဒုံခရိုင် ပညာရေးမှူး ဒေါ်မာလာရီနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများက ကျောင်းသားကျောင်းသူများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တိုက်ကြီးမြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေး အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တိုက်ကြီးမြို့ အခြေခံပညာ အထက်တန်းကျောင်း(မြို့မ) ရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း (မြို့မ)မှ ကျောင်းသား ကျောင်းသူများက ကျောင်းအပ်နှံရေးသီတင်းပတ် သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသူအောင် နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးတို့က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊



မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က နိုင်ငံတော်မှထောက်ပံ့သည့် ကျောင်းသုံးစာရေးကိရိယာများကို ကျောင်းအုပ်ကြီးနှင့် ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## နတ်တလင်းမြို့နယ်၌ မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

နတ်တလင်း မေ ၂၅

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၄ ရက် နံနက် ၉ နာရီက အ.ထ.က (နတ်တလင်း) ကျောင်း မနောဟဒယခန်းမ၌ ကျင်းပရာ နတ်တလင်းခရိုင်



စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းနှင်းစိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးဘိုဘိုအောင်နှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငုံဖူးဝေမြင့်နှင့်အဖွဲ့ဝင်များ၊ ဆရာဆရာမ ၂၅၀ တက်ရောက်ကြသည်။

ဦးစွာ နတ်တလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်က အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများအား အခမဲ့ ပုံနှိပ်စာအုပ်၊ ဝတ်စုံ၊ ဗလာစာအုပ်၊ သင်ထောက်ကူနှင့် ခဲတံများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် (၂) တို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)

## လေးမျက်နှာမြို့နယ်၌ မီးဘေးလုံခြုံရေး အသိပညာပေး စစ်ဆေးဆောင်ရွက်

လေးမျက်နှာ မေ ၂၅

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးရဲနောင်ဝင်း ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများရှိ လူနေအိမ်အဆောက်အအုံများအား မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက်ပိုင်း၌ မီးသတ်ဦးစီးမှူးနှင့် သန္နေ့အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကို အသိပညာပေးမှာကြားခြင်းတို့ ဆောင်ရွက်သည်။

ထို့ပြင် လေးမျက်နှာမြို့နယ် ဒုတိယမီးသတ်ဦးစီးမှူး ဦးထက်ဝေဦးက ရပ်ကွက်ကျေးရွာအုပ်စုများအတွင်းရှိ လူနေအိမ်များတွင် လျှပ်စစ်သွယ်တန်းသုံးစွဲမှု အခြေအနေများ၊ မီးသုံးစွဲမှုအခြေအနေများ၊ မီးဘေး



တားဆီးကာကွယ်ရေးပစ္စည်းများ ထားသိုသုံးစွဲမှုအခြေအနေများ စစ်ဆေးကာ လိုအပ်သည်များအား လိုက်နာဆောင်ရွက်ရန် အသိပညာပေး မှာကြားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှောဦးသာ

စာအုပ်စာပေ လူ့မိတ်ဆွေ — စာပေမြင့်မှ လူမျိုးတင့်မည်

## ကျောင်းတော်သွားစို့ ဖော်ချင်းတို့

✻ ကျောင်းနေအရွယ် ကလေးများ
တို့သွေးသား အရင်းအချာ၊
သားကောင်းမွန် သမီးမြတ်လို့
မှတ်ကျောက်တင်မှာ၊
ယဉ်ကာလန်းစေဖို့
ပညာပန်း ပန်ဆင်ကာ
ကြန်အင်္ဂါ တင့်ရှန်း။။
နောင်ချိန်ခါ အခြေတကျရယ်နဲ့
နေလသို့ထွန်း။။

✻ နေလနှယ် ငမောက်ပတ္တမြားသို့
တောက်ကြွားလို့ ဝင့်ထည်ရန်၊
ရင်သွေးငယ် မောင်မယ်အပေါင်းကို
ကျောင်းသို့အပ်နှံ၊
အပေါင်းအဖက်တွေနဲ့
ကျောင်းတက်ဖို့ထက်သန်
မနက်ဖြန်ရဲ့ နောင်အရေး။။
ပညာ အခြေခံကောင်းပါတဲ့
အခြေခံ ပညာကျောင်းတွေက
ခေါင်းလောင်းသံပေး။။

✻ ခေါင်းလောင်းသံ အေးချိုမြ
တေးဆိုကြ ပေါင်းဖော်တွေ
မြူး ရွှင်လို့နေ၊
တို့များရဲ့ ဆရာဆရာမတွေ
ထာဝရအမွေ ပေးဝေဖို့။။
ရွှေမျက်နှာ ပျားရည်ဆမ်းရယ်နဲ့
လက်ကမ်းကြိုလို့။။

✻ ကျောင်းနေအရွယ် ကျောင်းနေမှ
ကောင်းမွေရ ပညာကြွယ်၊
ဗလငါးတန် အားအင်ပြည့်ဖို့
ဖြည့်ဆည်းကြမယ်၊
အနာဂတ်ရဲ့ သောက်ရှူးကြယ်
ရင်သွေးငယ် ရတနာများ။။
ဘက်စုံပညာ ထပ်ဆင့်လောင်းနေတဲ့
ကျောင်းတော်သို့သွား။။ ။

ရေနံ့သာမောင်ကျော်ညွန့်

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

### ဗကဗြဟ္မာကြီးကို ချေချွတ်ဆုံးမခြင်း

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သူ၏ရဟန်းတပည့်များအား အတိတ်အကြောင်းတစ်ခု ပြန်လည်ဟောကြားသည်။ ဘုရားရှင်သည် အခါတစ်ပါး၌ ဥက္ကဋ္ဌမြို့ သုဘဂမည်သောတောအုပ်အတွင်း အင်ကြင်းပင်ရင်း၌နေတော်မူစဉ် အာဘဿရဗြဟ္မာဘုံ၌နေသော ဗကဗြဟ္မာကြီး၏ စိတ်သန္တာန်တွင် နိစ္စ(မြဲခြင်း) ဟူသော မိစ္ဆာအယူကိန်းအောင်းနေသည်ကို မြင်လေသည်။ ဘုရားရှင်ကြွသွားပြီး ဤဗကဗြဟ္မာမင်းကို နှိမ်နင်းချေချွတ်ခဲ့ရသည်။ ဤသို့အကြောင်း အတိတ်ဖြစ်ရပ်ကိုပြန်လည်၍ဘုရားရှင်ကဟောကြားတော်မူသည်။

ဤဗြဟ္မာကြီးသည် ရှေးအခါက လူ့ဘဝ၌ အနှစ်တစ်သန်းမျှလောက် ရသေ့၊ ရဟန်းပြု၍ လောကီစျာန်သမာပတ်ကို မပြတ်လေ့လာသည်။ ၎င်းစုတေသောအခါ ဝေဟပ္ဖိုလ်မည်သော ဗြဟ္မာဘုံ၌ဖြစ်လေသည်။ ထိုဘုံ၌ မဟာကပ်ငါးရာပတ်လုံး ဗြဟ္မာတို့၏ ချမ်းသာကို ခံစားခဲ့သည်။ ထိုမှ စုတေသောအခါ "သုဘကိဏှာ" ဗြဟ္မာ့ဘုံ၌ တစ်ဖန်ခံစားသည်။ မဟာကပ် ၆၄ ကမ္ဘာတိုင် ဗြဟ္မာအရသာကို ခံစားပြန်ပါသည်။ တစ်ဖန် ဤသို့ဖြင့် ဤဘုံဘဝမှစုတေသော် "အာဘဿရ" ဗြဟ္မာဘုံ၌ မဟာကပ်ရှစ်ကမ္ဘာကို ခံစားပြန်သည်။ ထိုဘုံမှတစ်ဆင့် စုတေပြန်သော် ပထမစျာန် အာနုဘော်ကြောင့် အန္တရကပ် ၁၆ ကပ် အသင်္ချေယျကပ်အားဖြင့် တစ်ကပ်သာ အသက်ရှည်သော ထိုအာဘဿရ ပထမစျာန်ဘုံ၌ပင် ဖြစ်လေသည်။

ဗကဗြဟ္မာသည် အထက်ဗြဟ္မာဘုံမှ အောက် ဗြဟ္မာဘုံသို့ အလျင်အမြန် ခဏခဏသေ၊ ခဏခဏပြန်ဖြစ် ဖြုတ်ခနဲ အဖြစ်မြန် အပျက်မြန်သောကြောင့် ၎င်းသည် ဖြစ်ခဲ့ပြီးသော ရုပ်နာမ်အစဉ်ကို မမှတ်မိဖြစ်လေသည်။ အောက်၌ဖြစ်သော ဗြဟ္မာဘုံတို့၌ ပဋိသန္ဓေကိုလည်း မထင်ဘဲရှိခဲ့သောကြောင့် နဂိုအတိုင်းတည်နေသည်ဟု မှတ်ယူလေသည်။ ထို့ကြောင့် ဗကဗြဟ္မာသည် သူ့စိတ်သန္တာန်၌ မြဲသည်၊ မပြောင်းလဲ နိစ္စ၊ ဓူဝ ချမ်းသာပေတည်း။ ဗြဟ္မာလောက၊ ဗြဟ္မာဘဝသည် ဤသို့ဖြစ်သည်ဟု ထင်လေသည်။ ဗြဟ္မာလောက၌ ပဋိသန္ဓေနေသူ၊ အိုသူ၊ နာသူ၊ သေသူ၊ သေပြီးသောအခါ နောက်ဘဝ၌ တစ်ဖန်ဖြစ်သူဟူ၍မရှိ။ အိုခြင်း၊ နာခြင်း၊ သေခြင်း စသည့် ဆင်းရဲခြင်းမရှိ၊ မြင့်မြတ်သည့် ချမ်းသာနိဗ္ဗာန်တည်းဟု ၎င်းကထင်သည်။ ထို့ပြင် ဤဗြဟ္မာလောကမှတစ်ပါး မွန်မြတ်သော ထွက်မြောက်ရာလည်း မရှိဟူ၍ နိစ္စ (မြဲခြင်း) ဟူသော အယူလွဲမှားနေလေသည်။ မိမိအနီးအပါး၌ ဖြစ်သော ၇၂ ဦးသောဗြဟ္မာတို့လည်း ဤသို့ပင်အယူရှိကြကုန်သည်။

ဘုရားရှင်သည် ဥက္ကဋ္ဌမြို့ သုဘဂမည်သောတောအုပ်အတွင်းရှိ အင်ကြင်းပင်ရင်းတွင် သီတင်းသုံးတော်မူစဉ် ထိုဗကဗြဟ္မာမင်း၏ မိစ္ဆာအယူစွဲမှုကို သိ၍ တစ်မုဟုတ်ချင်း "အာဘဿရ" ဗြဟ္မပြည်သို့ ထင်ရှားစွာရပ်တော်မူလေသည်။ ဗကဗြဟ္မာမင်းသည် ဘုရားရှင်ကို မြင်သောအခါ ခရီးဦးကြိုပြုလေသည်။

ဗကဗြဟ္မာမင်းက "အရှင်မြတ် ကြွလာပါလော့။ ယခုကဲ့သို့ ကြွလာခြင်းသည် ကောင်းသောလာခြင်း ဖြစ်ပါသည်။ အရှင်မြတ်သည် ဗြဟ္မပြည်သို့ကြာမြင့်မှ လာရောက်ဘိ၏။ လုံ့လပြု၍ ကျင့်တော်မူပါ။ ဤဗြဟ္မပြည်သည် ဆင်းရဲခြင်းကင်း၏။ ဤလောကသည်မြဲ၏။ ဗြဟ္မာကိုယ်သည် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ နောက်တစ်ဖန် ပဋိသန္ဓေနေရခြင်းမရှိ။ ဆင်းရဲခြင်းအပေါင်းတို့ ကင်းချုပ်၏။ ထာဝရချမ်းသာသော နိဗ္ဗာန်ပေတည်း။ ဤဗြဟ္မာလောကမှတစ်ပါး လွတ်မြောက်ရာလည်းမရှိ"ဟု ဘုရားရှင်အား လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်သည် ထက်ဝန်းကျင်မှ ရောက်လာကုန်သော ဗြဟ္မာတို့အား သက်သေထား၍ အမြိုက်တရားတို့ကို တိုက်ကျွေးသည်။ ဘုရားရှင်က "အို ဗြဟ္မာအပေါင်းတို့ ဤဗကဗြဟ္မာကြီးသည်အမှောင်တည်းဟူသော အဝိဇ္ဇာသို့ဝင်ရောက်လေ၏။ မိမိကိုယ်တိုင် ချုပ်နှောင်ခံရသော မြှုံးတွင်း၌ ငှက်သည် လွတ်ထွက်ပြီးသောသတ္တဝါတို့ကို ငါ့ထံသို့လာလှည့်ဟုခေါ်သကဲ့သို့ မှားယွင်းသော မိစ္ဆာဉာဏ်ဖြင့် ဗြဟ္မာဘဝကို နိဗ္ဗာန်ထင်မှတ်နေခြင်းဖြစ်သည်။ မိမိ၏နောက်ဖြစ်လာမည့်ဘေးကိုမမြင်ပါ။ အနိစ္စကိုပင် နိစ္စ၊ ဒုက္ခကို သုခဟု မှားယွင်းစွာသိနေသည်။ ဤပထမစျာန် ဗြဟ္မာလောကမှ တစ်ပါး ထိုထက်သာလွန်သည့် ချမ်းသာနှင့်ပြည့်စုံသော ဒုတိယစျာန် ဗြဟ္မာလောက၊ တတိယစျာန် ဗြဟ္မာလောက၊ စတုတ္ထစျာန်ဗြဟ္မာလောကကိုလည်း မသိရှိပါ။ ထိုထိုထက် အဆပေါင်းများစွာ သာလွန်မြင့်မြတ်၍ ဝဋ်ဆင်းရဲအပေါင်းမှ ကေန်လွတ်မြောက်သည့် မဂ်ဖိုလ်နိဗ္ဗာန်ကို မသိ၊ မမြင်ဘဲ၊ မက်လောက်စရာမရှိသည့် ဤပထမစျာန် ဗြဟ္မာလောကလေးကို အမြင့်မြတ်ဆုံး အချမ်းသာဆုံးနိဗ္ဗာန်ဟူ၍ ထင်မှားပြီး မှားယွင်းစွာထင်မှားနေဘိသည်"ဟူ၍ မိန့်တော်မူလေသည်။

ဘုရားရှင်၏ မိန့်ကြားသော တရားသံကို ကြားရသော ဗကဗြဟ္မာသည် သူ့အား ဘုရားရှင် အပြစ်တင်ချက်ကိုဝှက်၍ ဆင်ခြေပေးလိုသည့် သဘောဖြင့် ပြန်လည်လျှောက်ထားလေသည်။ "အရှင်မြတ်ဘုရား ဤသဿတဝါဒ (နိစ္စဝါဒ) ကို တပည့်တော်နှင့် ရှေ့ကုသိုလ်ပြုဖက် ဗြဟ္မာ ၇၂ ဦးသည် တပည့်တော်ကဲ့သို့ပင် သဘောရှိကြပါ၏။ ဤသို့သောအားဖြင့် တပည့်တော်အား ၎င်းဗြဟ္မာတို့က လွန်စွာချီးမြှောက်ပူဇော်ကြလျက် နိစ္စထာဝရတည်းဟူသော နိဗ္ဗာန်ပင်ထင်မှတ်ကြပါသည်။ ထို့ကြောင့် ဗြဟ္မာစင်စစ်နိဗ္ဗာန်ဟု ဆိုပေသတည်း"ဟု လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်သည် "အို ဗကဗြဟ္မာ သင်သည် ဤဗြဟ္မာဘုံ၌ သက်တမ်းအတိုင်းနေရပြီးသော် စုတေရဦးမည်။ နောင်ဘဝ၌ ဖြစ်ရဦးမည် ဧကန်တည်း။ သင်သည် ဇာတိ၊ ဇရာ၊ မရဏ ကင်းသည့်ဘဝ မရောက်သေးပေ။ စုတေရဦးမည်။ သင်သည် ပညာကင်းမဲ့သောကြောင့် သင်မသိပေ။ ထိုသို့ဘဝများထက် သာလွန်သော အသက်ရှည်ဗြဟ္မာဘုံ "သုဘ ကိဏှာ၊ ဝေဟပ္ဖိုလ်၊ အဝိဟာဘုံ" ရှိသေးသည်။ ထိုဘုံဘဝများကို ငါသိသည်။ သင်ဗကဗြဟ္မာသည် ဤမျှတန်ခိုးကြီး၏။ ဤမျှ အာနုဘော်ကြီး၏။ ဤကျော်စောအခြွေအရံများရှိသည်ဟူ၍လည်းကောင်း၊ သင်၏ပုံအလုံးစုံကိုလည်းကောင်း၊ သင်၏ အစွမ်းသတ္တိကိုလည်းကောင်း ငါဘုရားသိ၏။ သင် ဤဗြဟ္မာဘုံသို့ ရောက်လာခဲ့ရခြင်း၏ ရှေးအကြောင်းကိုလည်း ငါဘုရားသိတော်မူ၏"ဟု မိန့်တော်မူလေသည်။

ထိုအခါ ဗကဗြဟ္မာသည် ဘုရားရှင်အား "အရှင်ဂေါတမ တပည့်တော်၏ ဘဝအဆက်ဆက် သက်တမ်းကိုလည်းကောင်း၊ ဖြစ်ခဲ့ဖူးသည့် ဘဝများကိုလည်းကောင်း၊ ရှေးကတပည့်တော် ပြုခဲ့ဖူးသည့် စျာန်ကုသိုလ်များကိုလည်းကောင်းသိသည်ဟု အရှင်ဘုရားဆိုပေသည်။ တပည့်တော် ရှေးဘဝကပြုခဲ့သည့် စျာန်ကုသိုလ်များကို ဟောကြားပေးတော်မူပါ"ဟု လျှောက်ထားသည်။ ဘုရားရှင်ကလည်း ၎င်း၏ ရှေးဘဝများစွာက ဖြစ်ခဲ့သည့် အကြောင်းအရာများကို ဤသို့ ဟောကြားတော်မူလေသည်။

"ဗကဗြဟ္မာ သင်သည်ရှေးဘဝအတိတ်က ကေသဝမည်သည့် စတုတ္ထစျာန်ရ ရသေ့ဖြစ်စဉ်က

(၁) သင်သည် အခါတစ်ပါး၌ လှည်းကုန်သည် ငါးရာတို့သဲကန္တာရ၌ အစာရေစာပြတ်လပ်၍ သေကြရမည်ကို မြင်သောကြောင့် မြစ်ရေယာဉ်ကြီးကို စီးပြီး သစ်သီးမျိုးစုံပါသော ဥယျာဉ်ကြီးကို ဖန်ဆင်းပေးခဲ့၍ ထိုလူအပေါင်းတို့ အသက်ချမ်းသာစွာ ဖြစ်စေရန် ကယ်တင်ခဲ့ဖူး၏။

(၂) နောက် အခါတစ်ပါး၌ ပစ္စန္တရစ်ရွာကို ခိုးသားငါးရာတို့ လာရောက်တိုက်ခိုက်သောအခါ သင်သည် မင်း၏ စစ်တပ်ကိုဖန်ဆင်း၍ ထိုခိုးသားငါးရာကို ခြိမ်းခြောက်ကာလန့်ထွက်ပြေးစေပြီး ရွာသားများကို ကယ်တင်ခဲ့ဖူးသည်။

(၃) နောက်အခါတစ်ပါး၌ ဂင်္ဂါမြစ်ထဲတွင် လူများစွာတို့ လှေဖြင့်သွားလာသောအခါ ၎င်းတို့ စားသောက်ပြီးသော စားကြွင်းစားကျန်များကို မြစ်ထဲသို့ပစ်ချသည်။ ဤသို့ ပြုလုပ်သောကြောင့် နဂါးမင်းက အမျက်ထွက်ကာ ထိုလူတို့အား သူ၏ ပါးပျဉ်းထောင်၍ သတ်မည်ပြုစဉ် သင်သည် ဂဠုန်ငှက်အသွင်ဖန်ဆင်း၍ နဂါးပြေးစေရန် ပြုလုပ်ပြီး ၎င်းတို့၏အသက်ကို ကယ်ခဲ့သည်။

(၄) သင်သည် ထိုကေသဝရသေ့ဖြစ်စဉ်က ငါဘုရားသည် သင်၏ အန္တေဝါသိက တပည့်ကြီး ကပ္ပရသေ့ဖြစ်ခဲ့၏။ သင်သည် ငါနှင့်ကင်းကွာနေရ၍ စိတ္တဇဖြင့် ဝမ်းရောဂါဖြစ်လေသော် ငါဘုရား (ကပ္ပရသေ့)က ပြုစုခဲ့ဖူး၏"ဟူ၍ ဗကဗြဟ္မာ၏ အတိတ်ဘဝ ကေသဝရသေ့၏ အကြောင်းစုံဖြစ်ရပ်များကို ဟောကြားလေသည်။

ထို့ပြင် ဘုရားရှင်က အချင်းဗကဗြဟ္မာ သင်သည် ကေသဝရသေ့ဖြစ်စဉ်က စတုတ္ထစျာန်ကို ရခဲ့သည်။ ထိုထိုကုသိုလ်ကောင်းမှုတို့ကို ပြုခဲ့ခြင်းတို့ကြောင့် သင်သည် "ဝေဟပ္ဖိုလ်ဗြဟ္မာဘုံ"၌ ဖြစ်ရသည်။ ထိုဘုံ၌ တတိယစျာန်ကို ပွားများဖန်များသဖြင့် စုတေသော် "သုဘကိဏှာ" ဗြဟ္မာဘုံ၌ ဆင်း၍ ဖြစ်ရသည်။ ထိုဘုံမှ ဒုတိယစျာန်ကို ပွားများသောကြောင့် စုတေသောအခါ "အာဘဿရ" ဗြဟ္မာဘုံ၌ ဆင်း၍ ဖြစ်ခဲ့ရပြန်သည်။ ထိုဘုံမှာပင် ပထမစျာန်ကို လေ့လာပွားလျက် စုတေသောအခါ ဤအာဘဿရ ဗြဟ္မာဘုံ၌ပင် ပြန်ဖြစ်ရလေသည်။ ထိုကဲ့သို့သော ဘဝ၊ လူ့ဘဝ၊ ဗြဟ္မာဘဝများနှင့်တကွ ထိုထိုဘဝများစွာတို့၌ ထိုထိုကုသိုလ်ကောင်းမှုတို့ကို အောက်မေ့လေလော့ဟု ဘုရားရှင်က ဗကဗြဟ္မာအား ရှေးဘဝအကြောင်းတို့ကို အောက်မေ့နိုင်ရန် တိုက်တွန်းဟောကြားလေသည်။

ဘုရားရှင်က ဤသို့ ဟောကြားလိုက်သောကြောင့် ဗကဗြဟ္မာသည် ၎င်း၏ဉာဏ်ထဲ၌ အတိတ်ဘဝအလုံးစုံကို ထင်ရှားလာသဖြင့် မိစ္ဆာဝါဒမှကင်းလျက် သဒ္ဓါတရားများ ရွှန်းစို၍ ကြည်ညိုသောစိတ်များ တဖွားဖွားဖြစ်လာလေသည်။ ၎င်းက "မြတ်စွာဘုရားရှင်သည် တပည့်တော်၏ ထိုထိုဘဝအလုံးစုံကို အသက်ပိုင်းခြား၍ သိမြင်တော်မူပါပေ၏။ ထိုသို့ဖြင့် နေယျတရားအားလုံးကိုလည်း ပိုင်းခြားသိမြင်တော်မူပါ၏။ ထို့ကြောင့် သဗ္ဗညုတဗုဒ္ဓဖြစ်ကြောင်း မှန်လှပေသည်။ ရှင်တော်ဘုရား၏ အရှိန်အဝါ ထွန်းလင်းတောက်ပြောင် ကိုယ်တော်ရောင် အာနုဘော်သည် ဗြဟ္မာပြည်တစ်ပြည်လုံး ထွန်းလင်းတောက်ပလျက်ဖြစ်ပေ၏"ဟူ၍ ဂါထာဖြင့် ချီးကျူးလျှောက်ထားလေသည်။

ထို့နောက်ဘုရားရှင်သည်လာရောက်ဆည်းကပ်ကုန်သော ဗြဟ္မာအပေါင်းတို့အား "ငါဘုရားသည် ဘဝသုံးပါး၊ ဝဋ္ဋရထားတွင် ပဋိသန္ဓေ အို၊ နာ၊ သေရေး ကြောက်မက်ဖွယ်ဘေးတို့ကို လည်းကောင်း၊ သတ္တဝါအပေါင်း၏ ဘုံသုံးပါး၌ မရပ်မနားဖြစ်ပွားခြင်းကိုလည်းကောင်းမြင်သည့်အတွက်ကြောင့်ပင် တစ်စုံတစ်ခုသောဘဝကိုမျှ တဏှာဒိဋ္ဌိတို့၏ အစွမ်းဖြင့် နိစ္စ၊ ဓူဝ၊ သဿတ စသည်တို့ဖြင့် အထင်မမှားကြပြီ။ ဘဝတဏှာကိုလည်း မဂ်လေးပါးဖြင့် ပယ်သတ်သဖြင့် မကပ်ရောက်၊ မစွဲကပ်တော့ပြီ" ဟူ၍ ဂါထာဖြင့် ဟောကြားတော်မူသည်။

ယင်းတရားအပေါင်းကို နာကြားရသော ဗြဟ္မာအပေါင်းတို့သည် တချို့က သောတာပန်၊ တချို့က အနာဂါမ်၊ တချို့က ရဟန္တာဖြစ်ကြလေသည်။ ထိုအခါ ဘုရားရှင်၏တရားကို နာကြားရသောကြောင့် ဗြဟ္မာအပေါင်းတို့ လွန်စွာနှစ်သက်ဝမ်းမြောက်ပြီး ဘုရားရှင်အား ချီးကျူးထောမနာပြုကြလေသည်။

(ဆက်လက်ဖော်ပြပါမည်)



"ဗကဗြဟ္မာသည် ၎င်း၏ဉာဏ်ထဲ၌ အတိတ်ဘဝအလုံးစုံကို ထင်ရှားလာသဖြင့် မိစ္ဆာဝါဒမှကင်းလျက် သဒ္ဓါတရားများရွှန်းစို၍ ကြည်ညိုသောစိတ်များ တဖွားဖွားဖြစ်လာလေသည်။ ၎င်းက "မြတ်စွာဘုရားရှင်သည် တပည့်တော်၏ ထိုထိုဘဝအလုံးစုံကို အသက်ပိုင်းခြား၍ သိမြင်တော်မူပါပေ၏။ ထိုသို့ဖြင့် နေယျတရားအားလုံးကိုလည်း ပိုင်းခြားသိမြင်တော်မူပါ၏။ ထို့ကြောင့် သဗ္ဗညုတဗုဒ္ဓဖြစ်ကြောင်း မှန်လှပေသည်။ ရှင်တော်ဘုရား၏ အရှိန်အဝါ ထွန်းလင်းတောက်ပြောင် ကိုယ်တော်ရောင် အာနုဘော်သည် ဗြဟ္မာပြည်တစ်ပြည်လုံး ထွန်းလင်းတောက်ပလျက်ဖြစ်ပေ၏"ဟူ၍ ဂါထာဖြင့် ချီးကျူးလျှောက်ထား"

# IKO Kids & Youths Championships Myanmar and IKO Weight Category and Championships Myanmar 2025 ကရာတေးပြိုင်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၅

IKO Myanmar (International Karate Organization Myanmar) က ကြီးမှူးကျင်းပသည့် IKO Kids & Youths Championships Myanmar and IKO Weight Category and Championships Myanmar 2025 ကရာတေးပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC Hall)၌ ကျင်းပသည်။




“ကျွန်တော်တို့ IKO မြန်မာက ကြီးမှူးပြီးတော့ ဒီလိုပြိုင်ပွဲတွေကို ၁၉၈၄ ပြည့်နှစ်က စတင်ကျင်းပလာခဲ့တာ အခုဆိုရင် ၄၁ နှစ် သက်တမ်းရှိပါပြီ။ ဒီလိုမျိုး ကရာတေးပြိုင်ပွဲတွေ လုပ်ခြင်းအားဖြင့် ကလေးတွေကို ခိုင်မာတဲ့ စိတ်ဓာတ်ရရှိစေမှာဖြစ်ပါတယ်။ ကလေးတွေကို သင်ပေးတဲ့နေရာမှာလည်း ဘယ်လောက်ပဲ ခက်ခဲခက်ခဲ အရှုံးမပေးတဲ့ စိတ်ဓာတ်ရရှိအောင် သင်ပေးပါတယ်။ နောက်တစ်ချက် သင်ပေးတာကတော့ စည်းကမ်းပိုင်းပါ။ စည်းကမ်းဆိုတဲ့နေရာမှာ ကိုယ်စိတ်နှလုံး ကောင်းမွန်ဖို့ပါ။ စိတ်ရော ကိုယ်ရော နှစ်ပြီး လုပ်ဆောင်ဖို့၊ တစ်ဦးနဲ့တစ်ဦး လေးစားမှုရှိဖို့၊ ပတ်ဝန်းကျင်ကို လေးစားဖို့၊ စည်းမျဉ်း ဥပဒေတွေကို လေးစားလိုက်နာဖို့၊ အာရုံစူးစိုက်မှုရှိဖို့၊ တာဝန်ယူ တာဝန်ခံမှုရှိဖို့လိုပါတယ်။ နောက်ဆုံးကတော့ အရှုံးမပေးတဲ့ ဖွဲ့ရရှိစေမှာဖြစ်ပါတယ်” ဟု IKO Myanmar (International Karate Organization Myanmar)၏ မြန်မာနိုင်ငံ တာဝန်ခံ ဦးမင်းလွင်က ပြောသည်။

**ယှဉ်ပြိုင်**

အဆိုပါပြိုင်ပွဲတွင် အသက် ၁၈ နှစ်အောက် ကစားရသည့် သက်ငယ်တန်း၊ အသက် ၁၈ နှစ်အထက် ကစားရသည့် သက်ကြီးတန်းဟူ၍ ယှဉ်ပြိုင်ခဲ့ပြီး အတန်း ၁၆ တန်းပါဝင်ကာ ပြိုင်ပွဲဝင်ဦးရေ ၁၆၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ အဆိုပါ IKO ကရာတေးပြိုင်ပွဲများသည် နိုင်ငံတကာတွင် ရေပန်းစား တွင်ကျယ်လာသည့် အားကစားနည်းဖြစ်ပြီး ပြည်တွင်းတွင်လည်း လူကြိုက်များ စိတ်ဝင်စားလာသည့် အားကစားနည်းတစ်မျိုးဖြစ်ကြောင်း ယနေ့ကျင်းပသည့် ပြိုင်ပွဲမှ သိရသည်။

ကိုထက်

# FIFA-MFF ယူ-၁၅ လူငယ်ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၂၅

FIFA–MFF ယူ–၁၅ လူငယ်ဘောလုံးပြိုင်ပွဲ ရန်ကုန်ဇုန်၊ မန္တလေးဇုန်နှင့် တောင်ကြီးဇုန်ပွဲစဉ်များကို မေ ၂၄ နှင့် ၂၅ ရက်တို့တွင် ကျင်းပသည်။

ရန်ကုန်ဇုန် ပွဲစဉ် (၈) တွင် ရန်ကုန်တောင်ဇလပ်အသင်းက မြသီတာအသင်းကို ငါးဂိုး–တစ်ဂိုး၊ Yangon Focus အသင်းက အာသာဝတီအသင်းကို လေးဂိုး–တစ်ဂိုး၊ Southern Yangon Star အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို သုံးဂိုး–တစ်ဂိုး၊ Mar Rein အသင်းက Golden Light United အသင်းကို ရှစ်ဂိုးပြတ်၊ ရွှိုင်ရယ်ရန်ကုန်အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို လေးဂိုး–တစ်ဂိုး၊ The Honour အသင်းက Burmese Yout အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မန္တလေးဇုန် ပွဲစဉ် (၅) တွင် Sparrow အသင်းက Youth Soccer Future အသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ အနီးစခန်းအသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို ငါးဂိုး–တစ်ဂိုး၊ STNM အသင်းက ရွှေပေလိပ်အသင်းကို လေးဂိုးပြတ်၊ တောင်ကြီးဇုန် ပွဲစဉ် (၅) တွင် Paoh New Generation အသင်းက ရှမ်းအရှေ့ (TCL အကယ်ဒမီ) အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ ရှမ်းတောင်အသင်းက အင်းလေးလူငယ်အသင်းကို ငါးဂိုးပြတ်၊ Paw Muu Region အသင်းက Middle Shan State အသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။

သတင်း–ချစ်ကိုကို၊ ဓာတ်ပုံ–MFF



STNM အသင်းနှင့် ရွှေပေလိပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး၌ ထွန်းမင်းနိုင်နှင့် ရာမာဉ်တို့ ထိုင်းကစားသမားများကို အလဲထိုးဖြင့်နိုင်

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံရိုးရာလက်ဝှေ့ အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့်မြန်မာ့ရိုးရာလက်ဝှေ့ကလပ်(MFC)က စီစဉ်ကျင်းပသည့် မြန်မာ–ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးကိုယနေ့မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် မြို့နယ်ရှိ သိမ်ဖြူ လက်ဝှေ့အားကစားခန်းမ၌ ကျင်းပရာ ထွန်းမင်းနိုင်နှင့် ရာမာဉ်တို့က ထိုင်းကစားသမားများကို အလဲထိုးနိုင်ခဲ့ကြသည်။

**အနိုင်ရ**

မြန်မာ–ထိုင်းငါးချီပွဲဖြစ်သည့် ထွန်းမင်းနိုင်(မြန်မာ)နှင့် Veenut (ထိုင်း)တို့ပြိုင်ပွဲ၌ ပထမအချီတွင် ထွန်းမင်းနိုင်၏ ခြေကန်ချက်ကြောင့် Veenut အနားတောင်းခဲ့ရပြီး သူတင်ကိုယ်တင် ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

ထို့နောက် ဒုတိယအချီတွင် ခြေချင်းဆိုင် အပြိုင်ကန်ကြရာ Veenut ပြိုလဲပြီး ပြန်မထနိုင်သဖြင့် ထွန်းမင်းနိုင်က အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။

နောက်တစ်ပွဲဖြစ်သည့် မြန်မာ–ထိုင်း ငါးချီပွဲ ရာမာဉ်(မြန်မာ)နှင့် Famechai (ထိုင်း)တို့ပွဲစဉ်၌ ပထမအချီတွင် ရာမာဉ်၏ ဘယ်ခြေကန်ချက်ကြောင့် Famechai အနားတောင်းခဲ့ရပြီး ဒုတိယအကြိမ်ခြေကန်ချက်တွင်မူ Famechai အထိနာကာ ဒိုင်ပွဲရပ်ဖြင့် ရာမာဉ်ကို အနိုင်ပေးလိုက်သည်။



ရာမာဉ်(မြန်မာ)နှင့် Famechai (ထိုင်း)တို့ ယှဉ်ပြိုင်ကြစဉ်။

ပြည်တွင်း ငါးချီပွဲဖြစ်သည့် ကျော်ဇင်လတ်(MFC) နှင့် ထွန်းတောက်မင်း (အဖြူရောင်သွေးသစ်)တို့ ပြိုင်ပွဲတွင် ထွန်းတောက်မင်း၏ တရစပ် လက်သီးချက်များကြောင့် ပထမအချီမှာပင် ကျော်ဇင်လတ် အနားတောင်းခဲ့ရပြီး ဆက်လက်မယှဉ်ပြိုင်နိုင်သဖြင့် အရှုံးပေးလိုက်ရသည်။

ထို့ပြင် ပြည်တွင်းသုံးချီပြိုင်ပွဲများဖြစ်သည့် ရဲမင်းအောင် (Smart Fight Club)နှင့် စိုင်းသစ်အောင် (တော်ဝင်ရော Club)၊ စောထက်အောင် (Smart Fight Club)နှင့် အောင်ဟိန်း (တော်ဝင်ရော Club)၊ ကျားသစ်အောင် (MFC Club)နှင့် ကောင်းထက်ဟိန်း (လုံးချော ကလပ်) တို့ပွဲစဉ်များမှာ အလူးအလဲဖြင့် သရေရလဒ်သာထွက်ပေါ်ခဲ့ပြီး လားကပေါ (MFC Club) နှင့် စောလယ်တာမလား (Ray Club) ပြိုင်ပွဲတွင် ဒိုင်ပွဲရပ်ဖြင့် လားကပေါကို အနိုင်ပေးလိုက်သည်။

ထို့နောက် လေးချီပြိုင်ပွဲတွင် နိုင်ဝင်းထွန်း (Nine Club)က ကြယ်တစ်ပွင့် (MFC Club)ကို တတိယအချီတွင် အလဲထိုးဖြင့်လည်းကောင်း၊ ဝူသောဒို(MFC Club)က အောင်ကောင်းကျော် (Ray Club)ကိုဒုတိယအချီတွင် အလဲထိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး စောမင်းနိုင် (MFC Club) နှင့် မြလုံးချော(Top One Club)၊ စိန်လုံးချော (MFC Club) နှင့် သွေးသစ်မောင် (အဖြူရောင်သွေးသစ်)တို့ ပွဲစဉ်များမှာ အနိုင်အရှုံးမပေါ်ဘဲ သရေရလဒ်များသာ ထွက်ပေါ်ခဲ့ရသည်။

လင်းရာမ

# နေပြည်တော်တိုင်းရင်းဆေးရုံကြီးမှ ဇေယျာသီရိမြို့နယ်အတွင်းရှိ ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

ဇေယျာသီရိ မေ ၂၅

နေပြည်တော်တိုင်းရင်းဆေးရုံကြီး ကွင်းဆင်းဆေးကုသရေးအဖွဲ့က ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျေးရွာအတွင်းမှ ပြည်သူများအား ယနေ့နံနက်ပိုင်းက တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

**ကွင်းဆင်းကုသပေး**

ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် နေပြည်တော် တိုင်းရင်းဆေးရုံ ဒုတိယဆေးရုံအုပ် ဦးလှမော်နှင့် တိုင်းရင်းဆေး ဆရာ ဆရာမများက ကွင်းဆင်းဆေးကုသပေးခြင်းဖြစ်ပြီး နေပြည်တော်တိုင်းရင်းဆေးပညာဦးစီးဌာနမှူးနှင့်အဖွဲ့က ပူးပေါင်း၍ ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာမှ ဆေးကုသမှုခံယူသူ ၁၀၄ ဦးအား သွေးတိုး၊ ဆီးချို၊ ဒူးနာ၊ ခါးနာ၊ အာရုံကြောရောဂါများ၊ အဆစ်ရောင်၊ လေးဘက်နာ၊ ခေါင်းမူး၊ ခေါင်းကိုက်၊ အကြောတက်၊ ကိုက်ခဲ၊ လေဖြတ်၊ လေးငန်းရောဂါ၊ ထုံနာကျင်နာရောဂါများ ကုသပေးခဲ့ပြီး တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။

ထိုသို့ တိုင်းရင်းဆေးပညာဖြင့် ကွင်းဆင်းဆေးကုသမှုပေးရာနေရာသို့ ဇေယျာသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



ထွန်းလင်း(ဇေယျာမြေ)

# ယနေ့ကမ္ဘာ၏ဖွံ့ဖြိုးမှု စိန်ခေါ်မှုများကျော်လွှားရေး ဝိုင်းဝန်းကြိုးပမ်းပေး

ယနေ့ကမ္ဘာကြီးမှာ ဖွံ့ဖြိုးမှုအတွက် စိန်ခေါ်မှုမျိုးစုံနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါ၊ ရာသီဥတုပြောင်းလဲမှုအရ ဖြစ်ပေါ်လာတဲ့ သဘာဝဘေးတွေကြောင့် ပျက်စီးမှုနဲ့ သဘာဝဆုံးရှုံးမှု (Nature Loss) တွေအပြင် ပထဝီနိုင်ငံရေးတင်းမာမှုတွေ၊ ကုန်သွယ်ရေးစစ်ပွဲတွေ၊ ဒေသတွင်းပဋိပက္ခတွေ စတဲ့ အသွင်မျိုးစုံနဲ့ ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်နေခြင်းဟာ နိုင်ငံတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေပါတယ်။ ဒီလိုဖြစ်ပေါ်လာတဲ့အခြေအနေကို ကြံ့ကြံ့ခံပြီး ပိုမိုခိုင်မာတောင့်တင်းကောင်းမွန်တဲ့အနာဂတ်ကို ပုံဖော်ဖို့ လူတိုင်းကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ရွှေရည်လင်း

❁ **စိုက်ပျိုးရနိုင်တဲ့မြေတွေကို ဖော်ထုတ်ပြီး စိုက်ပျိုးသီးနှံတွေ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမှာဖြစ်ပါတယ်။ ဒါမှသာ အနာဂတ်ကမ္ဘာအတွက် စားရေရိက္ခာဖူလုံရေးနဲ့ ဆင်းရဲမှုလျော့ကျစေရေးကို အထောက်အကူပြုမှာဖြစ်သလို ဝင်ငွေနဲ့ဆက်စပ်နေတဲ့ လူမှုအကျိုးစီးပွား ဖြစ်ထွန်းမှုတွေကိုလည်း အားပေးကူညီရာရောက်မှာဖြစ်**

❁ **လူတိုင်းမှာ တာဝန်ကိုယ်စီရှိတာမို့ မိမိတို့ရဲ့တာဝန်ကို မိမိတို့ကျေပွန်ဖို့လိုပါတယ်။** Two R **လို့ ခေါ်တဲ့** Right and Responsibility **(အခွင့်အရေးနဲ့ တာဝန်)ကို လူတိုင်းက နားလည်ကြပြီး လိုက်နာဆောင်ရွက်ကြမယ်ဆိုရင် ပိုမိုကောင်းမွန်တဲ့ အနာဂတ်ခရီးလမ်းကို လျှောက်လှမ်းနိုင်ကြမှာဖြစ်**

### ပြန်ဖြည့်နိုင်တဲ့ သဘာဝအရင်းအမြစ်တွေ ပြန်လည်ဖြည့်ဆည်း

နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုကို တိုင်းတာရာမှာ ဂျီဒီပီက အဓိကညွှန်ကိန်းတစ်ခုအဖြစ် ရှိနေပေမယ့် အနာဂတ်မှာ ကြွယ်ဝမှုအားလုံးကို လွှမ်းခြုံနိုင်ဖို့အတွက် ဂျီဒီပီတိုးတက်ရေးသာမက ပြန်ဖြည့်နိုင်တဲ့ သဘာဝအရင်းအမြစ်တွေဖြစ်တဲ့ သစ်တောတွေ၊ သီးနှံစိုက်ပျိုးမြေတွေနဲ့ ပင်လယ်သမုဒ္ဒရာ အရင်းအမြစ်တွေ ပြန်လည်ဖြည့်ဆည်းနိုင်ရေးနဲ့ ရေရှည်တည်တံ့ကောင်းမွန်ရေးကိုလည်း စဉ်းစားသွားရမှာဖြစ်ပါတယ်။ အခြားသဘာဝအရင်းအမြစ်တွေဖြစ်တဲ့ တွင်းထွက်သယံဇာတနဲ့ ရုပ်ကြွင်းလောင်စာတွေကတော့ ထုတ်ယူသုံးစွဲသမျှ ကုန်ခန်းမယ့်သယံဇာတတွေ ဖြစ်တဲ့အတွက် ပြန်လည်ဖြည့်တင်းဖို့ မဖြစ်နိုင်တဲ့အရာတွေ ဖြစ်ပါတယ်။

ဒါကြောင့် ပြန်လည်ဖြည့်ဆည်းနိုင်တဲ့ သယံဇာတတွေကို ဖြည့်ဆည်းပြီး ကုန်ခန်းနိုင်တဲ့ သယံဇာတတွေကို ရေရှည်အသုံးပြုနိုင်ဖို့ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ကလည်း သစ်တောဖုံးလွှမ်းမှုဧရိယာတွေ တိုးတက်ရေး၊ သစ်တော၊ သစ်ပင်တွေ ရှင်သန်ရေး၊ သစ်ပင်တစ်ပင်စိုက် တစ်ပင်ရှင်သန်ရေးတို့ကို အလေးထားပြီး ဆောင်ရွက်နေတာ မျက်ဝါးထင်ထင်တွေ့ရမှာဖြစ်ပါတယ်။ သစ်တော၊ သစ်ပင်တွေ ပြန်လည်ရှင်သန်ရေးကို ဆောင်ရွက်နေပေမယ့် အခြားတစ်ဖက်မှာ ဝိသမလောဘသားတွေရဲ့ သစ်ခိုးထုတ်မှုနဲ့ တရားမဝင်ရောင်းချမှုတွေကလည်း ရှိနေတော့ သယံဇာတတွေ ပြန်လည်ပြည့်ဖြိုးရေးကို ဆောင်ရွက်ရာမှာ အဟန့်အတားဖြစ်စေပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုတွေ ရှိနေပါတယ်။ ဒီလိုအဟန့်အတားတွေကို ကျော်လွှားနိုင်ဖို့ အစိုးရနဲ့အတူ သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်က စိုက်ပျိုးရေးဇုန်တွေ တိုးတက်ဖြစ်ပေါ်စေရေးအတွက် တွန်းအားပေးနေတာကြောင့် ရေရှည်တည်တံ့စွာ ဆောင်ရွက်နိုင်ရေးကို ဝိုင်းဝန်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

မြို့ပြဖြစ်ထွန်းမှုတွေနဲ့အတူ ဖြစ်လေ့ရှိတဲ့ သဘောသဘာဝက စိုက်ပျိုးမြေဆုံးရှုံးမှု ဖြစ်ပါတယ်။ စိုက်ပျိုးမြေဆုံးရှုံးမှုနဲ့အတူ နောက်ဆက်တွဲပြဿနာတွေဖြစ်တဲ့ စားရေရိက္ခာမဖူလုံမှုနဲ့ စိုက်ပျိုးမြေပေါ် အသက်မွေးဝမ်းကျောင်းပြုနေတဲ့ တောင်သူလယ်သမားတွေ၊ စိုက်ပျိုးရေးလုပ်သားတွေရဲ့ ဝင်ငွေကျဆင်းမှုတွေ ဖြစ်ပေါ်လာနိုင်တဲ့အတွက် စိုက်ပျိုးမြေဆုံးရှုံးမှု လျော့ကျနိုင်ရေးနဲ့ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ စိုက်ပျိုးမြေပျက်စီးဆုံးရှုံးမှုတွေကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ စိုက်ပျိုးရနိုင်တဲ့မြေတွေကို ဖော်ထုတ်ပြီး စိုက်ပျိုးသီးနှံတွေ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ အနာဂတ်ကမ္ဘာအတွက် စားရေရိက္ခာဖူလုံရေးနဲ့ ဆင်းရဲမှုလျော့ကျစေရေးကို အထောက်အကူပြုမှာဖြစ်သလို ဝင်ငွေနဲ့ဆက်စပ်နေတဲ့ လူမှုအကျိုးစီးပွား ဖြစ်ထွန်းမှုတွေကိုလည်း အားပေးကူညီရာရောက်မှာ ဖြစ်ပါတယ်။ မြို့ပြဖြစ်ထွန်းမှုနဲ့ စက်မှုလက်မှုဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်ရာမှာလည်း စိမ်းလန်းသော မြို့ပြစနစ်ဖြစ်ပေါ်ရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ထည့်သွင်းဆောင်ရွက်ဖို့ကိုလည်း အလေးထားဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ပင်လယ်သမုဒ္ဒရာတွေ ရေရှည်တည်တံ့စေဖို့ အပြာရောင်စီးပွားရေး (Blue Economy) ကို ဗျူဟာချပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် ငါးသယံဇာတတွေ ပြုန်းတီးမှုလျော့နည်းစေရေး၊ ပင်လယ်ရေထုညစ်ညမ်းမှု မဖြစ်စေရေး၊ ခရီးသွားလုပ်ငန်းကြောင့် ပင်လယ်ကမ်းခြေတွေ ပျက်စီးမှုမရှိစေရေး၊ ရေနေဇီဝမျိုးစုံမျိုးကွဲတွေ ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရေး စတဲ့ ပင်လယ်ရေသယံဇာတထိန်းသိမ်းရေးလုပ်ငန်းတွေကို အလေးထား ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ တရားမဝင်ငါးဖမ်းဆီးမှုတွေ၊ ပင်လယ်ထွက်ပေါက်တွေနဲ့ ဆက်စပ်နေတဲ့ ချောင်း၊ မြောင်းတွေမှာ အမှိုက်စွန့်ပစ်ခြင်းနဲ့ ပင်လယ်ရေထုညစ်ညမ်းစေတဲ့ အပြုအမူတွေကို တင်းကျပ်စွာ ကိုင်တွယ်ရမှာဖြစ်သလို ပင်လယ်ကမ်းခြေရှိ ခရီးသွားလုပ်ငန်းတွေ စနစ်တကျ ဖြစ်စေရေးအတွက်ကိုလည်း အစိုးရ၊ လုပ်ငန်းရှင်တွေ၊ ခရီးသွားပြည်သူတွေနဲ့ ကမ်းရိုးတန်းကို အခြေပြုပြီး အသက်မွေးဝမ်းကျောင်းပြုနေသူတွေအားလုံးက ထိန်းသိမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ကသတ်မှတ်ထားတဲ့ ငါးမဖမ်းရရာသီမှာ ငါးဖမ်းခြင်းကို ရှောင်ကြဉ်ရမှာ ဖြစ်သလို သတ်မှတ်ထားတဲ့နည်းလမ်းနဲ့ ငါးဖမ်းဆီးရေးကို လူတိုင်းက လိုက်နာကြရမှာ ဖြစ်ပါတယ်။ ကမ်းခြေအလှကို ပျက်စီးစေပြီး ညစ်ညမ်းမှုဖြစ်စေနိုင်တဲ့ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုတွေကိုလည်း မပြုလုပ်မိစေဖို့ စောင့်ထိန်းကြရမှာ ဖြစ်ပါတယ်။

> ❝ **ပြန်လည်ဖြည့်ဆည်းနိုင်တဲ့ သယံဇာတတွေကို ဖြည့်ဆည်းပြီး ကုန်ခန်းနိုင်တဲ့ သယံဇာတတွေကို ရေရှည်အသုံးပြုနိုင်ဖို့ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ကလည်း သစ်တောဖုံးလွှမ်းမှုဧရိယာတွေ တိုးတက်ရေး၊ သစ်တော၊ သစ်ပင်တွေ ရှင်သန်ရေး၊ သစ်ပင်တစ်ပင်စိုက် တစ်ပင်ရှင်သန်ရေးတို့ကို အလေးထားပြီး ဆောင်ရွက်နေတာ မျက်ဝါးထင်ထင်တွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်က စိုက်ပျိုးရေးဇုန်တွေ တိုးတက်ဖြစ်ပေါ်စေရေးအတွက် တွန်းအားပေးနေတာကြောင့် ရေရှည်တည်တံ့စွာ ဆောင်ရွက်နိုင်ရေးကို ဝိုင်းဝန်းဆောင်ရွက်** ❞

### အရည်အသွေးအာမခံချက်နဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့် ဆောင်ရွက်

လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေ တည်ဆောက်မှုဟာ ကြီးမားတဲ့ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါတယ်။ ဒါကြောင့်တည်ဆောက်ပြီးဖြစ်တဲ့ အဆောက်အအုံနဲ့ အခြေခံအဆောက်အအုံတွေကို သက်တမ်းတစ်လျှောက်လုံး အပြည့်အဝအသုံးချနိုင်ရေးကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်တဲ့အတွက် တည်ဆောက်ပြီးဖြစ်တဲ့ အခြေခံအဆောက်အအုံတွေ ရေရှည်ခံနိုင်ရည်ရှိစေရေးနဲ့ နောင်တည်ဆောက်မယ့် အဆောက်အအုံတွေ ရေရှည်ကြံ့ခိုင်တည်တံ့စေရေးအတွက် အရည်အသွေးအာမခံချက်နဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ လုပ်ငန်းရဲ့ နာမည်ကောင်းကို ဘယ်အရာနဲ့မှလဲလို့မရတဲ့အတွက် မိမိတို့ရဲ့ နာမည်သတင်းဂုဏ်သိက္ခာကို ထာဝစဉ်ထိန်းသိမ်းပြီး အရည်အသွေးပြည့်ဝတဲ့ အဆောက်အအုံတွေ ဖြစ်စေရေးကို ဆောင်ရွက်ရင်း ပိုမိုကောင်းမွန်ခံနိုင်ရည်ရှိတဲ့အနာဂတ်ကို ဝိုင်းဝန်းတည်ဆောက်ကြရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် လူသားအရင်းအနှီး (Human Capital) ကလည်း ဖွံ့ဖြိုးတိုးတက်မှုမှာ အဓိကကျတဲ့ တိုင်းတာမှုဖြစ်တာမို့ လူသားအရင်းအနှီးတိုးတက်ဖို့အတွက် နိုင်ငံတော်က ပညာရေး၊ ကျန်းမာရေးအခြေခံအဆောက်အအုံနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ တိုးတက်ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ပေးနေပါတယ်။ အဆိုပါရင်းနှီးမြှုပ်နှံမှုတွေကို အလဟဿမဖြစ်ဖို့ နိုင်ငံ့ဝန်ထမ်းတွေ၊ မိဘပြည်သူတွေနဲ့ လူငယ်တွေကပါ ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ယူနိုင်ရေးကို ဝိုင်းဝန်းဆောင်ရွက်နေကြသလို ပညာသင်ယူနေကြတဲ့ လူငယ်၊ လူရွယ်တွေကလည်း မိမိတို့ပညာရေး ဆုံးခန်းတိုင်သင်ကြားကြဖို့ လိုအပ်ပါတယ်။

### နိုင်ငံတော်ရဲ့အကျိုးနဲ့ ကျေးဇူးသစ္စာကို စောင့်သိရိုသေ

နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့လည်း ဘဝတစ်သက်တာ သင်ယူမှုအခွင့်အလမ်းတွေကို အမိအရ ဆုပ်ကိုင်ပြီး နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ပြည်ပမှာ ပညာသင်ယူခွင့် အခွင့်အလမ်းရရှိတဲ့ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ နိုင်ငံတော်ရဲ့အကျိုးနဲ့ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။ ပြည်ပမှာ ပညာသင်ယူခွင့် အခွင့်အလမ်းရရှိပြီး အမိနိုင်ငံတော်သို့ပြန်လည်ရောက်ရှိချိန်တွင် အကြောင်းအမျိုးမျိုးပြ၍ တာဝန်ကနေ နုတ်ထွက်လိုကြတဲ့ ဝန်ထမ်းတွေအနေနဲ့ အတ္တနဲ့ပရ နှစ်ဖြာသော အကျိုးစီးပွားကို ကြည့်ရမှာ ဖြစ်ပါတယ်။

မိမိ ပြည်ပမှာ ပညာသင်ကြားချိန်မှာ တာဝန်ချိန်အဖြစ် လစာအပြည့်နဲ့ ပညာသင်တစ်ဦးရဲ့ ခံစားခွင့်ကို အပြည့်အဝရရှိထားတဲ့အတွက် မိမိနေရာမှာ တာဝန်ယူဆောင်ရွက်ပေးနေကြတဲ့ ဝန်ထမ်းတွေအပေါ်မှာ ကိုယ်ချင်းစာတရားထားပြီး နိုင်ငံ့အကျိုးကို ဦးထိပ်ပန်ဆင် ဆောင်ရွက်ရမယ်ဆိုတာကိုလည်း မေ့ပစ်ကြလို့ မဖြစ်ပါဘူး။ လူတိုင်းမှာ တာဝန်ကိုယ်စီရှိတာမို့ မိမိတို့ရဲ့တာဝန်ကို မိမိတို့ ကျေပွန်ဖို့လိုပါတယ်။ Two R လို့ ခေါ်တဲ့ Right and Respon-sibility (အခွင့်အရေးနဲ့ တာဝန်)ကို လူတိုင်းက နားလည်ကြပြီး လိုက်နာဆောင်ရွက်ကြမယ်ဆိုရင် ပိုမိုကောင်းမွန်တဲ့ အနာဂတ်ခရီးလမ်းကို လျှောက်လှမ်းနိုင်ကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် အနာဂတ်မှာ ဖွံ့ဖြိုးမှုရဲ့စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့ တာဝန်ကိုယ်စီရှိကြတယ်ဆိုတဲ့ ခံယူချက်နဲ့ သယံဇာတနဲ့အရင်းအနှီးတွေကို ထိန်းသိမ်းပြီး ရေရှည်တည်တံ့တဲ့ အခြေခံအဆောက်အအုံ ဖြစ်ထွန်းရေးကို အားပေးကူညီဆောင်ရွက်ခြင်းနဲ့ ရေရှည်တည်တံ့တဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်သို့ ဟန်ချက်ညီညီ တက်လှမ်းကြပါစို့လို့ စေတနာအရင်းခံဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ။

**ကိုးကားချက်များ -**
**https://unsceb.org/topics/beyond-gdp**
**https://www.oecd.org/en/topics/policy-issues/well-being-and-beyond-gdp.html**
**https://www.weforum.org/focus/beyond-gdp/**

# ရုပ်ကြွင်းလောင်စာတို့၏ ခေတ်

**နီဇော်သစ်**



၁၈၅၉ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် ပထမဆုံး ခေတ်မီနည်းစနစ်သုံး ရေနံတွင်း။

ပြီးခဲ့သည့်အပတ်က လျှပ်စစ်နည်းပညာ၏ စက်မှုလုပ်ငန်းများအပေါ် အသွင်ကူးပြောင်းနိုင်စွမ်းနှင့် ဒုတိယမြောက် စက်မှုတော်လှန်ရေးဆီသို့ ဦးတည်စေခဲ့သည့်အကြောင်းများကို တင်ပြခဲ့သည်။ စွမ်းအင်သုံးစွဲပုံအပြောင်းအလဲသည် ခေတ်ပြောင်းတော်လှန်ရေးကိုဖြစ်စေခဲ့ကြောင်းလည်း တင်ပြခဲ့သည်။ သို့သော် ခေတ်ပြောင်းတော်လှန်ရေးတို့သည် နည်းပညာတစ်ခုတည်းကြောင့် ဖြစ်လေ့မရှိ။ အခြားပံ့ပိုးသော နည်းပညာများလည်း ရှိရသည်။ ဒုတိယမြောက် စက်မှုတော်လှန်ရေးခေတ်ဦးကာလတွင် ပံ့ပိုးသောနည်းပညာများသာမက အထွေထွေသုံးနည်းပညာဟု သတ်မှတ်နိုင်သည့် နောက်ထပ်နည်းပညာတစ်မျိုးလည်း ပါဝင်ခဲ့သည်။ ယင်းမှာ ဓာတ်ဆီနှင့် ဒီဇယ်အင်ဂျင်များဖြစ်သည်။ နည်းပညာသဘောအရပြောရလျှင် လောင်ကျွမ်းအင်ဂျင်များဖြစ်သည်။

စက်မှုခေတ်ဦးတွင်လည်း ရေဒလက်များ၊ လေရဟတ်များ၊ တိရစ္ဆာန်များဖြင့် စက်များကို မောင်းနှင်ခဲ့သည်။ ယင်းမှာ ရေနွေးငွေ့စွမ်းအင်ခေတ်တွင် အသွင်ပြောင်းသွားသည်။ အမှန်တော့ မီးနှင့်ရေကိုသာ သုံးခြင်းဖြစ်သည်။ ရေကို အပူပေး၍ ရလာသော ရေနွေးငွေ့၏တွန်းအားဖြင့် စက်များကို လည်ပတ်စေခြင်းဖြစ်သည်။ ထိုသို့အပူပေးရာတွင် ကြာရှည်ခံသော ကျောက်မီးသွေးကိုသုံးခြင်းသည် ရုပ်ကြွင်းလောင်စာများ၏ ခေတ်ဦးဟုဆိုရမည်ဖြစ်သည်။ ယင်းမှာ သဘာဝတွင် မြင်သာထင်သာသောစွမ်းအင်တို့ကို တိုက်ရိုက်သုံးခြင်းထက် မြင့်သွားပြီး သဘာဝ၏ ကွယ်ဝှက်ထားသော စွမ်းအင်တို့ကို ဖော်ထုတ်သုံးစွဲခြင်း ဖြစ်လာသည်။

လျှပ်စစ်နည်းပညာ ပေါ်ထွက်လာပြီးနောက် တက်စလာ၏ အေစီလျှပ်စစ်နည်းပညာ တွင်ကျယ်လာချိန်တွင် အဓိက လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှာ ရေအားလျှပ်စစ်နှင့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများသာ ဖြစ်သည်။ ရေအားလျှပ်စစ်တွင် ရေအားကိုသုံးကာ တာဘိုင်များကိုလည်စေပြီး လျှပ်စစ်ထုတ်လုပ်သည်၊ ကျောက်မီးသွေးတွင် ကျောက်မီးသွေးကိုလောင်ကျွမ်းစေပြီး ရေကို ရေနွေးငွေ့အဖြစ်ပြောင်းကာ ရေနွေးငွေ့တွန်းအားဖြင့် တာဘိုင်များကို လည်ပတ်စေပြီး လျှပ်စစ်ထုတ်လုပ်သည်ဟု ယေဘုယျဆိုနိုင်သည်။ လောင်ကျွမ်းအင်ဂျင်များတွင်မူ စွမ်းအင်အသုံးပြုပုံ ပြောင်းလဲသွားသည်။ ရုပ်ကြွင်းလောင်စာများ ဖြစ်သော ဓာတ်ဆီနှင့် ဒီဇယ်တို့ကို လောင်ကျွမ်းစေပြီး ပေါက်ကွဲအားဖြင့် စက်ကို တစ်နည်းအားဖြင့် မော်တာကို လည်ပတ်စေခြင်းဖြစ်သည်။ ဤနေရာတွင် ထိန်းချုပ်ပေါက်ကွဲမှုဖြစ်စဉ်မှာ အရေးကြီးသည့် နည်းပညာဖြစ်လာသည်။ ပေါက်ကွဲမှုကို ပရမ်းပတာမဖြစ်စေဘဲ ထိန်းချုပ်၍ ပေါက်ကွဲစေခြင်းဖြင့် လိုအပ်သောစွမ်းအင် ထုတ်လုပ်ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း လောင်ကျွမ်းအင်ဂျင်တို့သည် လျှပ်စစ်နည်းပညာနည်းတူ ကမ္ဘာကြီးကို ယနေ့တိုင် စိုးမိုးနိုင်နေဆဲမဟုတ်ပါလား။

ဓာတ်ဆီ၊ ဒီဇယ်ဟုမပြောဘဲ ရုပ်ကြွင်းလောင်စာဟုပြောလိုက်လျှင် သမိုင်းကြောင်းမှာ ပိုကျယ်ပြန့်သွားသည်။ ရုပ်ကြွင်းလောင်စာများကို လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ ခန့်ကတည်းက စတင်သုံးစွဲခဲ့ကြခြင်းဖြစ်သည်။ ကျောက်မီးသွေးကို ဆိုလိုပါသည်။ တရုတ်နိုင်ငံတွင်ရော ရောမတွင်ပါ သုံးခဲ့ကြသည်။ နောက်တစ်မျိုးမှာ ရေနံစိမ်းဖြစ်သည်။ မက်ဆိုပိုတေးမီးယားတွင် ထိုခေတ်ဝန်းကျင်ကတည်းက လှေများကို ရေလုံအောင်နှင့်အဆောက်အအုံများ တည်ဆောက်ရာတွင် ရေနံစိမ်းကို သုံးသည်။ သို့သော် အဓိကစွမ်းအင်အဖြစ် အသုံးပြုခြင်းမျိုးတော့မဟုတ်။

၁၇၀၀ ပြည့်လွန်နှစ်များတွင်မှ ကျောက်မီးသွေးကို အဓိကစွမ်းအင်အဖြစ် သုံးလာကြသည်။ ရေနွေးငွေ့အင်ဂျင်များကို လည်ပတ်စေပြီး သံရည်ကျိုလုပ်ငန်းနှင့် ချည်ထည်စက်ရုံများကို ပြောင်းလဲတိုးတက်စေခဲ့သည်။ မီးရထားများနှင့် မီးရထားလမ်းများဖြစ်လာစေသည်။ ရေနွေးငွေ့အင်ဂျင်သည် ကျောက်မီးသွေးကို စက်မှုပါဝါဖြစ်လာစေပြီး ပထမစက်မှုတော်လှန်ရေး ဖြစ်စေခဲ့သည်။

နောက်ထပ် ရုပ်ကြွင်းလောင်စာတစ်မျိုးမှာ ရေနံဖြစ်သည်။ ရေနံစိမ်းကို ရေနံဆီဖြစ်အောင် သန့်စင်ပြီး မီးထွန်းရန်သုံးခဲ့ကြသည်။ ရေနံဆီဟုခေါ်သော်လည်း စစချင်းတွင် ရေနံစိမ်းမှထုတ်လုပ်ခြင်းမဟုတ်။ ကျောက်မီးသွေးကိုကျိုပြီး ထွက်လာသည့်အဆီကို မီးထွန်းရန် သုံးခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်း ရေနံစိမ်းမှ ရေနံကတ္တရာကို ရေနံဆီချက်သည့်နည်းပညာပေါ်လာသည်။ ၁၈၅၉ ခုနှစ်တွင် အက်ဒွင်ဒရိတ်က အမေရိကန်ပြည်ထောင်စု ပင်ဆယ်ဗေးနီးယားပြည်နယ်တွင် ပထမဆုံး ရေနံတွင်း စတင်တူးဖော်ကာ နောက်ပိုင်းတွင်မှ ရေနံစိမ်းမှ ရေနံဆီထုတ်လုပ်မှု ပိုမိုလွယ်ကူလာပြီး ပိုမိုခေတ်စားလာခြင်းဖြစ်သည်။ ရေနံဆီထုတ်လုပ်ပြီး ဘေးထွက်ပစ္စည်းအဖြစ် စွန့်ပစ်လျှင် စွန့်ပစ်၊ မစွန့်ပစ်လျှင် မီးရှို့လိုက်ကြသည့်အရာမှာ တစ်ချိန်တွင် ကမ္ဘာကို စိုးမိုးမည့်လောင်စာဖြစ်ကြောင်း ထိုစဉ်က မသိခဲ့ကြပေ။

၁၈၆၀ ပြည့်လွန်နှစ်များတွင် ဂျာမန်အင်ဂျင်နီယာ နစ်ကိုးလတ်အော့တိုက အဆင့်လေးဆင့်ဖြင့် လည်ပတ်သော အင်ဂျင်တစ်မျိုးကို တီထွင်ခဲ့သည်။ ထိုအင်ဂျင်သည် အငွေ့ပြန်လွယ်ပြီး လောင်ကျွမ်းအားကောင်းသော လောင်စာတစ်မျိုးကို လိုအပ်သည်။ ရည်ရွယ်ချက်မှာ လောင်စာဖြင့် ရေနွေးငွေ့ရအောင်လုပ်ပြီး လည်ပတ်စေခြင်းမျိုးမဟုတ်ဘဲ လောင်စာကို လောင်ကျွမ်းပြီး စက်ကို တိုက်ရိုက်လည်ပတ်စေလိုသည့်သဘောဖြစ်ပုံရသည်။ လိုအပ်သောလောင်စာမှာ နောက်ပိုင်းတွင် ဓာတ်ဆီဟုခေါ်သည့် ရေနံဆီဘေးထွက်ပစ္စည်း၏ သဘောသဘာဝနှင့် ကိုက်ညီနေသည်။ ထိုအင်ဂျင်နည်းပညာမှာ နောက်ပိုင်းထွန်းကားလာခဲ့ပြီး ဓာတ်ဆီအင်ဂျင်များ ကမ္ဘာကို မည်မျှအထိ စိုးမိုးလာသည်ဆိုသည်မှာ ပြောစရာပင်မလိုတော့ပါ။

၁၈၉၂ ခုနှစ်တွင်မူ နောက်ထပ် ဂျာမန်အင်ဂျင်နီယာတစ်ဦးဖြစ်သော ရူးဒေါ့ဖ်ဒီဇယ်က ရေနံ၏ ပိုမိုလေးလံသောအစိတ်အပိုင်းကို လောင်စာအဖြစ်သုံးမည့် အင်ဂျင်တစ်မျိုးတီထွင်ခဲ့သည်။ ဓာတ်ဆီထက် ကြာကြာပိုအသုံးခံပြီး ပိုမိုကြီးမားသောစွမ်းအင်ကို ထုတ်ပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ သူ့ရည်ရွယ်ချက် အောင်မြင်ခဲ့သလို ထိုစဉ်က လေယာဉ်များ၊ သင်္ဘောများနှင့် စစ်သုံးယာဉ်များတွင် စံနူန်းပြုပြီးသုံးသည့် အင်ဂျင်ဖြစ်လာသည်။ လောင်စာကိုရော အင်ဂျင်ကိုပါ သူ့နာမည်ကိုအစွဲပြုပြီး ဒီဇယ်လောင်စာ၊ ဒီဇယ်အင်ဂျင်ဟုပင် ခေါ်တွင်သည်။

၁၉၂၀ ပြည့်လွန်နှစ်များမှ ၁၉၄၀ ပြည့်လွန်နှစ်များအတွင်း ကမ္ဘာ့ရေနံတူးဖော်ရေးနှင့် သန့်စင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ကြီးထွားလာသည်။ ၁၉၃၀ ပြည့်လွန်နှစ်များတွင် ယနေ့ခေတ်ရေနံရောင်းချမှုကို ဦးဆောင်နေသော ဆော်ဒီအာရေဗျ၊ အီရန်၊ အီရတ်တို့၌ ရေနံတွင်းများပေါ်ထွန်းလာသည်။ ဒုတိယကမ္ဘာစစ် မဟာမိတ်တို့၏အောင်ပွဲ၌ ရေနံမှရရှိသည့် လောင်စာများကို အသုံးပြုပြီး ထောက်ပို့လုပ်ငန်းများ တွင်တွင်ကျယ်ကျယ် လုပ်နိုင်ခြင်းက အရေးကြီးသည့် အချက်တစ်ချက်အဖြစ် ပါဝင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်မပြီးခင် ၁၉၄၄ ခုနှစ်တွင် မဟာမိတ် ၄၄ နိုင်ငံသည် အမေရိကန်ပြည်ထောင်စု နယူးဟမ့်ရှိုင်းယားရှိ ဘရက်တန်ဝုဒ်အရပ်တွင် တွေ့ဆုံကြပြီး အပြည်ပြည်ဆိုင်ရာ ငွေကြေးတစ်ရပ်ဖန်တီးရန် ဆွေးနွေးကြသည်။ အမေရိကန်ပြည်ထောင်စုက အမေရိကန်ဒေါ်လာ ၃၅ ဒေါ်လာကို ရွှေတစ်အောင်စနှုန်းဖြင့် ရွှေပေါင်ထားပြီး အာမခံချက်ပေးကာ ကျန်နိုင်ငံများက အရန်ငွေကြေးအဖြစ် အသုံးပြုရန် သဘောတူကြသည်။ ထို့အတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်ဆိုသည့်အဖွဲ့အစည်းများ ပေါ်ထွက်လာသည်။ အမေရိကန်ဒေါ်လာသည် ကမ္ဘာ့အရန်ငွေကြေး ဖြစ်လာသည်။

၁၉၇၁ ခုနှစ်တွင် အမေရိကန်သမ္မတ ရစ်ချတ်နစ်ဆင်က အမေရိကန်ဒေါ်လာများ ပြည်ပသို့ စီးထွက်နေခြင်းသည် အမေရိကန်ရွှေများ ပြည်ပသို့ စီးထွက်နေခြင်းနှင့်တူသည်ဟု ယူဆကာ ဘရက်တန်ဝုဒ် သဘောတူညီချက်ကို ဖျက်သိမ်းပြီး အမေရိကန်ဒေါ်လာကို ရွှေပေါင်နှုတ်လိုက်သည်။ ရွှေပေါင်နှုတ်ခြင်းကြောင့် အမေရိကန်အစိုးရ၏ အာမခံချက်တစ်ခုသာကျန်ရှိသော ဒေါ်လာ၏ တန်ဖိုးကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် နစ်ဆင်က ၁၉၇၄ ခုနှစ်တွင် ဆော်ဒီအာရေဗျနှင့် သဘောတူညီမှုတစ်ခုယူခဲ့သည်။ ယင်းမှာ ရေနံကို ဒေါ်လာမှလွဲ၍ အခြားမည်သည့်ငွေကြေးနှင့်မျှ မရောင်းရန်ဖြစ်သည်။ ထိုအချိန်မှစ၍ အမေရိကန်ဒေါ်လာသည် ရေနံဒေါ်လာဖြစ်လာသည်။ ကမ္ဘာကို လွှမ်းမိုးထားသောငွေကြေးက ရေနံကို အခြေပြုထားသလို နိုင်ငံတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေနံထွက်ပစ္စည်းများက မရှိမဖြစ် လိုအပ်ချက်ဖြစ်လာရာ ကမ္ဘာ့ရေးရာတို့သည် ရေနံအပေါ် အတော်များများ မှီခိုလာတော့သည်။ ဤသို့ဖြင့် ရုပ်ကြွင်းလောင်စာတို့၏ခေတ် ဖြစ်လာတော့သည်။ ။

## အမေရိကန်၏ အချမ်းသာဆုံးမြို့ကြီးများ ၂၅ နှစ်အတွင်း ပင်လယ်ရေအောက်ရောက်နိုင်



အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်၏ အချမ်းသာဆုံးမြို့ကြီးများသည် ၂၀၅၀ ပြည့်နှစ်တွင် မြင့်တက်လာသော ပင်လယ်ရေမျက်နှာပြင်အောက်သို့ ရောက်သွားနိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးလိုက်သည်။

ဗာဂျီးနီးယား ရေကြောင်းသိပ္ပံ အင်စတီကျူမှ သုတေသီများက ၂၀၁၈ ခုနှစ်ကတည်းက ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုကို လေ့လာခဲ့ရာ လော့စ်အိန်ဂျလိစ်၊ ဆန်ဖရန်စစ္စကို၊ ဆန်ဒီယေဂိုနှင့် အလာမေဒါ မြို့ကြီးများသည် လာမည့် ၂၅ နှစ်အတွင်း ပင်လယ်ရေမျက်နှာပြင်အောက်သို့ ရောက်သွားမည်ဟု ခန့်မှန်းခဲ့ကြခြင်းဖြစ်သည်။

ထိုနယ်မြေများတွင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းနှင့် ရေတိုက်စားခြင်းတို့ကြောင့် ရေကြီးခြင်းနှင့် မြေကျွံခြင်းတို့ ပိုမိုဆိုးရွားလာလျက်ရှိသည်။ အသစ်ရရှိသော အချက်အလက်များအရ ဆန်ဒီယေဂိုမြို့သည် အနောက်ဘက် ကမ်းရိုးတန်းတစ်လျှောက်တွင် အဆိုးရွားဆုံး ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုနှင့် ရင်ဆိုင်နေရပြီး တစ်နှစ်လျှင် ၂ ဒသမ ၆ မီလီမီတာ မြင့်တက်လျက်ရှိသည်။

၂၀၅၀ ပြည့်နှစ်တွင် ထိုမြို့ကြီးလေးမြို့သည် ပျမ်းမျှရေမျက်နှာပြင်ထက် လက်မအတော်များများပိုမြင့်သည့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်းကို ရင်ဆိုင်ရတော့မည်ဖြစ်သည်။ အကျိုးဆက်အားဖြင့် ရေလွှမ်းမိုးမှုများပိုများလာခြင်း၊ နေရာရွှေ့ပြောင်းရခြင်း၊ ကမ်းခြေများ နည်းသွားပြီး ခရီးသွားလုပ်ငန်းကျဆင်းလာခြင်းတို့နှင့် ရင်ဆိုင်ရနိုင်သည်။

ကယ်လီဖိုးနီးယားပြည်နယ်တစ်ခုလုံး အတိုင်းအတာနှင့်ဆိုလျှင် ရာသီဥတုနှင့်သက်ဆိုင်သော အရေးပေါ်အခြေအနေများကြောင့် ပျက်စီးဆုံးရှုံးမှု ဒေါ်လာဘီလီယံနှင့်ချီပြီး ရှိလာနိုင်ကြောင်း ခန့်မှန်းထားသည်။

ကယ်လီဖိုးနီးယားပြည်နယ်တွင် လူဦးရေ သန်း ၄၀ ကျော် နေထိုင်လျက်ရှိရာ ၂၆ သန်းခန့်မှာ ကမ်းရိုးတန်းဒေသများ၌ နေထိုင်ကြခြင်းဖြစ်သည်။ ဆန်ဖရန်စစ္စကိုရှိ ပင်လယ်အော်ဧရိယာတစ်ခုတည်းကိုပင် ၂၀၅၀ ပြည့်နှစ်တွင် မြင့်တက်လာမည့်ပင်လယ်ရေအတွက် ကြိုတင်ကာကွယ်မှုများပြုလုပ်ရန် ဒေါ်လာ ၁၁၀ ဘီလီယံ ကုန်ကျမည်ဟုလည်း တွက်ချက်ထားသည်။ **Ref: Daily Mail**

# ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်း ဘူတာအကြား ကုန်ရထားဖြတ်သန်းစဉ် မိုင်းပေါက်ကွဲခြင်းကြောင့် ရထားလမ်းချော်ကျမှုဖြစ်ပွား



**နေပြည်တော် မေ ၂၅**

NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များ၊ လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ပဲခူး- မော်လမြိုင်လမ်းပိုင်း၌ သဲဖြူးကုန်းမှ ကလိခရီးစဉ်အဖြစ် ထွက်ခွာလာသည့် အမှတ်(၆၈၇) အဆန် ကျောက်ရထားသည် မွန်ပြည်နယ် သထုံမြို့နယ် သိမ်ဆိပ်ဘူတာမှ နံနက် ၅ နာရီ ၁၀ မိနစ်တွင်ထွက်ခွာပြီး သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား မိုင်တိုင်အမှတ် ၁၂၃/၂၃-၂၄ အရောက် ရထား ခုတ်မောင်းဖြတ်သန်းစဉ် နံနက် ၈ နာရီ ၄၅ မိနစ်တွင်အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲခဲ့သဖြင့် ရထားတွဲဆိုင်းတွင် ပါရှိသော စက်ခေါင်းနှင့်အတူ စက်ခေါင်းရှေ့ မိုင်းကာတွဲ၊ စက်ခေါင်းနောက်ကပ်လျက် စက်ခေါင်းမောင်းနားနေတွဲနှင့် ကျောက်တွဲငါးတွဲတို့ လမ်းချော်ကျမှု ဖြစ်ပွားကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများကလည်း လမ်းချော်ကျသော စက်ခေါင်းနှင့်တွဲများအား မတင်၍ လမ်းပိုင်းအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ရထားလမ်း ပြန်လည်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုင်းခွဲဖျက်ဆီးခံရမှုကြောင့် သိမ်ဆိပ်နှင့် ဒုံဝန်းရထားလမ်းပိုင်းအား နံနက် ၈ နာရီ ၅၁ မိနစ်တွင် လမ်းပိုင်းအား ခေတ္တပိတ်သိမ်း၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မှ ပုံမှန်ထွက်ခွာလာသော အမှတ်(၈၁)အဆန် လူစီးရထားသည် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် သိမ်ဇရပ်ဘူတာသို့ ရောက်ရှိရပ်နားထားသည်။ ထို့အတူ မော်လမြိုင်မှ ထွက်ခွာလာသည့် အမှတ်(၈၂) အစုန်ရထားသည် ယနေ့ နံနက် ၉ နာရီ ၇ မိနစ်တွင် သဲဖြူကုန်းဘူတာသို့ ရောက်ရှိရပ်နားထားသည်။ မြန်မာ့မီးရထားက အဆိုပါရထားများအား ခရီးအစဘူတာများဖြစ်သည့် ရန်ကုန်နှင့် မော်လမြိုင်ဘူတာသို့ပြန်လည်ထွက်ခွာပြီး ခရီးသည်များအား လက်မှတ်ခများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာ နယ်မြေအတွင်း မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်း (၈၂)ကြိမ် ရထားတံတား/သံလမ်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း(၁၇၆)ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း(၁၆)ကြိမ် ကျူးလွန်ခဲ့ကြပြီး နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့်တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီး ခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ် ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှု မရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်း ဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





# တရားမဝင်စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၅**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၁၇၆၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus နှစ်စီး၊ Jin Bei Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀) ကိုလည်းကောင်း၊ သာယာဝတီမြို့ မီးနင်းချောင်းဂိတ်အနီး၌ ပြည်မြို့မှ ချောက်မြို့သို့သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၆၄၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၁၈၁၆၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဆိပ်ဖြူမြို့နယ်နှင့် အောင်လံမြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ်နှစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၄၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၂၃ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တနိုင်းမြို့ မုန်ဒိန်ရပ်ကွက်၌ လိုင်စင်မဲ့ Pajero ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ တနိုင်းမြို့ ကောင်ရွာကျေးရွာအနီး၌ မြစ်ကြီးနားမြို့မှ တနိုင်းမြို့သို့ မောင်းနှင်လာသည့် ယာဉ် ၁၁ စီးပေါ်မှ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ၁၁၉၆ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၄၀၀၀,၀၀၀) နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Nissan UD Truck ၁၁ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၀၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၄၀၀၀၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၄၆၃၈၈၁၆ ကျပ်) ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံသားခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၁၄၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၂၁၈၅၂၈၁၆ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၃၂၂၀၀၀)နှင့် လိုင်စင်မဲ့ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၃၂၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင် မြိတ်မြို့နယ်၌ လိုင်စင်မဲ့ယာဉ်နှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၃၆ မှု (ခန့်မှန်းတန်ဖိုးငွေ ၂၉၇၅၂၅၆၄၁၆ ကျပ် )ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# တရုတ်နှင့်အင်ဒိုနီးရှား ဆက်ဆံရေးမြှင့်တင်

ဂျကာတာ မေ ၂၅

တရုတ်နှင့်အင်ဒိုနီးရှား နှစ်နိုင်ငံအကြား ဆက်ဆံရေးမြှင့်တင်ရန်အတွက် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီရန်တိုနှင့် တရုတ်ဝန်ကြီးချုပ် လီချန်း တို့အကြား သဘောတူခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် တရုတ်ဝန်ကြီးချုပ်လီချန်သည် အင်ဒိုနီးရှား သမ္မတ ပရာဘိုဝို ဆူဘီရန်တိုအား ယမန်နေ့က တွေ့ဆုံခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ မသေချာမှုများကြုံတွေ့နေရသည့် လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံနှင့်လက်တွဲ၍ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းမည်ဖြစ်ကာ ဘုံအကျိုးစီးပွားကိုဖော်ဆောင်ရန် ဆောင်ရွက်မည်ဟု လီချန်းကပြောကြားသည်။

တရုတ်ဝန်ကြီးချုပ်၏ ခရီးစဉ်သည် ထူးခြားသည့်ခရီးစဉ်ဖြစ်ကာ နှစ်နိုင်ငံဆက်ဆံရေးခိုင်မာစေရေးအတွက် အကျိုးကျေးဇူးရှိသည့် ခရီးစဉ်ဖြစ်ကြောင်း သမ္မတ ပရာဘိုဝို ဆူဘီရန်တိုက ပြောကြားသည်။

ခေါင်းဆောင်နှစ်ဦး တွေ့ဆုံစဉ်အတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့သည်။

လွန်ခဲ့သည့် ၇၅ နှစ်ခန့်က သံတမန်ဆက်ဆံရေး ထူထောင်ပြီးချိန်မှစတင်၍ မိမိတို့နှစ်နိုင်ငံသည် အပြန်အလှန် ထောက်ခံအားပေးခဲ့ကြပြီး အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုသည် ခိုင်မာမြဲမြံစွာ တည်ရှိနေခဲ့ကြောင်း လီက ပြောကြားသည်။ ယမန်နှစ် နိုဝင်ဘာလက ပရာဘိုဝို၏ တရုတ်နိုင်ငံ ခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များသည် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လွှမ်းမိုးမှုရှိသော မျှဝေသည့် အနာဂတ်နှင့်အတူ တရုတ်-အင်ဒိုနီးရှား အသိုက်အဝန်းကို တည်ဆောက်ရေးအတွက် သဘောတူညီချက်ကို ရရှိခဲ့ကြောင်း လီက ပြောကြားသည်။ တရုတ်နိုင်ငံအနေဖြင့် သံတမန်ဆက်ဆံရေး မြှင့်တင်ရန်၊ ချစ်ကြည်ရင်းနှီးမှုအစဉ်အလာကို ရေးရှုကာ စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်တို့အတွက် ဆန္ဒရှိကြောင်း လီက ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ



# Apple တယ်လီဖုန်းကုမ္ပဏီ၏ iPhone များအပေါ် စည်းကြပ်ခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံမည်ဟု ထရမ့်ပြောကြား

ဝါရှင်တန် မေ ၂၅

Apple တယ်လီဖုန်းကုမ္ပဏီအနေဖြင့် ပြည်တွင်း၌ ထုတ်လုပ်ခြင်းမရှိပါက iPhone များအပေါ် စည်းကြပ်ခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ခြိမ်းခြောက်ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုသို့ ရောင်းချမည့် iPhone များကို အိန္ဒိယနိုင်ငံ သို့မဟုတ် အခြားမည်သည့်နိုင်ငံတွင်မှ ထုတ်လုပ်ခြင်းမပြုဘဲ အမေရိကန်တွင်သာ ထုတ်လုပ်ရန် Apple ကုမ္ပဏီအမှုဆောင်ဒါရိုက်တာ တင်မ်ကွက်အား တိုက်တွန်းပြောကြားခဲ့ကြောင်း ဆိုရှယ်မီဒီယာတစ်ခုတွင် ဒေါ်နယ်ထရမ့်က ရေးသားခဲ့သည်။



သို့သော် ထရမ့်၏ အခွန်စည်းကြပ်မှုအပေါ် သက်ရောက်မှုကို ရှောင်ရှားရန် အမေရိကတွင် ရောင်းချမည့် iPhone အများစုကို အိန္ဒိယနိုင်ငံတွင် ထုတ်လုပ်မည်ဖြစ်ကြောင်း ကုမ္ပဏီအမှုဆောင်ဒါရိုက်တာ တင်မ်ကွက်က မေလအစောပိုင်းတွင် ကြေညာခဲ့သည်။

လုပ်သားစရိတ် ကြီးမြင့်မှုကြောင့် အမေရိကန်တွင် iPhone များ ထုတ်လုပ်ပါက ဈေးနှုန်းများ တက်လာနိုင်သည်ဟု တယ်လီဖုန်းကုမ္ပဏီ၏ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းက ပြောသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# ရုရှားနှင့် ယူကရိန်း အကျဉ်းသားလဲလှယ်မှု ပထမအဆင့်စတင်

ကီယက် မေ ၂၅

ရုရှားနှင့် ယူကရိန်း အကျဉ်းသားလဲလှယ်မှု ပထမအဆင့်တွင် ဖမ်းဆီးခံထားရသည့် ယူကရိန်းနိုင်ငံသား ၃၉၀ နေရပ်သို့ ပြန်လည် ရောက်ရှိခဲ့ကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီးက ပြောကြားသည်။



နှစ်နိုင်ငံ အကျဉ်းသား လဲလှယ်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုရှယ်မီဒီယာတွင် ရေးသားခဲ့သည်။

## အလေးပေးပြောကြား

ဖမ်းဆီးခံနိုင်ငံသားအားလုံးကို ပြန်လည် လွတ်မြောက်စေရန် သံတမန်ရေးရာကြိုးပမ်းမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက အလေးပေးပြောကြားသည်။

ယူကရိန်းနှင့် ရုရှားတို့သည် မေ ၁၆ ရက်က တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့တော်၌ တွေ့ဆုံမှုအတွင်း ၎င်းတို့၏ သုံ့ပန်းများ လဲလှယ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

# ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသီးကြွေခြင်းဖြစ်ပွား

အစ္စလာမာဘတ် မေ ၂၅

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသီးကြွေခြင်းကြောင့် ၁၉ ဦးသေဆုံးပြီး ၈၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက မေ ၂၄ ရက်တွင် ပြောကြားသည်။

ပြည်နယ်အတွင်းရှိ ဒေသများတွင် ၎င်းဖြစ်စဉ်ကြောင့် သစ်ပင်များကျိုးကျခြင်းနှင့် အဆောက်အအုံများပျက်စီးခြင်းတို့ဖြစ်ပွားခဲ့ကြောင်း ပြည်နယ်သဘာဝဘေးစီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ပြောကြားသည်။ ၎င်းဖြစ်စဉ်အတွင်း ကြော်ငြာဆိုင်းဘုတ်များပြိုကျခြင်းနှင့် ဆိုလာလျှပ်စစ်တိုင်များ ထိခိုက်ခြင်းတို့ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ၎င်းဖြစ်စဉ်အတွင်း ကရာချိမှ လာဟိုသို့ပျံသန်းလာသည့် ကိုယ်ပိုင်လေယာဉ်တစ်စီးသည် အယ်မာအိုင်ဗာလေဆိပ်သို့ဆင်းသက်ရန်ကြိုးပမ်းစဉ် လေထုမငြိမ်မသက်မှုများနှင့်ကြုံတွေ့ခဲ့ရသဖြင့် ကရာချိသို့ ပြန်လှည့်ခဲ့ရသည်။ ကယ်ဆယ်ရေးအဖွဲ့များကိုအသင့်ပြင်ထားရန် ပြည်နယ် သဘာဝဘေးစီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့ညွှန်ကြားရေးမှူးချုပ် အိုင်ဖန်အလီကာသီရာက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# ဂါဇာကမ်းမြောင်ဒေသရှိ မုန့်ဖုတ်လုပ်ငန်းများ ထောက်ပံ့ရေးအကူအညီများရရှိပြီးနောက် လုပ်ငန်းများ စတင်လည်ပတ်

ကုလသမဂ္ဂ မေ ၂၅

ဂါဇာကမ်းမြောင်ဒေသရှိ မုန့်ဖုတ်လုပ်ငန်းများသည် နှစ်လခွဲခန့်အတွင်း ပထမဆုံးအကြိမ်အဖြစ် ထောက်ပံ့ရေးအကူအညီများရရှိပြီးနောက် လုပ်ငန်းများပြန်လည်စတင်ပြီဖြစ်ကြောင်း ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ပြောကြားသည်။

ဟားမတ်စ်အဖွဲ့ကို ဖိအားပေးရန် မတ် ၂ ရက်မှစပြီး ပိတ်ဆို့ထားပြီးနောက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများကို ယခုပြန်လည်ဝင်ရောက်ခွင့်ပြုမည်ဟု အစ္စရေးအစိုးရက ကြေညာခဲ့သည်။

ဂါဇာကမ်းမြောင်သို့ အကူအညီများ တင်ဆောင်လာသည့် ကုန်တင်ယာဉ် ၈၃ စီးသည် မေ ၂၁ ရက်တွင် ရောက်ရှိလာခဲ့ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

ဂါဇာကမ်းမြောင်တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် မုန့်ဖုတ်လုပ်ငန်းများ စတင်လည်ပတ်လျက်ရှိကြောင်း ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ပြောကြားသည်။

မတ်လကတည်းက အစာရေစာပြတ်လပ်မှုကြောင့် ကိုယ်ဝန်ဆောင်မိခင်များ အာဟာရချို့တဲ့မှုနှင့် ကိုယ်ဝန်ပျက်ကျမှုများကြောင့် သေဆုံးမှုများရှိခဲ့ကြောင်း သိရသည်။

ဂါဇာဒေသခံလူမျိုး ၂ ဒသမ ၂ သန်းထံ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပိုမိုယူဆောင်လာနိုင်မည်ဟု မျှော်လင့်ကြောင်း ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်

# တစ်ရာသီအတွင်း ဆုဖလားသုံးလုံးအထိ ရယူဆွတ်ခူးနိုင်မယ့်အခွင့်အရေးနဲ့ ပီအက်စ်ဂျီအသင်းနီးစပ်လာ

ပီအက်စ်ဂျီအသင်းဟာ မေ ၂၄ ရက် ညပိုင်းက ရိမ်းစ်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ပြင်သစ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်တာကြောင့် တစ်ရာသီအတွင်း ဆုဖလားသုံးလုံးအထိ ရယူဆွတ်ခူးနိုင်မယ့် အခွင့်အရေးနဲ့ နီးစပ်လာခဲ့ပြီဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ပြင်သစ်ပထမတန်းဖလားနဲ့ ပြင်သစ်ဖလားတို့ကို ရယူဆွတ်ထားပြီဖြစ်တဲ့အပြင် ဇွန် ၁ ရက် နံနက်ပိုင်းမှာလည်း အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းနဲ့ ဥရောပရဲ့ အမြင့်ဆုံး ဆုဖလားဖြစ်တဲ့ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်ကို အင်တာမီလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရဦးမှာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ယခုဘောလုံးရာသီအတွင်းမှာ တစ်ရာသီအတွင်း ဆုဖလားသုံးလုံးအထိ ရယူနိုင်ဖို့ အခွင့်အရေးရှိနေတဲ့အပြင် ချန်ပီယံလိဂ်ဆုဖလားရရှိခဲ့ပါက ပီအက်စ်ဂျီအသင်းအနေနဲ့ ပထမဆုံးချန်ပီယံလိဂ်ဖလားကို ရယူဆွတ်ခူးနိုင်တော့မှာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ပြည်တွင်းဆုဖလားတွေကို ရယူဆွတ်ခူးနိုင်ခဲ့ပေမယ့် လက်ရှိအချိန်အထိ ချန်ပီယံလိဂ်ဆုဖလားရရှိမှုနဲ့တော့ အလှမ်းကွာနေခဲ့ရတာဖြစ်ပါတယ်။




ဘောလုံးရာသီ တစ်ရာသီအတွင်း ဆုဖလားသုံးလုံးအထိ ရယူဆွတ်ခူးနိုင်ခဲ့တဲ့ ကလပ်အသင်း ၁၀ သင်းသာရှိခဲ့ပြီး ပီအက်စ်ဂျီအသင်းအနေနဲ့ ဒီရာသီအတွင်း ဆုဖလားသုံးလုံးရယူနိုင်ခဲ့ပါက ပီအက်စ်ဂျီအသင်းဟာ ဘောလုံးရာသီ တစ်ရာသီအတွင်း ဆုဖလားသုံးလုံးအထိ ရယူဆွတ်ခူးနိုင်တဲ့ ၁၁ သင်းမြောက် အသင်းအဖြစ်လည်း မှတ်တမ်းဝင်တော့မှာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ တစ်ရာသီအတွင်း ဆုဖလားသုံးလုံးကို နှစ်ကြိမ် ရယူဆွတ်ခူးနိုင်ခဲ့တဲ့ နည်းပြဟာ ဂွါဒီယိုလာ တစ်ဦးတည်းသာရှိပြီး ဂွါဒီယိုလာဟာ ၂၀၀၉ ခုနှစ်အတွင်းက ဘာစီလိုနာအသင်းနဲ့အတူ တစ်ရာသီအတွင်း ဆုဖလားသုံးလုံး ရယူနိုင်ခဲ့တဲ့အပြင် ၂၀၂၃ ခုနှစ်အတွင်းကလည်း မန်စီးတီးအသင်းနဲ့အတူ တစ်ရာသီအတွင်း ဆုဖလားသုံးလုံး ရယူနိုင်ခဲ့တာဖြစ်ပါတယ်။



## ရီးယဲလ်မက်ဒရစ်အသင်းက အလွန်ဆိုအား နည်းပြအဖြစ်ခန့်အပ်

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းဟာကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ အလွန်ဆိုကို အသင်းရဲ့ နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်ပါတယ်။

အလွန်ဆိုဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်း ကစားသမားဘဝမှာ ပွဲစဉ်စုစုပေါင်း ၂၃၆ ပွဲအထိ ပါဝင်ကစားပေးခဲ့သူလည်း ဖြစ်ပါတယ်။

အလွန်ဆိုဟာ ဘွန်ဒက်လီဂါကလပ် လေဗာကူဆင်အသင်း နည်းပြအဖြစ်ကနေ ထွက်ခွာခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ၂၀၂၈ ခုနှစ်အထိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့တာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းနဲ့ လမ်းခွဲသွားခဲ့တဲ့ နည်းပြ အန်စလော့တီနေရာကို ဆက်ခံခဲ့တာဖြစ်ပါတယ်။

အသက် ၄၃ နှစ်အရွယ်ရှိ အလွန်ဆိုဟာ လေဗာကူဆင်အသင်းနည်းပြဘဝမှာ လေဗာကူဆင်အသင်းရဲ့ သမိုင်းတစ်လျှောက် ပထမဆုံးဘွန်ဒက်လီဂါဖလားကို ပထမဆုံးအကြိမ်ရယူဆွတ်ခူးပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

အလွန်ဆိုဟာ ၂၀၁၄ ခုနှစ်အတွင်းက ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ကစားသမားဘဝမှာ ချန်ပီယံလိဂ်ဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

# မန်ယူအသင်းနည်းပြဟောင်း အဲရစ်တန်ဟက် လေဗာကူဆင်အသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်မည်



မန်ယူအသင်းရဲ့ နည်းပြဟောင်းတစ်ဦးဖြစ်တဲ့ အဲရစ်တန်ဟက်ဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် လေဗာကူဆင်အသင်းရဲ့ နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်တော့မှာ ဖြစ်ပါတယ်လို့လည်း သိရပါတယ်။

အဲရစ်တန်ဟက်ဟာ ပရီမီယာလိဂ်ကလပ် မန်ယူအသင်းရဲ့ နည်းပြအဖြစ် ဘောလုံးရာသီ နှစ်ရာသီကြာ တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး လက်ရှိအချိန်မှာ နည်းပြလက်မဲ့ဖြစ်နေတဲ့ လေဗာကူဆင်အသင်းရဲ့ နည်းပြတာဝန်ကို ကိုင်တွယ်တော့မှာ ဖြစ်ပါတယ်။

လေဗာကူဆင်အသင်းဟာ နည်းပြအလွန်ဆို ထွက်ခွာခဲ့ပြီးနောက် နည်းပြလက်မဲ့ဖြစ်နေတာဖြစ်ပြီး အလွန်ဆိုလည်း စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်တော့မှာ ဖြစ်ပါတယ်။ နည်းပြအလွန်ဆိုဟာ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲမှာ ၂၀၂၄ ခုနှစ်အတွင်းက ဘွန်ဒက်လီဂါဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

လေဗာကူဆင်အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ပြည်တွင်းဆုဖလားနှစ်လုံးအထိ ရယူဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ လေဗာကူဆင်အသင်း နည်းပြတာဝန်ကို အဲရစ်တန်ဟက်က တာဝန်ယူကိုင်တွယ်တော့မှာဖြစ်ပြီး အဲရစ်တန်ဟက်ဟာ မန်ယူအသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့စဉ်က အက်ဖ်အေဖလား၊ ကာရာဘောင်းဖလားတို့ကို ရယူဆွတ်ခူးပေးနိုင်ခဲ့တဲ့အပြင် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီက ပရီမီယာလိဂ်ပြိုင်ပွဲမှာလည်း အဆင့်(၃)နေရာ တက်လှမ်းနိုင်ရေး စွမ်းဆောင်ပေးခဲ့ပြီးနောက် မန်ယူအသင်းနဲ့ လမ်းခွဲခဲ့ရတာလည်း ဖြစ်ပါတယ်။

# အာဆင်နယ်အမျိုးသမီးအသင်း ၁၈ နှစ်တာကာလအတွင်း ပထမဆုံးအမျိုးသမီးချန်ပီယံလိဂ်ဖလားဆွတ်ခူး

အာဆင်နယ်အမျိုးသမီးအသင်းဟာ ၁၈ နှစ်တာကာလအတွင်းမှာ ပထမဆုံး အမျိုးသမီးချန်ပီယံလိဂ်ဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

### ရယူဆွတ်ခူးနိုင်ခဲ့

အာဆင်နယ်အမျိုးသမီးအသင်းဟာ အမျိုးသမီးချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် မေ ၂၄ ရက်ညပိုင်းက လက်ရှိချန်ပီယံဘာစီလိုနာအမျိုးသမီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာ ဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ အာဆင်နယ်အမျိုးသမီးအသင်းဟာ ဘာစီလိုနာအမျိုးသမီးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်အမျိုးသမီးအသင်းဟာ အခုအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲမှာ ပွဲစဉ်စုစုပေါင်း ၁၅ ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် အမျိုးသမီးချန်ပီယံလိဂ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်အမျိုးသမီးအသင်းဟာ အမျိုးသမီးချန်ပီယံလိဂ်ဆုဖလားကို ၂၀၀၇ ခုနှစ်က နောက်ဆုံးရယူဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။ အာဆင်နယ်အမျိုးသမီးအသင်းကို ရှုံးနိမ့်ခဲ့တဲ့ ဘာစီလိုနာအမျိုးသမီးအသင်းကတော့ အမျိုးသမီးဘလွန်းဒီအောဆုကို နှစ်ကြိမ်စီရရှိထားတဲ့ ဘွန်မာတီနဲ့ ပူတဲလက်စ်တို့ဟာ လစ္စဘွန်းမြို့မှာ ကျင်းပခဲ့တဲ့ အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲမှာတော့ အကောင်းဆုံးရလဒ်ထွက်ပေါ်ဖို့ အခွင့်မသာခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်



## “ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် အသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ်(၁၂၅၂)၊ ဒူးယားလမ်း ဟုခေါ်တွင်သော (၄၇'x၆၀')အကျယ်ရှိ ဦးရွှေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ထဲမှ တရားဝင် မခွဲစိတ်ရသေးသော(၃၂'x၆၀') အကျယ်ရှိ မြေကွက်နှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်သော ဒေါ်စန်းစန်းဦး(ခ)ဒေါ်ယုတ်တင်း[၇/ ဖမန(နိုင်)၀၉၈၄၀၈]နှင့် ဒေါ်မာမာဦး(ခ)ဒေါ်မြင့်မြင့်ဦး[၇/ဖမန(နိုင်)၀၉၈၄၀၉]တို့မှ မိမိတို့မှသာ ပိုင်ဆိုင်ပြီး အပေါင်အနှံ၊ အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ရာ အဆိုပါ မြေနှင့်အိမ် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ကြည်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၅၂)**
**Ph:09–43114141, 09–400101414**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ ရွှေဝါလမ်း၊ မြေကွက်အမှတ်– ၁၁၇၀၊ အလျား x အနံ ပေ(၄၅x၆၀)၊ (၂၇၀၀) စတုရန်းပေ မြေအမျိုးအစား (နှစ်၆၀မြေငှားဂရန်)နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ နှစ်(၆၀)ဂရန်အမည်ပေါက်ဖြစ်သော ဒေါ်နီနီဝင်း[၁၂/မရက(နိုင်)၂၂၅၅၆၂]မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုဝန်ခံပြီး ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြိုးသဉ္ဇာဝေ[၈/အလန(နိုင်)၁၃၄၆၉၉]မှ ဝယ်ယူရန် သဘောတူသဖြင့် ရောင်းချသည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများနှင့်အတူ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးသဉ္ဇာဝေ [၈/အလန (နိုင်)၁၃၄၆၉၉] ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဖြူသင်းသွယ် (တရားလွှတ်တော်ရှေ့နေ၊ လိုင်စင်အမှတ်–၈၄၈၁/၂၀၁၂)**
**တိုက်(၄/၁၀၂)၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၇၉၅၄၀၉၇၇၇**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ထ/၄၃၊ လူနေရပ်ကွက်အမှတ်–၁၆၊ အောင်ရတနာလမ်း၊ မြေကွက်အမှတ်–၆၅၉၊ အကျယ်ပေ (၄၀x၆၀)ရှိ ဦးဇော်မြင့် အမည်ပေါက်မြေချပါမစ် ထွက်ရှိထားသော ပါမစ်မြေအမျိုးအစား မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်းအကျယ်ပေ (၂၀x၆၀)ရှိမြေကွက်အစိတ်အပိုင်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အစိတ်အပိုင်းအား ပါမစ်အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူပိုင်ရှင် ဦးစိုးဝင်း[၈/နမန(နိုင်)၀၉၁၉၆၅]မှ မြေကွက်ပိုင်ဆိုင်မှုအဖြစ် မြေချပါမစ်မူရင်းအနက်မှ အမည်ပေါက်ပိုင်ရှင်၏ မိသားစုဓာတ်ပုံမူရင်း၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်စာရွက်မူရင်းနှင့် ဆက်စပ်စာချုပ်မူရင်း(၂)စောင်တို့အား ပေးအပ်ရောင်းချလိုကြောင်းနှင့် မြေချပါမစ်၏ကျန်စာရွက်မူရင်းများမှာ မြေကွက်ကြီး၏ခေါင်းရင်းခြမ်းအစိတ်အပိုင်းအား ဝယ်ယူပိုင်ဆိုင်ထားသူလက်ဝယ်တွင်ရှိကြောင်း၊ အရှုပ်အရှင်းမရှိကြောင်း ကမ်းလှမ်းပြောဆိုမှုအပေါ် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဇာနည်ထွန်းမှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါမြေကွက်အစိတ်အပိုင်းပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဦးဇာနည်ထွန်း | ဒေါ်ခင်မာလွင်(LL.B.,D.B.L) |
| [၁၂/ရပသ(နိုင်)၀၂၈၆၅၇] | တရားလွှတ်တော်ရှေ့နေ(စဉ်–၇၆၅၂) |
| အမှတ်–၃၄၆(က)၊ ရတနာသီဂီပတ်လမ်း၊ | အမှတ်–၁၁၂၊ဗိုလ်ချုပ်လမ်း၊(၅)ရပ်ကွက်၊ |
| ကေမြိုင်ပန်းခြံ၊ (၉)ရပ်ကွက်၊ ရွှေပြည်သာ။ | ရွှေပြည်သာမြို့နယ်။ |
| | ဖုန်း–၀၉–၅၁၈၉၆၈၉ |

## ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၁၊ လူနေရပ်ကွက်အမှတ်–၁၅၊ မော်ဘီလမ်း၊ မြေကွက်အမှတ်–၂၅၁၈၊ အကျယ်ပေ(၄၀x၆၀)ရှိ ဒေါ်ခင်သိန်း အမည်ပေါက်မြေချပါမစ်ထွက်ရှိထားသော အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အား ပါမစ်အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင်များဖြစ်သော ဦးတင်ကို[၁၂/ရပသ(နိုင်)၀၁၆၃၀၁]၊ ဦးမြင့်အောင်[၁၄/ဟသတ(နိုင်)၀၄၂၄၃၁]နှင့် ဦးမင်းမောင်[၁၂/ရပသ(နိုင်)၀၃၅၅၈၇]တို့မှ ရောင်းချလိုကြောင်း ကမ်းလှမ်းပြောဆိုမှုအပေါ် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဗိုလ်တေဇမှ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဦးဗိုလ်တေဇ | ဒေါ်ခင်မာလွင်(LL.B.,D.B.L) |
| [၁၂/ရကန(နိုင်)၀၂၉၇၇၈] | တရားလွှတ်တော်ရှေ့နေ(စဉ်–၇၆၅၂) |
| အမှတ်–၂၉၇(က)၊ သာစည်လမ်း၊ | အမှတ်–၁၁၂၊ ဗိုလ်ချုပ်လမ်း၊ |
| (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ | (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ |
| | ဖုန်း–၀၉–၅၁၈၉၆၈၉ |

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန တာချီလိတ်ကုန်သွယ်ရေးစခန်း၏ တည်ဆောက်ရေးလုပ်ငန်း (၂)မျိုးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ တာချီလိတ်ကုန်သွယ်ရေးစခန်းတွင် ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ မြန်မာကျပ်ငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း(၂)မျိုးဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများအနေဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည် –

(က) တာချီလိတ်ကုန်သွယ်ရေးစခန်း၊ ပင်မရုံးအဆောက်အဦဘေးတွင် (၅၈' x ၄၂'x၁၂')တိုးချဲ့ ရုံးဆောက်လုပ်ခြင်း (ရေ၊ မီး၊ မိလ္လာ၊ Drain & Apron အပါအဝင်)နှင့် သွင်းကုန်ဘက်ခြမ်းရှိ (၈၀'x၃၀'x၉') (၆)ခန်းတွဲ (၁) ထပ် ဝန်ထမ်းအိပ်ဆောင် မျက်နှာကြက်လဲလှယ်တပ်ဆင်ခြင်း(၁၃၂၉ စ/ပေ)၊ အမိုးနှင့်ဒိုင်းမျှားများလဲလှယ်တပ်ဆင်ခြင်း(၃၂၃၀ စ/ပေ)၊ တံခါးပြတင်း ကျည်းဘောင်များလဲလှယ်တပ်ဆင်ခြင်း (၄၃၂.၂၅ စ/ပေ)၊ ရေဆေးသုတ်ခြင်း (၆၆၇၃.၅၀ စ/ပေ)၊ ဆီဆေးသုတ်ခြင်း(၂၀၆၁ စ/ပေ)နှင့် မီးလိုင်းပြုပြင်ခြင်း၊

| | | | |
|---|---|---|---|
| (ခ) | တင်ဒါပုံစံစတင် ရောင်းချမည့်ရက် | – | ၂၆–၅–၂၀၂၅ ရက်နေ့မှ ၈–၆–၂၀၂၅ ရက်နေ့ထိ (ရုံးချိန်အတွင်း) |
| (ဂ) | တင်ဒါပုံစံရောင်းချမည့်နေရာ | – | တာချီလိတ်ကုန်သွယ်ရေးစခန်း (မယ်ယန်း) |
| (ဃ) | တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့် ရက်၊ အချိန်၊ နေရာ | – | ၈–၆–၂၀၂၅ ရက်နေ့ ၁၆:၃၀ နာရီထိ တာချီလိတ်ကုန်သွယ်ရေးစခန်း (မယ်ယန်း) |
| (င) | တင်ဒါဖွင့်လှစ်မည့်ရက် | – | ဆက်သွယ်အကြောင်းကြားပါမည်။ |
| (စ) | တင်ဒါစိစစ်ရွေးချယ်မည့်နေရာ | – | ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့ |

၂။ သတ်မှတ်ရက်အချိန်ထက် နောက်ကျတင်သွင်းသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကုန်သွယ်ရေးဦးစီးဌာန၊ တာချီလိတ်ကုန်သွယ်ရေးစခန်း၊ ဒုတိယညွှန်ကြားရေးမှူးထံသို့ နေ့စဉ် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တာချီလိတ်ကုန်သွယ်ရေးစခန်း(မယ်ယန်း)**
**ဖုန်း–၀၉–၂၅၀၈၆၉၇၈၁၊ ၀၉–၆၆၈၅၀၁၉၅၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၅၊ မြေကွက်အမှတ်–၅၀၊ မြေကွက်တည်နေရာအမှတ်–၅၀၊ တကောင်း(၂)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်နီနီရီ[၁၂/ဥကတ(နိုင်) ၀၂၅၁၀၀]၊ ဦးထွန်းတင်[၁၂/ဥကတ(နိုင်)၀၀၂၇၆၅] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်(၂)ဦးအနက် တစ်ဦးဖြစ်သူ ဦးထွန်းတင်(ဖခင်)နှင့် ဒေါ်အုန်းကြည်(မိခင်)တို့ ကွယ်လွန်သဖြင့် ဦးညွန့်သန်း[၁၂/ဥကတ(နိုင်)၀၇၃၆၈၁]၊ ဒေါ်ညွန့်ရီ[၁၂/ဥကတ(နိုင်)၁၇၂၄၉၃]၊ ဒေါ်စမ်းမြင့်ကြည်[၁၂/ဥကတ(နိုင်)၀၀၂၇၅၅]၊ ဒေါ်ဝင်းမြင့်ရီ[၁၂/ဥကတ(နိုင်)၁၇၂၈၆၅]၊ ဒေါ်သန်းဝင်းဆွေ[၁၂/ဥကတ(နိုင်)၂၁၉၈၇၂]၊ ဦးကောင်းမြတ်သူ[၁၂/ဥကတ(နိုင်)၁၇၉၁၇၅]တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ အမှတ်(၉/၁၄၉/၂၀၂၄) (၄–၉–၂၀၂၄)၊ ထောက်ခံကတိသစ္စာပြုလွှာကျမ်းကျိန်လွှာ၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ သေစာရင်း၊ နိုင်/ကတ်များ၊ ဝန်ဆောင်ခတို့ တင်ပြ၍ ဦးညွန့်သန်း၊ ဒေါ်ညွန့်ရီ၊ ဒေါ်စမ်းမြင့်ကြည်၊ ဒေါ်ဝင်းမြင့်ရီ၊ ဒေါ်သန်းဝင်းဆွေ၊ ဦးကောင်းမြတ်သူတို့နှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်နီနီရီနှင့် ပူးတွဲ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၈၃) မြောင်းမြခရိုင်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၆ ကွယ်လွန်သူ ဦးကြာငြိမ်းနှင့် ဇနီး ဒေါ်ခင်ခင်ထွေးတို့၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ဦးယဉ်မင်းထွဋ် — လျှောက်ထားသူ
ရေတွင်းရေကန်ကျေးရွာ၊ သဇင်ကုန်းကြီးကျေးရွာအုပ်စု
မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

**ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ရေတွင်းရေကန်ကျေးရွာ၊ သဇင်ကုန်းကြီးကျေးရွာအုပ်စု၌ နေထိုင်ခဲ့သည့် ကွယ်လွန်သူ ဦးကြာငြိမ်းနှင့် ဇနီးဒေါ်ခင်ခင်ထွေးတို့၏ ကျန်ရစ်သော ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ သဇင်ကုန်းကြီးကျေးရွာအုပ်စု၊ ရေတွင်းရေကန်ကျေးရွာရှိ ကွင်းအမှတ် –၂၇၄၊ တောင်ကလေးကွင်း၊ ဦးပိုင်အမှတ်–၁၉/၈၊ မြေအမျိုးအစား (ဥယျာဉ်)၊ မြေဧရိယာ(၀.၃၅)ကေ၊ ဦးပိုင်အမှတ်–၉၅/၃ မြေအမျိုးအစား(ဥယျာဉ်)၊ မြေဧရိယာ(၁.၃၁)ကေနှင့် ဦးပိုင်အမှတ်–၁၉/၃၊ မြေအမျိုးအစား(ဥယျာဉ်)၊ မြေဧရိယာ(၀.၉၃)ကေရှိ ဥယျာဉ်ခြံမြေ** တို့အပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးယဉ်မင်းထွဋ်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃၀ ရက် ( ၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်) နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ **ဦးကြာငြိမ်းနှင့်ဇနီးဒေါ်ခင်ခင်ထွေး**တို့၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃၀ ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်) ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန် နှင့် အမွေထိန်း လက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က **ဦးယဉ်မင်းထွဋ်** ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြင့်မြင့်စန်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မြောင်းမြခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ အမှတ်(Lotus Lane–19)၊ မြေတိုင်းရပ်ကွက်အမှတ်–[၁၂ (Lotus Garden)]၊ မြေကွက်အမှတ်(၁၉၃/၃၂)၊ အကျယ်အဝန်း(၄၁ပေ x ၉၈.၄ပေ) (၄၀၄၅.၉၀)စတုရန်းပေ၊ မြေဧရိယာ(၀.၀၉၃)ကေ၊ နှစ်(၆၀) ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အဦ၊ ရေ/မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**

ဖော်ပြပါ နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အဦ ရေ/မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးစိုင်းခန်း[၁၄/မအပ(နိုင်)၃၆၉၂၆၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ် တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက် စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည် အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဇော်လွင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၁၇၀၀)**
**09–426779993**
**E–5၊ Sagawar Street/FMI City. Hlaingtharyar.**

## ဖခင်အမည်မှန်

မခိုင်ဇာလင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇင်[၉/ညဥန(နိုင်)၁၈၂၇၆၀] ဖြစ်ပါကြောင်း။

**ဦးကျော်ဇင်**
**[၉/ညဥန(နိုင်)၁၈၂၇၆၀]**

★STAR★
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

## SIAM LAND ကုမ္ပဏီ၏ အထူးသတိပေးကြေညာချက်

SIAM LAND ကုမ္ပဏီသည် မြန်မာနိုင်ငံ၌ ကုမ္ပဏီမှတ်ပုံတင်အမှတ်–၁၃၄၆၆၂၀၈၅/၂၀၂၂ အရ တရားဝင်ဖွဲ့စည်းထားသော ကုမ္ပဏီဖြစ်ပြီး SIAM LAND Co., ၏ ပညာရေးလုပ်ငန်းဖြစ်သော SIAM Education Center ကို Good Will နာမည်ကောင်းဖြင့် တရားဝင်တည်ထောင်အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီဖြစ်ပါသည်။ SIAM LAND ကုမ္ပဏီ၏ အောင်မြင်မှုကို လုပ်ငန်းပြိုင်ဘက်များနှင့် အနှောင့်အယှက်ပေးသူများက Facebook, Telegram အစရှိသည့် Online Media မှတစ်ဆင့် အကောင့်တုများကို အသုံးပြုကာဥပဒေမဲ့ခြိမ်းခြောက်စွပ်စွဲခြင်းများ၊ သိက္ခာကျဆင်းစေသည့်ရေးသားချက်များ၊ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် မဟုတ်မမှန်စွပ်စွဲပြောဆိုရေးသားချက်များ ဆောင်ရွက်လျက်ရှိသည်ကို အထောက်အထားခိုင်လုံစွာဖြင့် တွေ့ရှိနေပါ၍ ယင်းသို့မပြုလုပ်ရန် တင်းကျပ်စွာတားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက Media ဥပဒေများအပါအဝင် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အထူးသတိပေး ကြေညာအပ်ပါသည်။

**SIAM LAND ကုမ္ပဏီ၏ တရားဥပဒေဆိုင်ရာ ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဖြူဖွေးသန့် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၀၄၀၁)**
**အမှတ်(၇၉)(စီ/ဒီ)၊ ဒုတိယထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၀၁၅၀၇၄၃**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်”

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ဇဝန၊ မြေကွက်အမှတ်–၂၂၄၊ အိမ်အမှတ်(၁၁)၊ အကျယ်အဝန်း(အလျား၂၅ပေxအနံ၅၀ပေ)၊ ဧရိယာ(၁၂၅၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်သွယ်သွယ်အောင်[၁၂/ဗဟန(နိုင်)၀၀၀၇၂၂] အမည်ပေါက်ပြီး ယင်းနှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယခုလက်ဝယ်ရှိ ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ် တန်ဖိုး၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်သက်မွန် (LL.B, LL.M, D.B.L, D.I.P.L) အထက်တန်းရှေ့နေ (စဉ်–၄၄၀၁၃)**
**အမှတ်(၅၅၇/၅၆၇)၊ အခန်း(၉၀၂)၊ ၉–လွှာ၊ MAC Tower, မဟာဗန္ဓုလပန်းခြံလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph:09–795492660, 09–685455584**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၃၇၄)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဒေါ်မိုးမိုးငြိမ်း[၂/လကန(နိုင်)၀၀၆၇၃၂]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်တို့နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်နှင်းပပစိုး[၃/ဘအန(နိုင်) ၀၀၃၉၃၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက်စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)** |
| **(LL.B, D.I.L)** | **(LL.B, D.B.L, D.I.L, WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ အင်းဝ(၁)လမ်း၊ မြေကွက်အမှတ်(၂၃၇)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ မြေချပါမစ်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား **ဦးတင်ထွန်း[၁၂/မရက(နိုင်)၀၆၅၅၇၉]**အမည်ပေါက် မြေချပါမစ်မူရင်းနှင့်အတူ အဆက်စပ်စာချုပ်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားသူ ဦးကျော်ကျော် [၁၂/သဃက (နိုင်)၁၄၃၄၆၄]မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးကျော်ဖုန်းမြတ်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီတာမိုး LL.B အထက်တန်းရှေ့နေ (စဉ် – ၅၅၄၉၀)**
**ရုံး–ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၉၇၇၄၅၈၅၂၉၊ ၀၉–၇၃၂၃၀၀၃၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၃/ဇေယျာသီရိ၊ မြေကွက်အမှတ်–၁၂၊ မြေအကျယ်အဝန်း (၂၅x၅၀)ပေ၊ (၁၂၅၀)စတုရန်းပေ၊ (၀.၀၂၈)ကေရှိ နှစ်(၆၀)မြေငှားဂရန်ဟုခေါ်တွင်ပြီး၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ ယမုံနာလမ်း၊ အမှတ်(၁၂၅)ဟု ခေါ်တွင်သော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးဇော်မြင့်[၁၂/ဒပန(နိုင်) ၀၄၅၄၅၀]၊ ဒေါ်စန်းစန်းမော်[၁၂/ဒပန(နိုင်)၀၀၃၂၂၀]၊ ဦးဝင်းကို[၁၂/ဒပန(နိုင်)၀၃၆၃၆၈]၊ ဦးအေးကို[၁၂/ဒပန(နိုင်)၀၄၆၆၆၀]နှင့် ဦးကိုကိုလိမ္မာ[၁၂/ဒပန(နိုင်)၀၄၆၄၉၁]ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေနှင့် အိမ်အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L] အထက်တန်းရှေ့နေ(စဉ်–၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၉၇၅၀၂၁၈၄၁**

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၄)လမ်းမကြီးနှင့် မင်းလမ်းထောင့်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၉)၊ မြေကွက်အမှတ်(၅၁၇)၊ အကျယ်အဝန်း(၆၀x၆၀)ပေ၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဦးမောင်မောင်ဝင်း အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ် ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း**

အထက်ပါမြေကွက်အား ဂရန်အမည်ပေါက်ထံမှ အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပြီး လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ခင်သိန်း [၁၂/သကတ(နိုင်)၀၀၂၄၂၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ မြေကွက်ရောင်းဖိုးငွေ၏ စရန်ငွေ အချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ဤမြေကွက် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်း မူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးနေလင်းအောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငြိမ်းငြိမ်း(LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၉၇)**
**အမှတ်(၅၀)မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၅၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀)ရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ်(၂၉၈/က) ဟုခေါ်တွင်သော မြေအမည်ပေါက်-ဦးသိန်းမြင့် (N/OKA-၀၃၁၉၈၈) မြေအမျိုးအစား-ပါမစ်မြေ၊ မြေအကျယ်အဝန်း- အလျား(၂၀) ပေXအနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်၊ ရေ/မီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် ယခုအပိုင်ရောင်းချသူ ဒေါ်ချိုချိုလွင်[၁၂/ဒဂတ(နိုင်)၀၁၉၁၁၃]မှ မိမိသာလျှင် အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေများက အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူများက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေး ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အဆိုပါမြေကွက်နှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးဝင်းသိန်းအောင်[၁၂/သဃက(နိုင်)၀၄၄၈၀၇]နှင့်**
**ဒေါ်ဇင်မာလတ်[၈/ရစက(နိုင်)၁၂၉၄၃၉]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃၈)**
**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL-101 (WIPO Switzerland)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊**
**အဓိပတိအင်အားမီနီကွန်ဒို၊ သုခမ္မာလမ်းမကြီး၊ (စ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ရုံးဖုန်း-09-260087755, 09-421123477**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၁၆၈-ရပ်ကွက်၊ အပိုင်း(၃)၊ ကျန်စစ်သားလမ်းသွယ်၊ မြေကွက်အမှတ်(၅၆၁)၊ (၄၀x၆၀)ပေ ပါမစ်မြေကွက်၏ **ခြေရင်းဘက်အခြမ်း(၂၀x၆၀)ပေ မြေကွက်**၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးကျော်နိုင်ဦး[၈/မမန(နိုင်)၀၀၀၅၅၅]ကိုင်ဆောင်သူက မိမိတရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံ ရောင်းချပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သဲသဲစုက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအနည်းငယ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ဖော်ပြပါမြေကွက်နှင့် စပ်လျဉ်းပြီး ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက် အတွင်း ခိုင်မာသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံလာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ဒေါ်သဲသဲစု[၁၂/ခရန(နိုင်)၁၂၀၄၉၃]၏ လွှဲအပ်ချက်အရ-**
**ဦးပြည့်ခိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၄၄၆)**
**အမှတ်(၁၁၈၂)၊ တိုက်ခန်းအမှတ်(2.A)၊ ပထမထပ်၊ ဇင်္ဂမလမ်း၊**
**၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၉၉၃၈၇**

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄/၅၊ လှူနေရပ်ကွက်အမှတ်-၅၊ ခေတ္တာလမ်း၊ မြေကွက်အမှတ်-၁၃၂(ခ)၊ အကျယ်ပေ(၂၀x၆၀)ရှိ ဦးမြအမည်ပေါက် နှစ်(၆၀)ဂရန် ထွက်ရှိထားသော အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါမြေကွက်၏ ဂရန်အမည်ပေါက်ပိုင်ရှင်ဦးမြမှာ (၂၀၀၆) ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်၍ ဇနီးဒေါ်ပူတူး[၁၂/လမန(နိုင်)၀၆၇၂၁၆]မှ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူပိုင်ရှင်ဖြစ်ကြောင်း ဝန်ခံကတိပြုရောင်းချခြင်းအပေါ် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ယုသန္တာစိုးမှ စရန်ငွေတစ်စိတ်တစ် ဒေသပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါအိမ်မြေပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း မြေကွက် ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ယုသန္တာစိုး** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁၂/ရပသ(နိုင်)၀၃၉၇၉၈]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်-၅၇(က)၊ ပတ္တမြားလမ်း၊** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊** |
| **(၅/၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** | **ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၅၁၈၉၆၈၉** |

**ကျောင်းဒါယိကာမကြီး**

## ဒေါ်ညွန့်ညွန့်သန်း
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်း၊ အမှတ်(၁၉-B) နေ ဦးမောင်မောင်ဝင်းမြင့်၏ဇနီး၊ ဦးမောင်မောင်ဝင်းညွန့်-ဒေါ်ခင်မြင့်ဝေ၊ ဦးမောင်မောင်မျိုးညွန့်၊ ဦးအောင်မင်း-Dr.ခင်လှလှဝင်း (ဒုတိယပါမောက္ခချုပ်၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်)၊ Magne Olav Rossetnes-ဒေါ်ခင်လဲ့လဲ့ဝင်းတို့၏ မွေးသမိခင်၊ မောင်ကျော်ဇင်၊ မထက်သဥ္ဇာအောင်၊ မထူးသန္တာမောင်၊ Myo Anders Maung Maung Rossetnes တို့၏ အဘွား ဒေါ်ညွန့်ညွန့်သန်းသည် ၂၄-၅-၂၀၂၅ (စနေနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၂၅ (တနင်္လာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ (၅)လမ်း၊ အမှတ်(၂၁၀)ဟုခေါ်တွင်သော မြေအမည်ပေါက်-ဦးသိန်းဌေး(N/OKA-၀၄၃၀၄၇)၊ ဦးဇော်မင်း(N/OKA-၀၄၃၀၄၈)၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေ၊ မြေအကျယ်အဝန်း-အလျား(၂၀)ပေXအနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အိမ်၊ ရေ/မီးအစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် ယခုအပိုင်ရောင်းချသူ ဦးဇော်ဇော်ဝင်း[၉/မရက(နိုင်)၀၇၀၇၇၂]မှ မိမိသာလျှင် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် အတွက် အရောင်းအဝယ်ပြုလုပ်သော ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက် လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်နှင့် ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ဝင်းစန္ဒာမိုး[၁၂/ဥကမ(နိုင်)၁၉၁၄၀၆]၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃၈)**
**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL-101 (WIPO Switzerland)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊**
**အဓိပတိအင်အားမီနီကွန်ဒို၊ သုခမ္မာလမ်းမကြီး၊ (စ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ရုံးဖုန်း-09-260087755, 09-421123477**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၃-ရပ်ကွက်၊ ဗိုလ်ဖိုးဝင်း(၂)လမ်း၊ အမှတ်(၇၄၁)ဟု ခေါ်တွင်သော အကျယ်အဝန်း (၄၀'x ၆၀')ရှိ ဦးတင့်လွင် (ISN-၁၁၃၈၉၈) အမည်ပေါက် ဂရန်မြေကွက်ကြီးအတွင်းမှ တရားဝင် မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၂၀'x ၆၀') (ခေါင်းရင်းခြမ်း) မြေကွက်နှင့် ယင်းမြေကွက်အတွင်းရှိ နှစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်မေအောင် [၁၂/ပဇတ(နိုင်)၀၁၀၈၅၇]မှ တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ လက်ရှိထားပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်း ကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါအိမ်ခြံမြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်အောင် ( ဥပဒေဘွဲ့ )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၀)**
**ဖုန်း- ၀၉-၅၀၉၂၉၇၂၊ ၀၉-၄၃၀၆၄၆၇၆**

## အများသိစေရန် သတိပေးတားမြစ်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)(ရေချမ်းအိုး)၊ စကားဝါလမ်းနေ ကျွန်ုပ်၏အမှုသည် ဒေါ်အေးအေးမြတ်[၅/ရဘန(နိုင်)၀၂၄၁၀၈]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ် ကြေညာအပ်ပါသည်-

၁။ မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာဝင်များဖြစ်သည့် ဦးမင်းလွင်နှင့်ဒေါ်မြတ်စောတို့တွင် သားသမီး(၆)ဦး ထွန်းကားခဲ့ရာ ၎င်းတို့မှာ- ဒေါ်အေးအေးမြတ်၊ ဒေါ်ဆွေဆွေမြတ်၊ ဦးလွင်မောင်မြတ်၊ ဦးလွင်ညီမြတ်၊ ဒေါ်သီတာမြတ်နှင့် ဒေါ်ယမင်းမြတ်တို့ဖြစ်ပါသည်။

၂။ မိဘများဖြစ်သည့် ဦးမင်းလွင်နှင့်ဒေါ်မြတ်စောတို့ အသီးသီးကွယ်လွန်စဉ် အောက်ဖော်ပြပါ မြေကွက်သည် မခွဲမဝေရသေးသောအမွေပစ္စည်းအဖြစ် ကျန်ရစ်ခဲ့ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ(၁၇) ရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ မြေကွက်အမှတ်(၆၈)ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀ ပေx၆၀ ပေ)ရှိ မြေကွက် (၁)ကွက်နှင့် ယင်းမြေကွက်နှင့်ဆက်နွှယ်သောအကျိုးခံစားခွင့်အရပ်ရပ်၊

၃။ အဆိုပါ အမွေဆိုင်မြေကွက်အား ကျွန်ုပ်အမှု၏သဘောဆန္ဒမပါဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ သက်ဆိုင်ရာမြေယာဌာနတွင် မြေအမည် ပြောင်း လွှောက်ထားခြင်းအပါအဝင်၊ အခြားသူသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း စသည့်တစ်နည်းနည်းလွှဲပြောင်းခြင်းများမပြုပါရန် သတိပေး တားမြစ်အပ်ပါသည်။

အကယ်၍ ဤသတိပေးတားမြစ်ချက်အပေါ် လိုက်နာခြင်းမပြုဘဲ တစ်နည်းနည်းဆောင်ရွက်ခဲ့ပါလျှင် ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမြတ်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဝင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၉၃/၂၀၁၇)**
**အမှတ်-၈၃/၁၀(ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-402698729**

## (၈)နှစ်ပြည့်အလွမ်း ၂၆-၅-၂၀၂၅
## ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်(ငြိမ်း)
## သာသနာရေးဝန်ကြီး

ကျန်ရစ်ခဲ့တာ (၈)နှစ်ကြာသော်လည်း မေတ္တာစမ်းရေ ခန်းခြောက်မသွားပါ။ ကျေးဇူးရှင် ဘဝကြင်ဖော်အတွက် ရည်စူးထိပ်ထားလို့ ဝေမျှတဲ့ အလှူဒါန ပြုပြုသမျှ ကုသိုလ်ကောင်းမှု အစုစုတို့အား ရောက်လေရာ မြင့်မြတ်ဘုံမှ ရရှိပါစေ တောင်းဆုခြွေရင်း အောက်မေ့ သတိရလျက် ---------။

**ချစ်ဇနီး**
**ဒေါ်ခင်လှတင်**

## (၈)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း ၂၆-၅-၂၀၂၅
## ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်(ငြိမ်း)
## သာသနာရေးဝန်ကြီး

ချစ်လှစွာသော ကျေးဇူးရှင် ဘိုးဘိုးကြီး ခွဲခွာသွားခဲ့သည်မှာ (၈)နှစ်တင်းတင်းပြည့်ခဲ့ပြီ ဖြစ်သော်လည်း အမြဲအောက်မေ့ သတိရ လွမ်းဆွတ်လျက်ပါ။ သားသမီးနဲ့ မြေးတွေအပေါ်ထားတဲ့ ဘိုးဘိုးကြီးရဲ့ မေတ္တာတွေကို အမြဲ သတိရ အောက်မေ့လျက်ပါ။ ယနေ့ ပြုလုပ်လှူဒါန်းသော ကမ္ဘာအေးကုန်းမြေ (၄၇)ပါး စုံညီ ဘုန်းတော်ကြီးများအား ဝတ္ထုငွေများနှင့်တကွ ဆွမ်းခဲဖွယ်တို့အား ဆက်ကပ်လှူဒါန်းခြင်းနှင့် သားသမီး မြေးမြစ်များမှ ပြုပြုသမျှ ကောင်းမှုကုသိုလ် အစုစုတို့ကို မြင်နိုင်၊ ကြားနိုင်၊ သိရှိနိုင်ပြီး မြင့်မြတ်ကောင်းမွန်သော ဘုံဘဝမှ ဝမ်းမြောက်နုမော် သာဓုခေါ်ဆိုနိုင်ပါစေ။

| | |
|---|---|
| **သားသမီးများ -** | **သား ဦးထွန်းမြင့်-ဒေါ်ခင်သန်းဌေး၊** |
| | **သမီးကြီး ဒေါ်ရီရီညွန့်၊** |
| | **သမီးငယ် ဒေါ်လှလှညွန့်** |
| **မြေးများ** | **- ကိုအောင်သီဟ-ဒေါက်တာ သက်ရီဝင်း၊ ကိုဉာဏ်ထက်ဝင်း-ဒေါက်တာဇင်မာဦး၊** |
| | **ကိုကျော်ကျော်ဝင်း-မဇင်မာမြင့်၊ ကိုကျော်နိုင်-မဆုထွေးဝင်း၊** |
| | **ကိုအောင်ပြည့်မြတ်-မသီရိမျိုးညွန့်၊ မနီလာမြင့်၊ ကိုနိုင်မျိုးထွန်း** |
| **မြစ်များ** | **- ဟိန်းထက်အောင်၊ သူရထက်နိုင်၊ မြတ်နိုးဝင်း၊ သံဇဥ်သီဟ၊** |
| | **ဟေသာမြတ်ဆုနိုင်၊ မဒီဝင်း၊ မင်းမြတ်တည်ကြည်။** |

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်းနှင့် ဗဟိုလမ်းထောင့်၊ အမှတ်(၉၆)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦမှ (၆)ထပ်၊ ခြေရင်းခြမ်း၊ (၁၂ ½ ပေx၅၀ပေ)တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချသူ ဦးမျိုးသီရိ[၁၂/လမန(နိုင်)၀၅၉၆၀၃]မှ တရားဝင်ပိုင်ဆိုင်လာပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝယ်ယူသူ ဦးလင်းကျော်နိုင် [၁၂/သဃက(နိုင်)၁၃၉၄၀၇]ထံသို့ ရောင်းချရန် ကမ်းလှမ်းရာ ဝယ်ယူသူမှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ကျန်ငွေများအား ဆက်လက်ပေးချေမည်ဖြစ်ပါသဖြင့် အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးလင်းကျော်နိုင်** | **ဦးလင်းထင်သောင်း LL.B, B.A(Business Law)** |
| **[၁၂/သဃက(နိုင်)၁၃၉၄၀၇]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၅၃)** |
| | **ဖုန်း-၀၉-၄၅၀၀၂၄၅၁၇** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ


ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက် အမှတ်(၈၆၃)၊ မြေအကျယ်အဝန်း(အလျားxအနံ) (၄၀ပေx၆၀ပေ)ရှိ ယခုအခေါ် အမှတ်(၈၆၃)၊ ပုန်းညက်မြိုင် လမ်းနှင့်သဇင်မြိုင်လမ်းထောင့်၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် ဦးမောင်စန်း အမည်ပေါက်မြေချပါမစ်မြေကွက်နှင့် ရေ၊ မီးအစုံအလင် အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေချပါမစ်မူရင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်း များနှင့်တကွ တရားဝင်လက်ရောက် ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူ ဖြစ်သော ဒေါ်ကေသွယ်မြင့် [၇/တငန(နိုင်)၀၀၂၇၃၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက (၂၄-၅-၂၀၂၅) ရက်စွဲပါ "မြေကွက်အရောင်းအဝယ်စရန်ပေးကတိစာချုပ်"ဖြင့် တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေ၍ ဝယ်ယူထားပါသည်။ အဆိုပါပစ္စည်းနှင့်ပတ်သက်၍ အပြီးသတ်ငွေအပြေအကျေ ပေးချေပြီး တရားဝင်လက်ရောက်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အေးသန္တာမြင့်** | **ဒေါ်ခင်နီလာဦး LL.B, D.B.L, B.D.S (MOFA)(Dip in English),** |
| **LL.B,W.I.P.O (Switzerland)** | **W.I.P.O (Switzerland)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၅၀၃၇)** | **အထက်တန်းရှေ့နေ(စဉ်-၃၉၁၁၃)** |

**အမှတ်-၁၁၀၆/ခ၊ အဏ္ဏဝါလမ်းနှင့်ကန်သာယာ(၂)လမ်းထောင့်၊ (၃၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၆၄၅၀၉၉၄၅၊ ၀၉-၂၅၉၄၆၄၂၅၅**

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည် ဆိုပါက ၎င်းနှင့်ဆက်စပ်သည့် ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာပြီး နိုင်ငံ၏ GDP တိုးတက်မှုနှုန်း မြင့်မားလာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၄) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် (၁၅)ကြိမ်မြောက် အောက်တိန်း(92) ၂၉၄၀ ဒသမ ၀၅၅ တန်၊ ဒီဇယ် ၁၁၉၃၀ ဒသမ ၅၀၅ တန်နှင့် (၁၆)ကြိမ်မြောက် Modular(prefabricated) house အလုံး ၁၁၂၀၊ Offices အလုံး ၁၆၀ လွှဲပြောင်းလက်ခံ

ရန်ကုန် မေ ၂၅

မန္တလေး မြေငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၅)ကြိမ်မြောက် လှူဒါန်းသည့် အောက်တိန်း (92) ၂၉၄၀ ဒသမ ၀၅၅ တန်၊ ဒီဇယ် ၁၁၉၃၀ ဒသမ ၅၀၅ တန် တင်ဆောင်လာသော MT YU DONG သင်္ဘောသည် မေ ၂၃ ရက် နံနက် ၂ နာရီခွဲက သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် BRIGHTER ENERGY ဆီလှောင်ဆိပ်ကမ်းသို့ လည်းကောင်း၊ (၁၆)ကြိမ်မြောက် လှူဒါန်းသည့် Modular (prefabricated) house အလုံး ၁၁၂၀၊ Offices အလုံး ၁၆၀ တင်ဆောင်လာသော MV.Orient Glory သင်္ဘောသည် ယမန်နေ့ ညနေ ၄ နာရီက သီလဝါ(MITT) ဆိပ်ကမ်းသို့ လည်းကောင်း ရောက်ရှိခဲ့ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻





## အနောက်တောင် မုတ်သုံလေ မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ ဝင်ရောက်

နေပြည်တော် မေ ၂၅

အနောက်တောင် မုတ်သုံလေသည် မေ ၂၅ ရက်တွင် မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

မိုး/ဇလ




၂၀၂၅ ခုနှစ်၊ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့်ရက်များပြပုံ

## ယနေ့ ဖတ်စရာ

မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး၌ ထွန်းမင်းနိုင်နှင့် ရာမာဉ်တို့ ထိုင်းကစားသမားများကို အလဲထိုးဖြင့်နိုင် စာမျက်နှာ » ၁၉

ယနေ့ကမ္ဘာ၏ဖွံ့ဖြိုးမှု စိန်ခေါ်မှုများကျော်လွှားရေး ဝိုင်းဝန်းကြိုးပမ်းပေး ဆောင်းပါး စာမျက်နှာ » ၂၁

ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား ကုန်ရထားဖြတ်သန်းစဉ် မိုင်းပေါက်ကွဲခြင်းကြောင့် ရထားလမ်းချော်ကျမှုဖြစ်ပွား စာမျက်နှာ » ၂၄

အာဆင်နယ်အမျိုးသမီးအသင်း ၁၈ နှစ်တာကာလအတွင်း ပထမဆုံး အမျိုးသမီးချန်ပီယံလိဂ်ဖလား ဆွတ်ခူး စာမျက်နှာ » ၂၆